www.burmeseclassic.com

SHWE ... PUBLISHING HOUSE



BURMESE CLASSIC .com

# ခုးခုး

## မောင်ရေးတဲ့ကဗျာ

cOvEr

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

သားသား စီစဉ်သည်။

စာမူခွင့်ပြုချက်အမှတ်
၅၀၀၀၉၁၀၁၂၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၁၂၂၀၁၂၁၂

ထုတ်ဝေသူ
ဒေါ်ခင်မာရီ(ပန်းဝေဝေစာပေ)
အမှတ် - ၃၆၀၊ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း ၊(၀၉၉၅၈)
၅၈၊ ၄၇(လမ်း) ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၂ ခုနှစ် ၊ ဖေဖော်ဝါရီလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၃၀၀ ကျပ်

နူး [illegible]

(မောင်ရေးတဲ့ကဗျာ) / နူးနူး ၊ ရန်ကုန်၊
ပန်းဝေဝေစာပေ၊ ၂၀၁၁

၁၇၇-စာ၊၁၂.၅၊၁၉.၅စင်တီ။ (၁) မောင်ရေးတဲ့ကဗျာ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

သူမ ကန်ပေါင်ပေါ်သို့ အပြေးလေးတက်လာခဲ့လိုက်သည်နှင့် သူမနှင့်သူထိုင်နေကြ ထိုင်ခုံလေး၏အနီးတွင် သူ ကန်ရေပြင်ကြီးကိုရပ်ကြည့်ရင်း သူမကိုကျောပေးကာ ရပ်နေလေသည်။ ချိန်းထားသည်ထက် ဆယ်မိနစ်ခန့်နောက်ကျပြီးမှ သူမ ရောက်လာခဲ့၏။ သူသည် သူမကိုပြောထားသည့်အတိုင်း အပေါ်မှ အပြာရောင်ရှပ်အင်္ကျီနှင့် စတိုင်ဘောင်းဘီအဖြူရောင်ကို စတိုင်ကျကျဝတ်ဆင်ထားပါ၏။

သူမ ခြေသံဖွဖွနှင့် သူ့အနီးသို့ တိုးကပ်သွားလိုက်ပြီး သူမ၏လက်နှစ်ဖက်စလုံးနှင့် ကျောပေးကာရပ်နေသည့်သူ့ကို သိုင်းဖက်လိုက်ပါတော့၏။

သူမလက်များနှင့် သိုင်းဖက်ခံထားရသည့်အတွက် သူ့ရင်ခုန်လွန်း၍ ကမ္ဘာကြီးပင်တုန်လှုပ်နေသည်ဟု ထင်မှတ်နေမိပါ၏။



"မောင် . . . "

သူမတို့ ချစ်သူဘဝကိုစရောက်ကတည်းက သူ့ကို သူမ **မောင်ဟု** အမြတ်တနိုးခေါ်ဝေါ်ခဲ့ပါသည်။ သို့သော် သူမနှင့်မောင်က **အသက်**အရွယ်တူပါ၏။

"Valentine day မှာ နောက်ကျမိတဲ့အတွက် ဒါကတောင်းပန်တာ"

အချိန်မှန်ရောက်နေသော သူမ မောင်၏လည်တိုင်လေးကို သူမ မမီသော်လည်း ခြေဖျားထောက်ကာ မျက်လုံးစုံမှိတ်ကာ ဖိနမ်းရင်း တောင်းပန်လိုက်၏။ သူ မည်မျှရင်ခုန်နေသည်ကို ဖက်ထားသော လက်ဖဝါး၏အထိအတွေ့ကြောင့် သူမ အတိုင်းသား သိနေရပါ၏။

"နောက်ပြီး ဒါက Valentine present"

သူမပြောပြီး သူ့လည်တိုင်လေးကို ဒုတိယအကြိမ်နမ်းရန် ခြေဖျားထောက်လိုက်ပြီး ပြုံးပျော်နေမည့် မောင့်မျက်နှာကိုကြည့်ကာ နမ်းမည်ဆိုသောအတွေးဖြင့် သူမမျက်လုံးများဖွင့်ပြီး သူ့ကိုကြည့်လိုက်သည့်အခိုက် . . .

"ဟင် . . ."

သူသည် သူမ၏မောင် မဟုတ်ချေ။ သူမ သိလိုက်သည်နှင့် ဖက်ထားသည့်လက်များကို အမြန်ဖယ်လိုက်ပြီး နောက်သို့ ခြေလှမ်းနှစ်လှမ်းခန့် ဆုတ်မိသွားပါ၏။

"ကျွန်တော် တောင်းပန်ရမှာလား မိန်းကလေး ?"

မောင်မဟုတ်သည့်သူက သူမကို မျက်ဝန်းနက်နက်များနှင့်ကြည့်ရင်း မေး၏။ သူမ ရှက်လွန်း၍ ဘာပြန်ပြောရမည်ပင် မသိတော့ချေ။ ကြည့်ပါဦး။ Valentine kiss ကို လူမှားပြီး ပေးမိတယ်လို့။ နောက်ပြီး သူမသည် နှမော်နမဲ့မိန်းကလေးလည်း မဟုတ်ပြန်။

"ကျွန်တော် ငြင်းဖယ်ဖို့အချိန်မရှိလို့ ဒီအတိုင်းငြိမ်နေမိတာနော် ယုံလား ?"

www.burmeseclassic.com

"ဟုတ် . . . ဟုတ်ကဲ့"

သူမ ရှက်လွန်း၍ မျက်နှာပူနေပါတော့၏။

"ဒါပေမဲ့ ကျွန်တော်တောင်းပန်သင့်လား?"

"မ . . . မလိုပါဘူး"

ရှက်လွန်း၍ စကားလုံးများပင် အထစ်ထစ်အငေါ့ငေါ့ဖြစ်နေ၏။ ထူးဆန်းစွာ တိုက်ဆိုင်လွန်းလှသည့်သူ့ကို သူမ ကြည့်ဖြစ်အောင်တော့ ကြည့်လိုက်ပါသေး၏။ သူက ဘယ်လိုကြောင့် မောင်နှင့်ပုံစံတူအဝတ်များကို ဝတ်ဆင်ခဲ့နိုင်သနည်း။ သို့သော် အပြာရောင်ရှပ်အင်္ကျီဝတ်ထားတိုင်း ကိုယ့်ချစ်သူထင်ပြီး နမ်းလိုက်မိသည့် သူမအပြုအမူလွန်သည်ဟု သူမ နားလည်ပါ၏။

"ဟို . . . ကျွန်မရော တောင်းပန်သင့်လား?"

"မလိုပါဘူး။ ဒါပေမဲ့ မင်းရဲ့မောင်ဆိုတဲ့လူကတော့ ဒီနေ့ တော်တော့်ကို ကံကောင်းတဲ့လူဖြစ်မှာပါ"

သူမ ယောင်ရမ်းပြီး ခေါင်းညိတ်လိုက်မိ၏။

"ကန်ရေပြင်ကိုငေးကြည့်နေတုန်း မင်းရောက်လာတာ။ ကိုယ်က တော်တော်ကို အံ့သြမိပေမယ့် . . . ဟို . . ."

"ဟို . . . ရပါတယ်၊ ထားလိုက်ပါတော့။ ကျွန်မလွန်တာပါ"

ရှက်စရာကိစ္စကို အစပြန်ဖော်မည်ကို သူမ မလိုလားပါ။

"မင်းတို့က ဒီမှာချိန်းထားတယ်နဲ့တူတယ်။ မင်းဘက်က သေချာတဲ့အပြုအမူကို ရဲရဲကြီးပြုမူရဲတာ"

"ဟုတ် . . . ။ မနေ့ကတည်းက ဒီမှာချိန်းထားတာပါ"

"ဒါဆို ကိုယ်မနှောင့်ယှက်တော့ပါဘူး။ ကဲ . . . ကိုယ့်ကို ခွင့်ပြုပါဦး"

သူ သူမကိုပြုံးပြရင်း ကန်ပေါင်မှဆင်းသွားလေ၏။ မှားယွင်းသွားသည့် သူမ၏အနမ်းကို ယခုထက်ထိ မျက်လုံးထဲမှမထွက်။ အချိန်ကိုက်၊



နေရာမှန်၊ အဝတ်အစားတူဝတ်ဆင်ခဲ့သည့် သူသည် သူမအတွက် တိုက်ဆိုင်လွန်းနေပါ၏။

သူမ စိတ်ပျက်စွာပင် ထိုင်ခုံလွတ်လေးတွင် ဝင်ထိုင်လိုက်ပါ၏။ ထိုင်ခုံတွင်ဝင်ထိုင်ရင်း ကန်ပေါင်မှဆင်းသွားပြီဖြစ်သော ထိုလူကို သူမ လှည့်ကြည့်ဖြစ်လိုက်ပါသေးသည်။ သူ့နောက်ကျောကိုကြည့်ရင်း သူမ ရှင်ခုန်ရပါ၏။ ထို့အပြင် နမ်းမိသည့် သူမအပြုအမူအတွက်လည်း ရှက်မိပါသေး၏။

"မုန် . . . ဘာတွေ အဲ့လောက်တောင်ငေးနေတာလဲ?"

သူမ ရှေ့တည့်တည့်မှ ကြားလိုက်ရသောအသံကြောင့် ထိုလူ့ကို ငေးကြည့်နေသော သူမအကြည့်များကို သူမ အရှေ့သို့ ပြန်လွှဲကြည့်လိုက်စဉ် မောင်က သူမအရှေ့တွင်ရပ်နေ၏။

"မောင် . . ."

သူမ၏ မှားယွင်းသောအပြုအမူကြောင့် မောင့်ကိုတွေ့တော့ အားနာသလိုလို ခံစားရ၏။

"sorry ပါ မုန်ရယ်။ မောင်နောက်ကျသွားတယ်"

မောင်က ပကတိဖြူစင်ခြင်းသက်သက်ဖြင့်ပြောရင်း သူမဘေးတွင် ဝင်ထိုင်လိုက်ပါသည်။

"ပြော . . . မုန်ဘာဖြစ်ချင်လဲ?။ မောင် ဘာလုပ်ပေးရမလဲ?"

မောင်က သူမကို စေ့စေ့ငေးကြည့်ရင်း မေးရှာ၏။

သူမတို့ချစ်သူသက်တမ်းတွင် ယနေ့ မောင့်ကို သူမ ပထမဦးဆုံး အနမ်းပေးမည်ဟူသောအတွေးဖြင့် အိမ်မှထွက်လာခြင်းဖြစ်ပါသည်။ သို့သော် ချစ်သူသက်တမ်း၏ ပထမဦးဆုံးအနမ်းကို သူမ မောင့်ကိုမပေးမိလိုက်ချေ။

"မောင် . . . ဒီနေ့ . . ."



www.burmeseclassic.com

www.burmeseclassic.com

သူမ ဖုံးကွယ်မှုတွင်မယဉ်ပါးသောကြောင့် အမှန်အတိုင်း မောင့်ကိုဝန်ခံရန် ဆုံးဖြတ်လိုက်ပါသည်။ သို့မှသာ လေးလံနေသောသူမစိတ်အစုံက ပြန်လည်ပေါ့ပါးသွားနိုင်ပါ၏။

"ဒီနေ့ဘာဖြစ်လဲ မှန်?"

မောင်က သူမကို စေ့စေ့ငေးကြည့်ရင်းမေး၏။

"ဒီနေ့ မှန် အိမ်ကထွက်လာတုန်းက မှန့်ချစ်သူ သင်္ကေတဆိုတဲ့ ဟော့ဒီကမောင့်အတွက် လက်ဆောင်တစ်ခုပေးဖို့ စဉ်းစားလာခဲ့တယ်"

"အင်း . . . ပြောလေမှန်"

"ဒါပေမဲ့ . . . အဲ့ဒီလက်ဆောင်က မောင့်ကိုမပေးဖြစ်လိုက်ဘူး"

"ဩော် . . ."

မောင် ငေးငေးလေးဖြစ်သွား၏။

"မှန် ဒီကိုလာတော့ မောင့်လိုပဲ တစ်ပုံစံတည်းဝတ်စားထားတဲ့ လူတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတယ်။ သူက မှန့်ကို ကျောပေးပြီးရပ်နေတာ"

ပြောရင်းနှင့် သူမ အပြုအမူကြီးတစ်ခုလုံးကို မျက်လုံးထဲတွင် တစ်ဖန် အသက်ဝင်လာပြန်လေ၏။

"မှန် သေသေချာချာမစူးစမ်းဘဲနဲ့ အဲ့ဒီလူကို မောင့်ကိုပေးမယ့်လက်ဆောင် ပေးလိုက်မိတယ် မောင်"

"ပြောလေ . . ."

မောင့်အသံများ သိသိသာသာ လေးလံနေ၏။

"မှန် သူ့ကို ဘာလက်ဆောင်ပေးလိုက်မိတယ်ထင်လဲ?"

"မှန်ပြောလေ။ မှန်ပြောမှ မောင်သိရမှာပေါ့"

"မှန် သူ့ကိုနမ်းလိုက်မိတယ် မောင်"

မောင့်မျက်ဝန်းတစ်စုံက သိသာစွာ ငိုင်စင်းသွား၏။ ထို့နောက် ဖျော့ဖျော့ပြုံးလိုက်ပါ၏။



"မောင် . . . မှန် အရမ်းမှားသွားခဲ့တယ်နော်"

မောင် လက်ဖဝါးတစ်ဖက်နှင့် သူမခေါင်းကိုပွတ်သပ်ပေးရင်း . .

"မမှားပါဘူး . . . မှန်ရယ်။ မှန်ကရည်ရွယ်ထားတာ မောင့်ကိုလေ။ မောင်နားလည်ပါတယ်"

"ဒါပေမဲ့ . . ."

"ဟင့်အင်း . . . အဲ့ဒါ မှန် မမှားဘူး။ တကယ်လို့ တစ်ယောက်ယောက်ကို အပြစ်ဖို့ရမယ်ဆိုရင်တောင် အဲ့ဒီအပြစ်ကိုခံသင့်တဲ့လူက မောင်ပါကွာ။ မောင်သာ ဒီကန်ပေါင်ပေါ်ကို ဒီ့ထက်နည်းနည်းစောရောက်ခဲ့မယ်ဆိုရင် မှန့်ရဲ့လက်ဆောင်ကို မောင်ပဲရမှာပေါ့။ မဟုတ်ဘူးလား?"

မောင်ပြောရင်း မျက်ရည်ဝဲနေ၏။ မောင်က သူမကို သနားနေခြင်းပင်။

"မောင် နောက်ကျပြီးရောက်လာလို့ မောင့်ရဲ့မှန်က နောက်တစ်ယောက်ကို နမ်းလိုက်မိတဲ့အတွက် မောင် မှန့်ကိုသနားလိုက်တာကွာ"

မောင် လက်ဖဝါးတစ်ဖက်နှင့် သူမ၏လက်ကလေးကို ယုယစွာ ကိုင်လိုက်ပါသည်။

"ကဲ . . . အဲ့ဒါကို ခေါင်းထဲက ထုတ်လိုက်တော့နော်။ အခု မောင်တို့ ဘာဆက်လုပ်မယ်ဆိုတာကိုပဲ တွေးတော့"

"မှန် စဉ်းစားလို့မရသေးဘူးမောင်"

"ဒီမှာ ဆက်ထိုင်ကြမလား?"

"မှန် ဒီနေရာကြီးကို မနှစ်သက်တော့ဘူးမောင်"

"ဒါဆို မောင်တို့ နောက်တစ်နေရာကို သွားကြတာပေါ့။ လာ"

မောင်ထရပ်ရင်း သူမကို လက်လေးကိုပါ ဆွဲထူလိုက်ပါသည်။ ထို့နောက် သူမနှင့်မောင်တို့ ထိုနေရာမှ ထွက်ခဲ့ကြပါတော့သည်။ ခပ်



www.burmeseclassic.com

www.burmeseclassic.com

လှမ်းလှမ်းသို့ရောက်သော် သူမ ထိုနေရာလေးကို လှည့်ကြည့်ဖြစ်အောင် လှည့်ကြည့်လိုက်မိ၏။ သူမနမ်းလိုက်သည့်လူ၏မျက်နှာက သူမအာရုံထဲ ကွက်ခနဲပေါ်လာပါ၏။ ထိုခဏလေးအတွင်းမှာ သူမ ရင်ခုန်သွားရပါ၏။

သူမ သူ့ကို ပထမဦးဆုံးတွေ့ပြီး ပထမဦးဆုံး ရင်ခုန်ရပါ၏။ သို့သော် သူမ၏မှားယွင်းသော အပြုအမူကြောင့်ပင် ရင်ခုန်နေရပါသည်ဟု သူမ ထိုရင်ခုန်သံများကို ကင်ပွန်းတပ်ခဲ့မိပါတော့သည်။



"မောင် . . . အခု အလုပ်ရှုပ်နေလား?"

တိုင်ပင်စရာရှိသောကြောင့် ကော်ဖီဆိုင်အပြင်မှ PCO ဖုန်းနှင့် မောင့် သူမခေါ်ပြီး ကော်ဖီဆိုင်ထဲတွင် ဝင်စောင့်နေလိုက်ပါသည်။

သို့သော် ရောက်လာသောမောင့်ပုံစံမှာ လွန်စွာ အလျင်လိုနေ၏။

"ဟုတ်တယ် မှန်။ အခု မောင် အလုပ်နည်းနည်းရှုပ်နေတယ်။ ဒါပေမဲ့ မှန်ပြောပါ။ မောင် မှန့်အတွက် အချိန်ပေးနိုင်ရမှာပေါ့"

မောင့်စကားလုံးလေးတွေအတွက် သူမ ကျေနပ်စွာပြုံးလိုက်ရပါ မောင်သည် သူမအပေါ်တွင် ဘယ်သောအခါမှ အနိုင်မယူတတ် ထို့အပြင် သူမ တစ်ခုခုမကျေမနပ်ဖြစ်တိုင်းလည်း သူမကို အပြုံး ဖျော့နှင့်သာ တောင်းပန်တတ်ပါ၏။

"မှန် အလုပ်တစ်ခု သွားလျှောက်ထားတာလေ"

"အင်း . . . မောင့်ကို မှန်ပြောဖူးတယ်လေ"

သူမ ဘာပဲလုပ်လုပ် မောင့်ကိုတိုင်ပင်တတ်ပါ၏။

"ဟုတ်တယ်။ အခု အဲ့ဒီအလုပ်က Interview ဖို့ မှန့်ကိုလှမ်းပြီး ဆက်သွယ်တယ် မောင်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုကောင်းတာပေါ့။ မှန် Interview အတွက် ပြင်ဆင်ပြီးပြီလား?"

"ပြင်ဆင်ပြီးသွားပြီ မောင်"

"Interview အတွက် ဘယ်ကိုသွားရမှာလဲ?"

"ပထမတစ်ခါ Application Form သွားတင်တဲ့ Company ကိုပဲသွားရမှာ"

မောင် ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရှာ၏။

"ဘယ်တော့သွားရမှာလဲ မှန်"

"မနက်ဖြန်"

"မောင် လိုက်ပို့ပေးမယ်လေ"

"ရတယ် မောင်။ မှန့်ဘာသာသွားလိုက်မယ်။ ဒါပေမဲ့ မောင်လာကြိုပေးမလား"

"လာကြိုပေးရမှာပေါ့"

"မောင် အလုပ်အားပါ့မလား?"

"မောင် အလုပ်မအားရင်လည်း ရအောင်လာကြိုပါ့မယ် မှန်ရယ်"

မောင့်စကားလုံး နူးနူးညံ့ညံ့လေးတွေက သူမကို အမြဲတစေလို ရစ်ပတ်နှောင်တွယ်စေပါ၏။

"Interview က ဘယ်တော့လောက်ပြီးမှာလဲ?"

"အဲ့ဒါ မှန် သေသေချာချာမသိဘူးမောင်"

"ဒါဆို Interview ပြီးသွားရင် မောင့်ဆီ ဖုန်းဆက်လိုက်လေ။ မောင်လာကြိုမယ်"

"အင်း . . . မှန် ဖုန်းဆက်လိုက်မယ်လေ"

"မှန် . . . ကော်ဖီပဲမှာထားတာလား။ စားဖို့ တစ်ခုခုမှာဦးလေ"

တကယ်တော့ မောင် လွန်စွာအလုပ်များနေမှန်း သူမ သိပါ၏။ သူမကို ကော်ဖီဆိုင်တွင်ထားပြီး မောင် ထမသွားရက်သောကြောင့် မုန့်တစ်ခုခုစားရန် ပြောခြင်းဖြစ်ပါ၏။



"မောင် အလုပ်များနေတယ်ဆို ပြန်တော့လေ"

"ဒါပေမဲ့ မှန်က ဒီမှာတစ်ယောက်တည်း . . ."

သူမထင်သည့်အတိုင်းပင်။ မောင်က သူမကို စိတ်မချဖြစ်နေ၏။

"ရပါတယ် မောင်ရယ်။ မှန် ကော်ဖီလက်စသတ်ပြီးရင် ပြန်တော့မှာပါ။ မောင် စိတ်ချလက်ချသာသွားပါ"

"ဒါပေမဲ့ . . ."

"ဒါပေမမဲ့နဲ့ မောင်။ မောင်အလုပ်များနေတယ်ဆိုတာ မှန်သိတယ်"

မောင် သူမကိုသနားသလိုနှင့် ငေးငေးလေးကြည့်နေသေး၏။

"ကဲပါ . . . မောင်ရယ်၊ အလုပ်တွေ နှောင့်နှေးကုန်ပါ့မယ်။ သွားတော့နော်။ နောက်ပြီး . . . မောင်အခုလို အလုပ်ကြိုးစားနေတာ မှန်နဲ့ နီးဖို့ပဲမဟုတ်လား။ မှန် နားလည်တတ်ရမှာပေါ့"

သူမ မောင့်လက်ဖဝါးလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ရင်း ပြောလိုက်၏။ မောင် မတတ်သာသည့်အဆုံး ခေါင်းညိတ်လိုက်ပါသည်။

"အင်း . . . ဒါဆို မောင်သွားတော့မယ်။ ညနေ မှန့်အဆောင်ကို လာလည်မယ်နော်"

"လာလည်ပေါ့ မောင်ရယ်။ မေးဖို့လိုသေးလား?။ ကဲ . . . ပြန်တော့မောင်"

မောင် သူမကို တစ်ချက်စိုက်ကြည့်ကာ ကျောခိုင်းပြီး ကော်ဖီဆိုင်ထဲမှ ထွက်သွားပါတော့သည်။ သူမ မောင့်ကျောပြင်ကိုငေးကြည့်ရင်း ကော်ဖီဆိုင်ထဲတွင် ကျန်ရစ်ခဲ့ပါ၏။ မောင့်ကျောပြင်ကိုငေးရင်းနှင့် မဆီမဆိုင် သူမ Valentine day တွင် နမ်းခဲ့ဖူးသည့်လူကို ဖျတ်ခနဲ သတိရလိုက်မိပါ၏။ ထိုသတိရမှုအတွက် သူမကိုယ်သူမ အံ့ဩရပါသေး၏။

www.burmeseclassic.com

www.burmeseclassic.com

သူမ Interview ရာတွင် လုံး၀အဆင်မပြေချေ။ Company ဘက်မှ တောင်းဆိုသည့်အချက်များကို သူမဘက်မှ မဖြည့်ဆည်းပေးနိုင်ပါ။ ဥပမာ – အလုပ်ဆင်းနောက်ကျသည့်နေ့တွင် ညဥ့်နက်နိုင်သည်တဲ့။ ထို့ကြောင့် သူမ မည်သို့မျှ အဆင်မပြေချေ။

သူမသည် မိန်းမကောင်းတစ်ယောက်ဖြစ်သည့်အထိုက်အလျောက် ညဖက်အပြင်ထွက်ရသည်ကို လွန်စွာရှုံမုန်းတတ်ပါ၏။ ထို့အပြင် သူမ ကဲ့သို့ မိဘမဲ့မိန်းကလေးတစ်ယောက်အနေနှင့် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်လွန်းကာမှ တော်ရာကျနိုင်ပါ၏။

စိတ်ပျက်လွန်းစွာဖြင့် သူမ Company အရှေ့တွင် မောင့်ကိုစောင့်နေမိပါသည်။ သူမကိုလာကြိုမည်ဟု မောင်ပြောထားသောကြောင့်ပင်။

သို့သော် သူမစောင့်နေသည်မှာ မိနစ်သုံးဆယ်ခန့်ကြာပေပြီ မောင်ရောက်မလာသေး။ အလုပ်များတတ်သောမောင့်ကို သူမ နားလည်ပေးနိုင်သောကြောင့် စိတ်ရှည်ရှည်နှင့်ပင် မောင့်ကိုစောင့်နေလိုက်ပါသည်။

"မင်း . . ."



ခြေတစ်စုံ သူမရှေ့သို့ရောက်လာပြီး သူမကိုလက်ညှိုးထိုးကာ ဆေးကြည့်နေသည့် လူတစ်ယောက်။

"ဩော် . . . ဟို . . . ရှင် . . ."

သူမ အံ့ဩလွန်းစွာဖြင့် သူ့ကို လက်ညှိုးပြန်ထိုးလိုက်မိပါ၏။ သူမ ချက်ချင်းပင် သူ့ကိုမှတ်မိလိုက်၏။ တကယ်ပင် မြင်မြင်ချင်း ပြန်မှတ်မိလိုက်ပါ၏။

"ဟုတ်တယ်။ Valentine day က လူလေ . . ."

"ဟုတ် . . . ကျွန်မ မှတ်မိပါတယ်"

မျက်နှာပူလွန်း၍ ခေါင်းငုံ့ရင်း သူမ ဖြေလိုက်မိပါသည်။

"မင်း ဒီမှာဘာရပ်လုပ်နေတာလဲ?"

ထိုလူက သူမ မထင်မှတ်ထားစွာ စပ်စုနေ၏။

"ကျွန်မအသိကို စောင့်နေတာပါ"

"မင်းကောင်လေးကိုလား?"

"ရှင်က ပွင့်လင်းလိုက်တာ"

သူမ သူ့ကိုမော့ကြည့်ရင်း ပြောလိုက်တော့ သူက ဟက်ခနဲပြုံးလိုက်၏။

"ကိုယ့်နာမည် ထက်ဝန်းကျင်ပါ"

သူက လက်ချင်းနှုတ်ဆက်ရန် လက်တစ်ဖက်လှမ်းရင်း နာမည်ပြောလေ၏။

"ကျွန်မနာမည် ရတီမှန်ပါ"

သူမ သူ့လက်ကို ပြန်မကိုင်ပါ။ မြန်မာမိန်းကလေးများအတိုင်း ခေါင်းဆတ်ပြရင်း ပြန်နှုတ်ဆက်လိုက်သော် သူက သူ့လက်ကိုကြည့်ပြီး ပြုံး၏။

"ဟုတ်သားပဲ။ မင်းက မိန်းကလေးဆိုတော့ ကိုယ်တို့ လက်ဆွဲနှုတ်ဆက်ဖို့ မလိုဘူးပေါ့နော်"

သူမ ခေါင်းညိတ်ပြလိုက်၏။

www.burmeseclassic.com

"ဟိုတစ်နေ့ကကိစ္စကို ကိုယ် ပြန်တွေးမိတယ်။ အဲ့ဒါ ကိုယ်လွန်လားဆိုပြီးတော့ . . ."

"ဟို . . . ပြန်ပြီး အစမဖော်ပါနဲ့လား။ ကျွန်မလွန်တာပါ"

"မင်း . . . ရှက်ရှက်နဲ့ ဝန်မခံနဲ့။ တကယ်က ကိုယ်လွန်တာ။ မင်းကိုယ့်ကိုဖက်လိုက်တဲ့အချိန်ကတည်းက ကိုယ်သတိရှိရှိနဲ့ ဖယ်လိုက်သင့်တာ"

"သတိရှိရှိနဲ့၊ ဟုတ်လား?"

သူ့စကားကို သူမအံ့ဩရပြန်၏။ သေချာသည်က သူမ လတ်တလော ရင်တွေ အရမ်းခုန်နေ၏။

"ဟုတ်တယ်လေ။ သတိရှိရင် ကိုယ်ရှောင်လိုက်သင့်တာပါ။ ဒါပေမဲ့ ကိုယ်လည်း သတိလက်လွတ် ငြိမ်နေမိတယ်"

"ရှင်?"

သူမ မျက်လုံးအဝိုင်းသားနှင့် သူ့ကို ငေးကြည့်လိုက်မိပါသည်။ သူကတော့ ပြုံးနေ၏။

"ဟုတ်တယ်။ အဲ့ဒါကိုပြန်တွေးမိတိုင်း မင်းကို တောင်းပန်သင့်တယ်လို့ ထင်မိတယ်။ မင်းနဲ့ နောက်တစ်ခါပြန်တွေ့ရင် တောင်းပန်မယ်ပေါ့"

သူမ တကယ်ပင် ရှက်နေမိတော့၏။

"မင်းကိုတောင်းပန်တဲ့အနေနဲ့ ကော်ဖီတိုက်ပါရစေလား?"

သူ့ဖိတ်ခေါ်ခြင်းကို သူမ မငြင်းချင်ပါ။ အလုပ်နှင့်လွဲရသောကြောင့် သူမစိတ်ညစ်နေမိခြင်းကို သူနှင့်စကားပြောရင်း ဖြေဖျောက်ချင်ပါ၏။ သို့သော် သူ့ဖိတ်ခေါ်ခြင်းကို လက်မခံသင့်။ နှစ်ခါပဲတွေ့ဖူးတဲ့ လူတစ်ယောက်၏ဖိတ်ခေါ်မှုကို သူမလက်ခံလိုက်လျှင် သူမချစ်သူ မောင့်အပေါ်တွင် သစ္စာစောင့်သိမှု လျော့နည်းရာကျ၏။

"ကျွန်မ လတ်တလော ကော်ဖီမသောက်ချင်သေးဘူး ကိုထက်ဝန်းကျင်"



"ဒါဆို အအေးဆိုရင်ရော???"

"ဟင့်အင်း . . . အအေးလည်း မသောက်ချင်ဘူး"

"ဒါဆို မင်းသောက်ချင်တာ၊ စားချင်တာတစ်ခုခု လိုက်ကျွေးချင်တယ်ဆိုရင်ရော?"

"ကျွန်မငြင်းမှာပါပဲ ကိုထက်ဝန်းကျင်"

"ဘာဖြစ်လို့လဲ?။ မင်းရဲ့ကောင်လေးကြောင့်လား?"

သူက အတော်ပင်ဖွဲ့ရှိသူတစ်ယောက်ဟု သူမ ကောက်ချက်ချလိုက်မိပါ၏။

"ဟုတ်တယ်။ ကျွန်မမှာချစ်သူရှိတယ် ကိုထက်ဝန်းကျင်"

"အဲ့ဒါ ကိုယ်သိတယ်လေ။ အခု မင်းချစ်သူကို မုန်းခိုင်းနေတာမှ မဟုတ်တာ။ မင်းကို ကော်ဖီသောက်ဖိတ်နေတာလေ"

"ကျွန်မ ကိုထက်ဝန်းကျင်နဲ့ ကော်ဖီလိုက်သောက်ရမှာ စိတ်ထဲမလုံဘူး။ နောက်ပြီး ဒီကို ကျွန်မချစ်သူ မကြာခင်ရောက်လာမှာပါ"

သူ မျက်ခုံးလေးမြင့်ကာ သက်ပြင်းချလိုက်လေ၏။

"ကိုယ် . . . လက်လျော့ရတော့မှာလား ရတီမှန်?"

သူမ သူ့ထံမှ မျက်လုံးလွှဲလိုက်မိပါ၏။

"ကိုယ်က တောင်းပန်တဲ့အနေနဲ့ ကော်ဖီတိုက်ချင်တာပါ။ ဒီ့ထက် ဘာမှမပိုပါဘူး"

"ကျွန်မ နားလည်ပါတယ်"

"အင်းလေ . . . ဒါဆိုလည်း ကိုယ့်ကိုခွင့်ပြုပါဦး။ နောက်တစ်ခါကျရင်တော့ ကော်ဖီလိုက်သောက်နိုင်ဖို့ မင်းကိုယ်မင်း ပြင်ဆင်ထားလိုက်ပါကွာ။ ဟုတ်ပြီလား?"

ရီဝေဝေမျက်လုံးလေးနှင့် သူနှုတ်ဆက်ရင်း သူမကို ကျောခိုင်းထွက်သွားလေသည်။ သူ့ကျောပြင်ကို သူမငေးကြည့်ရင်း သူ့ဖိတ်ခေါ်မှုကို ငြင်းလိုက်မိသည့်အတွက် နောင်တလိုလိုအရာကြီးက သူမရင်ထဲတိုးဝင်



www.burmeseclassic.com

www.burmeseclassic.com

လာ၏။ ထိုစဉ်မှာပဲ သူက သူမကို ဖျတ်ခနဲလှည့်ကြည့်လိုက်၏။ သူမ အကြည့်နှင့် သူ့အကြည့် ထိပ်တိုက်ပင်ဆုံလေတော့ သူမရင်ထဲ လိုက်ခနဲဖြစ်ပြီး မျက်လွှာချလိုက်ရ၏။ သူမကိုကြည့်ကာ သူပြုံးပြီး ခြေလှမ်းများကို နောက်ပြန်လှည့်ရင်း သူမထံသို့ ပြန်လာလေသည်။

"ကိုယ့်ဖိတ်ခေါ်မှုကို ငြင်းလိုက်တဲ့အတွက် ကိုယ်သိချင်တာလေး တစ်ခုကိုတော့ မေးပါရစေလား ရတီမှန်"

အရစ်ရှည်နေသောသူ့ကို သူမငေးကြည့်လိုက်မိ၏။

"မင်း ဒီကို ဘာလာလုပ်တာလဲ?"

"ကျွန်မ အလုပ်လာလျှောက်တာပါ"

"အလုပ်ရခဲ့လား?"

"မရခဲ့ဘူး"

"ဒါဆို မင်း အခု စိတ်ညစ်နေတာပေါ့?"

သူမ သက်ပြင်းချလိုက်မိပါ၏။

"မင်းကို ကိုယ်တစ်ခုကူညီနိုင်တယ်။ အဲ့ဒါက ကိုယ့်အသိ Company တစ်ခုမှာ အခု လူလိုနေတယ်။ အဲ့ဒါ မင်းသွားလျှောက်ကြည့်ပါလား?"

"ကျွန်မ သူများအကူအညီမယူတတ်ဘူး ကိုထက်ဝန်းကျင်"

သူမငြင်းတော့ သူကပြုံးပြီး သူ့ကားအနားသို့လျှောက်သွားကာ ဂျာနယ်တစ်ခုကိုယူပြီး သူမထံသို့ ပြန်လာပေးပြန်၏။

"အကူအညီမလိုချင်ဘူးဆိုလည်း ဒီဂျာနယ်ကို မင်းဝယ်ဖတ်ကြည့်။ အလုပ်ခေါ်ကြော်ငြာပါတယ်"

သူမ အလုပ်လိုနေသူတစ်ယောက်ပီပီ သူပြသောဂျာနယ်နာမည်ကို သေချာဖတ်လိုက်မိပါ၏။

"နောက်ပြီး ကိုယ့်ကိုသူက ဒီဂျာနယ်ကို အတင်းပေးလို့သာ ယူလာရတာ။ အခု လွှင့်ပစ်တော့မှာ။ မင်းဖတ်ချင်ရင် ယူလိုက်။ ဖတ်ပြီးရင် လွှင့်ပစ်လိုက်"



သူမကို ဂျာနယ်လေးကမ်းပေး၏။

"အဲ့ဒီအတွက် မင်းချစ်သူကတော့ မင်းကို ဆူမယ်မထင်ပါဘူးကွာ။ ဟုတ်တယ်မှတ်လား?။ မင်းမယူချင်ဘူးဆိုလည်း ကိုယ်ကတော့ လွှင့်ပစ်မှာပဲ"

သူပေးသည့်ဂျာနယ်ကို သူမ လက်ခံလိုက်သင့်သည်လား။

"ယူလိုက်ပါကွာ စဉ်းစားမနေပါနဲ့။ ကိုယ်လွှင့်ပစ်မယ့်ဂျာနယ်ကို မင်းက အလုပ်ရှုပ်ခံပြီး လွှင့်ပစ်ပေးတယ်ပေါ့ကွာ။ မဟုတ်ဘူးလား?"

သူမ ဂျာနယ်တစ်စောင်ဖိုးထပ်မကုန်ဘဲ အလုပ်လျှောက်ကြော်ငြာ ဖတ်နိုင်မည့်အခွင့်အရေးကို လက်လွှတ်မခံသင့်ဟု စဉ်းစားလိုက်မိပါသည်။

"အင်း . . . ကျွန်မ ဒီဂျာနယ်ကို လွှင့်ပစ်ပေးမယ်"

သူမလက်ထဲသို့ သူ ဂျာနယ်ထည့်လိုက်ပါသည်။

"မင်း ငါ့ကို အလုပ်တစ်ခုလုပ်ပေးလို့ မင်းအပေါ်မှာ ငါအကြွေး တင်သွားပြန်ပြီ ရတီမှန်"

"ရပါတယ်"

"မရပါဘူး။ ဒီတော့ ငါမင်းကို အကြွေးဆပ်ရဦးမယ်နော်။ အဲ့ဒါ မင်းမှတ်ထား"

ပြောပြောဆိုဆိုနှင့် သူမကိုကျောခိုင်းပြီး သူထွက်သွားပြန်၏။ သူမ သူ့နောက်ကျောကိုကြည့်ပြီး ကျန်ရစ်ခဲ့ပါ၏။ သို့သော် သူမ သတိထားပြီး အကြည့်လွှဲလိုက်ရ၏။ သို့မဟုတ် သူလှည့်ကြည့်လျှင် သူမနှင့် မျက်နှာချင်းဆိုင်မိမည် စိုးရိမ်သောကြောင့်ပင်ဖြစ်ပါသည်။

သူမ မောင့်ကိုဆက်စောင့်နေလိုက်ပါသည်။ အတန်ကြာစောင့်ပြီးသည့်တိုင် မောင်ရောက်မလာသောကြောင့် သူမ မောင့်ထံသို့ ဖုန်းဆက်လိုက်ပါသည်။

"မောင် . . ."



www.burmeseclassic.com

www.burmeseclassic.com

"မွန် . . . မောင်မလာနိုင်တော့ဘူး။ မောင်လေ ဒီမှာ အလုပ်တွေ အရမ်းများနေတယ် မွန်ရယ်"

မောင့်စကားသံက သနားစရာလေးပင်။ အောက်ကျို့လေသံနှင့်ပြော လိုက်သောမောင့်ကို သူမ စိတ်ဆိုးချင်သော်လည်း စိတ်ဆိုးမှုကိုမဖော် ပြချင်တော့။ သက်ပြင်းသာ ချလိုက်မိပါတော့သည်။

"ဒါဆို မွန် ဆက်စောင့်နေရမှာလားမောင်?။ ဒါမှမဟုတ် မွန် ပြန် လိုက်ရတော့မလား?"

"မွန်ရယ် မောင်ဘယ်လိုပြောရမလဲ?။ မောင် မွန့်ကို တောင်းပန် ချင်တာပဲသိတယ်"

"မတောင်းပန်ပါနဲ့တော့ မောင်ရယ်။ မွန်ပြန်လိုက်တော့မယ်။ ဟုတ် ပြီလား"

မောင့်ဘက်မှ အသံတိတ်နေ၏။

"ညနေကျရင် အန်တီ့ဆီကို မွန် လာခဲ့ဦးမယ်မောင်"

"မောင်စောင့်နေပါ့မယ်"

"အန်တီ အခုတလော သက်သာတယ်မဟုတ်လား?"

"သက်သာတယ် မွန်"

သူမ ဖုန်းချလိုက်ပြီး သက်ပြင်းချလိုက်မိပါ၏။ သူမပြန်ရန် ကား ဂိတ်ဘက်သို့ လျှောက်လှမ်းခဲ့ပါတော့သည်။ ထိုစဉ် ထက်ဝန်းကျင်သည် သူမကိုစောင့်ကြည့်နေကြောင်း သူမတွေ့လိုက်ရပါသည်။

ထက်ဝန်းကျင်က သူ့ကားအနားမှ သူမဖြတ်လျှောက်သွားစဉ် သူမ ကိုပြုံးပြရင်း နှုတ်ဆက်သည်ကို သူမ ခေါင်းတစ်ချက်ဆတ်ကာ တုံ့ပြန် လိုက်ပါသည်။ ထို့နောက် သူမ လိုင်းကားနှင့်ပင် အိမ်သို့ပြန်ခဲ့ပါသည်။



သူမသည် မိဘမဲ့တစ်ကောင်ကြွက်ပင်။ သူမ ပထမ၊ ဒုတိယနှစ်ဖြင့် ကျောင်းကိုဆက်မတက်ဘဲ အလုပ်လုပ်နေခြင်းဖြစ်ပါသည်။ ကျောင်းစရိတ် အတွက် သူမတစ်ယောက်တည်းရှာဖွေရသည်မှာ အဆင်မပြေနိုင်သော ကြောင့်ပင်။

လွန်ခဲ့သောသုံးနှစ်က သူမနှင့်သက်ေတတို့ တွေ့ခဲ့ကြပါသည်။ သက်ေတသည်လည်း သူမကဲ့သို့ ဘဝကို ရုန်းကန်နေရသူတစ်ယောက် ဖြစ်ပါသည်။ သို့သော် သက်ေတွင် မိခင်ရှိပါ၏။

ထိုမိခင်သည် ကျန်းမာရေး အလွန်ချို့တဲ့သောကြောင့် သူမတို့ချစ်သူ သက်တမ်း သုံးနှစ်ဖြစ်နေသော်လည်း လက်ထပ်ဖို့ကို အနည်းငယ်မျှ မစဉ်း စားမိကြခြင်းဖြစ်ပါသည်။ ထို့အပြင် သက်ေတဖက်မှလည်း သူမကို တစ် ခါမူးမျှ လက်ထပ်ဖို့မပြောဖူးပါချေ။



www.burmeseclassic.com

www.burmeseclassic.com

"မနေ့ကထပ်တွေ့တော့ သူက ကော်ဖီသောက်ဖို့ ဖိတ်တယ်မောင်"

သူမ သူနှင့်တွေ့ခဲ့ကြောင်းကို မဖုံးကွယ်ထားချင်ပါ။ ဖုံးကွယ်မှုကိုလည်း သူမ မယဉ်ပါ။ ထို့ကြောင့် မောင့်ကို အမှန်အတိုင်း သူမ ပြောပြနေခြင်းဖြစ်ပါ၏။

"မှန်ငြင်းလိုက်တယ် မဟုတ်လား?"

"မောင် ဘယ်လိုလုပ်သိလဲ?"

"မောင်က မှန့်ကိုယ်ကျင့်တရားကို ယုံတယ်လေ"

"ဟုတ်တယ်။ မှန်ငြင်းလိုက်တယ်မောင်"

မောင်သည် သူမနှင့်သူတွေ့ခဲ့ကြောင်း ပြောပြသော်လည်း မည်သို့မျှ မတုန်လှုပ်။ ဖျော့တော့သောမျက်ဝန်းများနှင့်သာ သူမကိုငေးကြည့်ရင်း နားထောင်ပေးပါ၏။

"နောက်ပြီး သူက အလုပ်လျှောက်မယ့်ကြော်ငြာပါတဲ့ ဂျာနယ်တစ်ခု မှန့်ကိုပေးခဲ့တယ်။ မှန် လက်ခံလိုက်တယ်မောင်"

"အင်း"



"အခု အဲဒီဂျာနယ်ထဲမှာပါတဲ့ ကြော်ငြာက Company မှာ မှန် အလုပ်လျှောက်သင့်လား မောင်?"

မောင်က သူမကိုငေးကြည့်နေရင်း သက်ပြင်းချ၏။

"မှန့်အတွက် အလုပ်တစ်ခုခုရဖို့က အရမ်းအရေးကြီးနေတာပဲ။ မှန် လျှောက်သင့်ပါတယ်"

"မောင့်က ခွင့်ပြုတာလား?"

"မှန် လျှောက်ချင်တယ်မဟုတ်လား?"

"ဟုတ်တယ်။ မှန် အလုပ်ရမှဖြစ်မှာလေ"

"အင်း . . . ဒါဆို မှန်လျှောက်လိုက်ပါ"

မောင်က သူမကို မည်သို့မျှပင် မကန့်ကွက်။ အေးဆေးစွာခွင့်ပေး

"မှန် ဝန်ခံစရာရှိသေးတယ် မောင်"

"ပြောလေ"

"မှန် သူ့ကိုတွေ့ရင် ရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားတယ်"

"ဘယ်လိုခံစားချက်လဲ?။ မှန်သေချာသိလား?"

"ဟင့်အင်း . . . မှန် သေချာမသိပါဘူး။ ဒါပေမဲ့ မှန် အဲဒီအချိန်မှာ ရင်ခုန်နေတယ်"

မောင်က သူမကို ငေးငေးလေးကြည့်လိုက်၏။ မောင့်အကြည့်များ သူမကိုစိုးရိမ်သည့်အရိပ်အယောင် ပါနေပါသည်။ သို့သော် မောင့် မှ မည်သည့်စကားတစ်ခွန်းမျှ ထွက်မလာချေ။

"မောင် မှန့်ကို မစိုးရိမ်ဘူးလား?"

"မစိုးရိမ်ပါဘူး မှန်။ မောင်က မှန့်ကိုယုံတယ်"

"ကိုယ်ကလွဲပြီး ကိုယ့်ဒူးတောင် မယုံရဘူးဆို?"

"မောင်က မောင့်ကိုယ်မောင့်ထက် မှန့်ကိုပိုယုံတယ်"

မောင့်စကားများက ဒီတစ်ခါတော့ ပြတ်သားလွန်းနေပြန်သေး၏။

www.burmeseclassic.com

www.burmeseclassic.com

"မှန် . . . ဘာမှမစဉ်းစားဘဲနဲ့ အဲ့ဒီအလုပ်ကိုသာ လျှောက်လိုက်ပါ ကွာနော်။ နောက်ပြီး မှန် သူ့အရှေ့မှာ ရင်ခုန်တယ်ဆိုတာလည်း မှန်ရှက်နေလို့ပါ။ နောက်ပြီး မှန်တစ်ခါဖူးမှမလုပ်ဖူးတဲ့ အပြုအမူ မျိုး သူ့အပေါ်မှာ ပြုမူလိုက်တာကိုး။ အဲ့ဒါကြောင့်ပါ မှန်ရယ် ဘာမှ စိတ်ထဲမထားနဲ့"

မောင်က စကားလုံးအေးအေးလေးများနှင့် သူမကိုနှစ်သိမ့်၏။ သို သော် သူမကိုယ်သူမသာလျှင် အသိဆုံးပါ။ သူမသည် သူ့အရှေ့တွင် ရင်ခုန်မိရုံသာမက တစ်ခါတစ်ခါ သူမ၏အမြင်အာရုံတွင်လည်း သူ ပေါ် ပေါ်လာတတ်ပါသေး၏။

ထိုကဲ့သို့ဖြစ်နေသောသူမကို မောင်က ဘာကြောင့် မျက်စိမှိတ်ယုံ နေရပါသနည်း။ သူမကတော့ သူမကိုယ်သူမပင် မယုံနိုင်တော့ချေ အရာရာအေးစက်လွန်းသော မောင့်အပေါ်တွက် သစ္စာဖောက်သလိုဖြစ် မည်ကိုလည်း လွန်စွာ စိုးရိမ်မိနေပြန်သေး၏။

အလုပ်လျှောက်ဖူးသမျှထဲတွင် ယခုတစ်ခါ အလုပ်လျှောက်ရသည် မှာ သူမအတွက် လွန်စွာလွယ်ကူလွန်းလှပါ၏။ Application form တင်ပြီး သည်နှင့် Interview ရမည့်နေ့ရက်ကို သူမ တစ်ခါတည်းပင် သိလိုက်ရ ပါသည်။

သူမ ဒီတစ်ခါအလုပ်လျှောက်ရသည်ကို လွန်စွာ ကျေနပ်လှပါ၏။ ထို့နောက် သူမ Company ထဲမှ ပြန်ထွက်ခဲ့ပါသည်။ သူမ လမ်းဘေး PCO ဖုန်းမှတစ်ဆင့် မောင့်ထံသို့ လှမ်းဆက်လိုက်ပါသည်။

"မောင် . . ."

မောင့်ကို သူ့အလုပ်က ဟန်းဖုန်းပေးထားသောကြောင့် သူမ မောင့် ထံသို့ဆက်သွယ်တိုင်း အဆင်ပြေနေခြင်းပင်။

"မှန် . . . အခုဘယ်မှာလဲ?"

"အံမယ် . . . မောင့်မေးခွန်းက အဆန်းပါလား?။ ဘာလဲ မှန့် ဆီကို မောင်လာဖို့လား?"

"မောင်ကလာချင်တာပေါ့ မှန်ရယ်။ ဒါပေမဲ့ အခုမောင်က အလုပ် ထဲမှာလေ"



www.burmeseclassic.com

www.burmeseclassic.com

"အလကားစ,တာပါ မောင်ရယ်။ အခု မှန် အလုပ်လာလျှောက်တဲ့ Company အနားက ဆက်နေတာ။ အလုပ်လျှောက်ပြီးကြောင်း လှမ်းပြောတာ။ မောင် အလုပ်များနေတယ်ဆိုရင် မှန်ဖုန်းချလိုက်တော့မယ်လေ"

"အင်း . . . ညနေတွေ့ကြမယ်လေ နော်"

မောင်ပြောပြီး ဖုန်းချသွား၏။ ဖုန်းဖိုးကျသင့်ငွေ ပေးပြီးသည်နှင့် သူမ ကားမှတ်တိုင်ရှိရာသို့ သွက်သွက်လေး လျှောက်လှမ်းလာမိပါတော့သည်။ သူမလျှောက်နေရင်း သူမနောက်တွင် တစ်ယောက်ယောက်များရှိနေမလားဟူသောအတွေးဖြင့် လှည့်ကြည့်လိုက်စဉ် ထက်ဝန်းကျင်က ပြုံးလျက် သူမကိုငေးကြည့်နေ၏။

"ဘယ်လိုလဲ? . . . အလုပ်လျှောက်ရတာ အဆင်ပြေရဲ့လား?"

ထက်ဝန်းကျင်က သူမကိုပြုံးကြည့်ရင်း မေးလိုက်ပါ၏။ သူ ဘာ့ကြောင့် အဲ့ဒီလိုကြီး ပြုံးနေပါလိမ့်။ သူမ သူ့အပြုံးများကို ရင်မဆိုင်ရဲချေ။

"အကြွေးရှင်ဆိုပြီး ကိုယ်မေးတာကိုတောင် မဖြေချင်တော့ဘူးလား"

"မဟုတ်ပါဘူး"

"ဒါဆိုဖြေလေ"

"အဆင်ပြေပါတယ်"

"အင်း . . . အဲ့ဒါလေးဖြေဖို့များ မင်းက ဝန်လေးနေသေးတယ်။ ကဲ . . . ကော်ဖီသောက်ဖို့ မရက်တမ်း ထပ်ဖိတ်ဦးမယ်ဆိုရင် မင်း ငြင်းဦးမှာလား?"

သူမထံသို့ လှမ်းလာရင်းပြော၏။ သူပေးသောဂျာနယ်မှအလုပ်ကို လျှောက်လိုက်သောကြောင့် သူမထံတွင် သူ့အပေါ်ကို အကြွေးတင်ကောင်း တင်နိုင်ပါ၏။ သို့သော်လည်း သူနှင့် ကော်ဖီတော့ သူမလိုက်မသောက်ချင်ပါ။ ဘာကြောင့်နည်း။ သေချာသည်က သူမကိုယ်သူမ မလုံမလဲဖြစ်နေပါ၏။



"ကျွန်မ ထပ်ငြင်းမယ်ဆိုရင် အဲ့ဒါရိုင်းလား?"

"အင်း . . . အဲ့ဒီမေးခွန်းက စဉ်းစားစရာပဲ"

သူက မေးစေ့လေးကိုကိုင်ရင်း ပြော၏။ သူ့လုပ်ပုံကြောင့် သူမ ပြုံးလိုက်မိပါ၏။

"ဟာ . . . ဒီနေ့ မိုးရွာပြီ"

"ဘာဖြစ်လို့လဲ?"

"မင်းပြုံးတယ်လေ"

သူမ၏ အရယ်အပြုံးနည်းခြင်းကိုကြည့်ပြီး သူက ကောက်ချက်ချ၏။

"ကျွန်မပြုံးတတ်ပါတယ် ကိုထက်ဝန်းကျင်"

"ဟုတ်ကဲ့ . . . ကိုယ်မှတ်ထားလိုက်ပါ့မယ်။ ကဲ . . . နောက်ပြီး ကိုယ့်ဖိတ်ခေါ်မှုကိုရော မင်းလက်ခံဖို့ အစီအစဉ်ရှိလား?"

ထူးဆန်းစွာပင် သူမသူ့ကို အချိန်မပေးချင်ပါ။ သူ့ကြောင့်ဖြစ်ပေါ်သည့် ထူးဆန်းသော ရင်ခုန်သံများကိုလည်း သူမ မနှစ်သက်။ သူမ ထိုသို့ ရင်မခုန်သင့်။ သူမတွင် မောင်ရှိနေသည်မဟုတ်ပါလား။

"ကျွန်မလက်ခံဖို့ အစီအစဉ်မရှိသေးဘူး၊ ကိုထက်ဝန်းကျင်"

"ဟောဗျာ . . . ဒါဆို မင်းကလေးက ထပ်ငြင်းလိုက်တာပေါ့၊ ဟုတ်လား"

"ပြောရမှာလည်း အားနာပါတယ်"

"ဒါပေမဲ့ မင်းပြောမှာပဲမဟုတ်လား?"

"ကျွန်မ ဒီနေ့သွားစရာလေးရှိသေးတယ် ကိုထက်ဝန်းကျင်"

"ကိုယ့်ကိုအချိန်မပေးချင်တာနဲ့ မလိမ်တတ်ဘဲ မလိမ်ပါနဲ့ ရတီ မင်း ဘာပဲဖြစ်ဖြစ်ပါ ကိုယ်ဒီနေ့ကျေနပ်တယ်။ ကော်ဖီသောက်ဖို့ ဒီတစ်ခါငြင်းလိုက်လို့ ကိုယ်လက်လျှော့မယ်လို့တော့ မထင်နဲ့နော်။ ကိုယ် နောက်တစ်ခါ မရက်တမ်းဖိတ်ဦးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

သူ့စကားများကြောင့် သူမ သူ့ကို လွန်စွာအားနာနေမိပါတော့သည်။ သို့သော်လည်း . . .

"ကျွန်မ နောက်တစ်ခါကျရင် သွားစရာမရှိအောင် လုပ်ထားပါ့မယ်"

"ရပါတယ်။ နောက်တစ်ခါ ဖိတ်ခေါ်မှုကိုငြင်းရင်လည်း နောက်တစ်ခါရဲ့နောက်တစ်ခါဆိုတာ ရှိလာဦးမှာပါ ရတီမှန်"

သူ့တည်ကြည်လေးနက်သည့်စကားက သူမကို ငေးငေးလေးဖြစ်သွားစေပါ၏။

"နောက်ပြီး ဒီနေ့ မင်းအပြုံးကို မြင်လိုက်ရတဲ့အတွက် ကိုယ်ကျေနပ်တယ်"

သူမကို ရွှန်းရွှန်းစားစားစိုက်ကြည့်ရင်းပြောနေသော သူ့မျက်ဝန်းနှင့် အကြည့်ချင်းဆုံသွားသည့်တစ်ခဏအတွင်း သူမ ရင်ခုန်သံမြန်ရပါသေး၏။ ဒုက္ခပါပဲ။ သူမ ယောင်ယောင်ရမ်းရမ်းနှင့် ရင်ဘတ်လေးကို ပင် ဖိလိုက်မိပါသည်။

"ကိုယ်လိုက်ပို့ပေးချင်ပေမယ့် မင်းလက်ခံမှာမဟုတ်ဘူးဆိုတာသိလို့ မပြောတော့ဘူး။ ဒီတော့ ကိုယ့်ကိုခွင့်ပြုပါဦး ရတီမှန်"

နှုတ်ဆက်သောသူ့ကို သူမ ခေါင်းညိတ်ရုံသာ တုံ့ပြန်နိုင်ပါ၏။ သူ သူမအရှေ့မှထွက်သွားသောအခါမှ သူမ သက်ပြင်းဖွေ့ဖွေ့ချလိုက်နိုင်ပါသည်။ ထို့နောက် သူမကားမှတ်တိုင်သို့ သွက်သွက်လမ်းလျှောက်ရင်း ထိုးဆိုက်လာသည့် လိုင်းကားတစ်စီးပေါ်သို့ တက်ခဲ့လိုက်ပါသည်။

ထိုနေ့က သူမ လိုင်းကားမှားစီးမိခဲ့ပါ၏။



သူမနှင့်မောင်၏တွေ့ဆုံပုံလေးမှာ အင်မတန်မှ ရိုးလွန်းပါ၏။ မှတ်မှတ်ရရပင် လွန်ခဲ့သောသုံးနှစ်အကြာက။ ထိုနေ့က လစာထုတ်ရက်။ သူမ အဆောင်တွင် ပူအိုက်သောကြောင့် Stand fan တစ်လုံးဝယ်ပြီးစီးနေကျလိုင်းကားပေါ်သို့တက်ရင်း မောင်နှင့်တွေ့ပါ၏။ သူမနှင့်မောင် မှတ်တိုင်တစ်ခုတည်းမှ လိုင်းကားပေါ်သို့ တက်မိကြသော်လည်း မောင်က အရင်ဦးဆုံး ထိုင်စရာနေရာရလေ၏။

မောင်သည် ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီးမှ သူမကို အားနာသွားပြီး နေရာမှထပေး၏။ သူမ ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပါသည်။ ထိုစဉ် မောင့်အိတ်ထဲတွင်လည်း မောင့်မေမေအတွက်ဝယ်လာသည့်ဆေးများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ပြည့်နှက်နေကြောင်း သူမတွေ့လိုက်ရပြီး မောင့်ထံမှ ယူကိုင်ရန်ပြောသော် မောင်က အားနာစွာ ငြင်းပါသေး၏။

"သူ့မှာ သယ်စရာပစ္စည်းတွေရှိရဲ့သားနဲ့ ငါ့ကိုနေရာဖယ်ပေးတယ်။ လူပီသလိုက်တာ"

ဟူသော ကောက်ချက်လေးဖြင့် မောင့်ကို သူမ စတင်သတိထားမိခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်တွင်တော့ မောင်နှင့်သူမ နေ့တိုင်းလိုလို တွေ့ဖြစ်ကြပါသည်။ တစ်လခန့်လွန်သော် မောင်နှင့်သူမ ရင်းနှီးခဲ့ကြပါ၏။ အဆောင်မှ သူငယ်ချင်းများ၏ နှုတ်ဖျားတွင်တော့ မောင်က ကြိုးစားရှိသားသည့်တစ်ယောက်ပင်။ ထိုစကားများကြောင့်ပင် မောင့်ထံသို့ သူမ တိမ်းညွတ်ခဲ့ခြင်းဖြစ်ပါ၏။ မောင်က သူမကို ချစ်သည်ဟုဖွင့်ပြောတော့ သူမ ကျေနပ်ပီတိဖြစ်မိ၏။

"အဆောင်ကမိန်းမတွေ ငါ့ကို ဘယ်လောက်များ အားကျလိုက်မလဲ သိချင်လိုက်တာ"

ဟူသောအတွေးလေးနှင့်လည်း သူမ ကြည်နူးရပါသေး၏။ ထို့နောက် ထုံးစံတစ်ခုအတိုင်း မောင့်ကိုတစ်လချိန်းပြီး တစ်လပြည့်သည့်နေ့တွင် သူမ အဖြေပေးခဲ့မိပါသည်။

သူမတို့ ချစ်သူသက်တမ်းသည် ယခုဆိုလျှင် သုံးနှစ်ပင်ကျော်လွန်ခဲ့လေပြီ။ သို့သော် တစ်ခါမျှ ရန်မဖြစ်ဖူးချေ။ မောင်က အလွန့်အလွန်ကိုအေးပါ၏။ သူမဘာပြောပြော ခေါင်းညိတ်ကာ နားထောင်တတ်သည်။ ထို့အပြင် မောင့်ထံတွင် သူမမနှစ်သက်သည့် ဘာအလေ့အကျင့်မှ မရှိချေ။

"ဘဝကို ခိုင်မာအောင်ကြိုးစားပြီးမှ ကိုယ်တို့ဘဝကိုတည်ဆောက်ဖို့ ဆက်စဉ်းစားကြတာပေါ့နော်"

ဟူသောစကားကိုသာ မောင်ဘက်မှ ဦးဆောင်ပြီးပြောခဲ့ပါ၏။

သူမ အတိတ်များကိုတွေးနေစဉ်မှာပင် မောင်သည် သူမ မျက်ဝန်းထဲသို့ ဝင်လာပါတော့သည်။

"မုန် . . . မောင့်ကိုမျှော်နေတာလား?"

တကယ်တော့ သူမ အတိတ်ကို တွေးနေမိခြင်းပင်။ သို့သော် အတိတ်များကိုမမေ့အောင် ပြန်နွှေးနေသည်ဆိုလျှင် ပိုမှန်နိုင်ပါ၏။

"မုန် အရင်ကအဖြစ်တွေကို တွေးနေတာ"



မောင်သည် ညနေပိုင်းတွင် သူမအဆောင်သို့ လာလည်တတ်ပါ၏။ သို့သော် နေ့တိုင်းမဟုတ်။ တစ်ပတ်လျှင် နှစ်ရက်မျှသာ။

"အန်တီ . . . သက်သာလား?"

"ဒီလိုပါပဲ မုန်ရယ်။ သက်သာတယ်လို့လည်း ပြောလို့မရဘူးလေ"

"မုန်လည်း အန်တီ့ဆီကို လာခဲ့ချင်ပါတယ်။ ဒါပေမဲ့ မုန်လာရင်တစ်ခုခုဝယ်ခဲ့ချင်တယ်"

"မလိုပါဘူး မုန်ရယ်။ မောင်က မုန့်စိတ်ထားကို သိနေတာပဲဥစ္စာ"

မောင့်မေမေသည် နှလုံးရောဂါဝေဒနာသည်ဖြစ်ပါသည်။ ထို့ကြောင့် မောင်သည် အလုပ်မှရသည့်ငွေအတော်များများကို မိခင်ဆေးကုဖိုးအတွက် အသုံးပြုနေရပါသည်။

"မုန် ဒီနေ့ အလုပ်လျှောက်လွှာတင်ခဲ့ပြီးပြီမောင်"

"အဆင်ပြေတယ်မဟုတ်လား မုန်?"

"အင်း . . . မုန် ဒီအလုပ်ကိုရအောင် လုပ်လိုက်မယ်နော် မောင်"

"လုပ်လေ။ မုန့်သဘောပါ"

မောင်သည် ထိုသို့ အမြဲတစေလို လိုက်လျောတတ်ပါ၏။

"မောင် . . . ဟို . . . ဒီနေ့ သူ့ကိုထပ်တွေ့ခဲ့တယ်"

သူ့အကြောင်းပြောရန် စဉ်းစားလိုက်ရုံရှိသေး၏။ သူမ ထူးဆန်းစွာ ရင်ခုန်လာပြန်၏။ သူမသိသည်ကတော့ ထိုရင်ခုန်သံများကြောင့် သူမ မောင့်ကိုသနားမိပါ၏။ စည်းကမ်းမရှိသည့် သူမ၏ရင်ခုန်သံများပင်။

"ဟုတ်လား?"

"သူက မုန့်ကို ကော်ဖီတိုက်ဖို့ဖိတ်တယ် မောင်"

"မုန် . . . ဘယ်လိုတုံ့ပြန်လိုက်သလဲ?"

"မုန် ငြင်းလိုက်ပါတယ်"

"ငြင်းချင်ရဲ့လား မုန်ရယ်?"



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ သူမ မငြင်းချင်ပါ။ သို့သော် သူနှင့်လည်း လိုက်ပြီး ကော်ဖီမသောက်ရဲပြန်။ ကိုယ့်ရင်ခုန်သံများကြောင့် သူမအလိုလို မောင့်ကို အားနာနေသောကြောင့်ပင်။

"ငြင်းခဲ့လိုက်တယ် မောင်။ ဒါပေမဲ့ ငြင်းချင်ရဲ့လား မငြင်းချင်ဘူးလားဆိုတာ မှန်လည်း သေသေချာချာမသိဘူး"

မောင့်မျက်နှာ သိသိသာသာ ညှိုးကျသွားပါ၏။

"မောင် . . . စိတ်မကောင်းဖြစ်သွားလား?"

မောင် မည်သို့မျှပြန်မပြော။ သက်ပြင်းသာချလိုက်၏။

"မောင်စိတ်မကောင်းဖြစ်အောင် ရည်ရွယ်ပြီးပြောတာ မဟုတ်ပါဘူး။ ဒါပေမဲ့ မှန် ဖုံးကွယ်မထားချင်ဘူးမောင်။ မောင့်အပေါ်မှာ မှန် ပွင့်လင်းချင်တယ်။ အဲ့လိုပွင့်လင်းတဲ့လုပ်ရပ်က မှန်ရဲ့လား မောင်?"

"ကိုယ့်ချစ်သူအပေါ်မှာ ပွင့်လင်းတာပဲ။ မှန် သိပ်မှန်ပါတယ်"

မောင့်အသံများက လေးလံနေ၏။ ထို့အပြင် အားငယ်နေသေး၏။

"မောင် . . ."

"ဟင်? . . ."

"မှန်လေ . . . မောင့်ကိုချစ်ခဲ့ပြီးပြီ သိလား။ နောက်တစ်ယောက်ဆိုတာ မရှိလာတော့ဘူး"

"မောင် . . . အဲ့ဒီစကားအတွက် အရမ်းကျေနပ်ပါတယ် မှန်ရယ်။ မောင့်အတွက် မှန်ရှိနေပေးလို့ မောင်ကျေနပ်ပါတယ်"

မောင့်မျက်ဝန်းတွင် မျက်ရည်စတချို့ကို သူမ အမှတ်မထင် မြင်တွေ့လိုက်ရပါ၏။

"မောင် . . . မျက်ရည်ဝဲနေတယ်နော်"

သူမကြောင့် မောင်မျက်ရည်ဝဲရပြီလား။ ဆိုးလိုက်တာ။ သူမ ထိုသို့ဖွင့်မပြောသင့်ဘူးလား။



"မောင် . . . ကျေနပ်လို့ပါ။ မောင့်ချစ်သူလေးက တာဝန်တော လွန်းလို့ ကျေနပ်ပြီးဖြစ်လာတဲ့ မျက်ရည်တွေပါမှန်ရယ်။ ဆိုးရိမ်ပါ နဲ့နော်"

"မှန် . . . အဲ့ဒီအလုပ်မှာ မလုပ်ရတော့ဘူးလားမောင်?"

"မှန် ဘာဖြစ်ချင်လဲ?"

"မောင်တားချင်တယ်ဆို တားလိုက်ပါ။ မှန် မလုပ်တော့ပါဘူး။ ဒါပေမဲ့ လောလောဆယ် မှန့်အတွက် အလုပ်တစ်ခု အသည်းအသန် လိုအပ်နေတယ်ဆိုတာ မောင်လည်းသိပါတယ်။ နောက်ပြီး မှန်နဲ့ မောင် နီးစပ်ဖို့ ငွေစုရဦးမယ်မဟုတ်လား?"

သူမ သိမ်းသွင်းစကားဆိုးသော်လည်း မောင့်ထံမှ သက်ပြင်းချသံ သဲ့သဲ့ကို သူမကြားလိုက်ရပါ၏။

"မှန် အဲ့ဒီအလုပ်ကိုလုပ်ပါကွာ။ မောင် မတားချင်ပါဘူး"

မောင့်လေးလေးပင်ပင်ခွင့်ပြုချက်က မောင့်အပေါ်တွင် သူမ အားငယ်မှုကို ပိုပြီးအရှိန်မြင့်စေပါသည်။ သူ့ကိုတွေ့တိုင်း ရင်ခုန်တတ်သည့် သူမနှလုံးသားကိုပင် မုန်းချင်လာပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူမ အင်တာဗျူးအောင်ပါ၏။ အင်တာဗျူးဖြေသည့်အချိန်တွင်တော့ သူ့ကို သူမ မတွေ့ရချေ။ ထို့နောက် အလုပ်ဆင်းရမည့်ရက်အတိုင်း သူမ Company သို့ စတင်အလုပ်ဆင်းဖြစ်ခဲ့ပါသည်။ မောင်ကတော့ အလုပ်ချိန်တူနေသောကြောင့် သူမကို အလုပ်သို့ လိုက်မပို့ပေးနိုင်ချေ။

သူမ အလုပ်သို့ ပထမဦးဆုံး စဆင်းသည့်ရက်တွင်တော့ သူမ၏ မန်နေဂျာ ကိုခန့်လွင်က သူမကို Marketing Department တွင် Assisant ရာထူးကိုပေးလေသည်။

သူမ လမ်းထွက်ရသည်ကို မုန်းသောကြောင့် လမ်းတွင်တစ်ချိန်လုံးလုပ်ရသည့် Marketing နေရာကို စိတ်အပျက်ဆုံးဖြစ်ပါသည်။

သို့သော်လည်း အလုပ်လုပ်မှဖြစ်မည့် သူမအနေအထားကြောင့် ကြိတ်မှိတ်ပြီး လုပ်ရတော့မည်ပင်။

"Marketing နဲ့ပတ်သက်ပြီး အတွေ့အကြုံရှိတယ်နော်"

"ဟုတ်ကဲ့ . . . ကိုခန့်လွင်။ ကျွန်မ Marketing နဲ့ပတ်သက်ပြီး အတွေ့အကြုံရှိပေမယ့် Market ထဲကိုတော့ ကိုယ်တိုင်တစ်ခါမှ မသွားဖူးပါဘူး။ လိုအပ်တဲ့ Daliy sale report တွေ၊ ဘာတွေအတွက် ပဲ ရုံးကနေ ပြင်ဆင်ပေးဖူးတာပါ"



"ဒါပေမဲ့ . . . ကျွန်တော်တို့မှာက Market ထဲသွားဖို့ ဝန်ထမ်းအလိုနေတော့ မရတီမှန်က လောလောဆယ်တော့ Market ထဲကို သွားပေးရပါလိမ့်မယ်"

ကိုခန့်လွင်က သူမ၏မန်နေဂျာ။ ထို့ကြောင့် လွန်ဆန်လို့မရ၊ သည်လိုနှင့် သူမ အရောင်းကားနှင့် Market သို့ ဆင်းရလေတော့သည်။ သူမ အလုပ်ချိန်တစ်ခုလုံး အလွန့်အလွန်ကို စိတ်ပျက်နေပါ၏။ သို့သော် သူမ သည်းခံရဦးမည်ပင်။



www.burmeseclassic.com

www.burmeseclassic.com

"အလုပ်မှာအဆင်ပြေရဲ့လား မှန်"

တည်ငြိမ်လှသည့်မောင်က သူမအလုပ်မှပြန်၊ ရေချိုး၊ ခဏနားချိန်တွင် သူမအဆောင်သို့ ရောက်လာလေ၏။

"အဆင်ပြေတယ်လို့ပဲ ပြောရမလား?"

"အဆင်မပြေဘူးလား မှန်?"

"မှန်က အခု Marketing Department မှာ လုပ်နေရတာ"

သူမ Marketing Department တွင် အလုပ်လုပ်ရခြင်းကို မနှစ်သက်မှန်း မောင် ကောင်းစွာသိပါ၏။

"ဒါဆို မှန်မလုပ်ချင်တဲ့ နေရာပဲ။ မှန် ဘယ်အဆင်ပြေနိုင်ပါ့မလဲ"

"နောက်ပြီး Market ထဲကိုလည်း ကိုယ်တိုင်ထွက်ရတယ်"

"မှန် Interview တုန်းက အဲ့လိုတွေမလုပ်နိုင်ဘူးဆိုတာ ထည့်မပြောဘူးလား"

"ပြောပါတယ်။ ဒါပေမဲ့ သူတို့အလုပ်မှာ လူနည်းနေလို့တဲ့"

မောင့်ထံမှ သက်ပြင်းချသံကို သူမ ကြားလိုက်ရပါ၏။ မောင် သူမအတွက် စိတ်ပူနေပြီပင်။



"မောင်ရယ် . . . သိပ်လည်း စိတ်မပူပါနဲ့။ မှန်က ယာယီသဘောပဲ လုပ်ရတာဖြစ်မှာပါ။ မှန့်ကို နေရာပြန်ပြောင်းပေးကြမှာပါ"

"မောင် ဘာမှမလုပ်ပေးနိုင်တာကို တွေးပြီး ရင်ထဲမှာ စို့နင့်လိုက်တာကွာ"

မောင့်စကားများကို သူမ အကြွင်းမဲ့ယုံပါ၏။ မောင့် ဖြူစင်သန့်ရှင်းသည့် သံယောဇဉ်များကို သူမ ကောင်းစွာယုံကြည့်ထားပါ၏။

"မှန့်ကြောင့် မောင့်ကို စိတ်မကောင်းမဖြစ်စေချင်ဘူး။ ဒီတော့ မောင် သိပ်ပြီးစိတ်မပူနဲ့။ ဟုတ်လား?။ မှန် အဆင်ပြေသွားမှာပါ"

"မောင် ဘယ်လိုကူညီပေးရမလဲ မှန်?"

"ရပါတယ်မောင်ရယ်။ မှန် အဲ့ဒီအလုပ်ကို ဆက်လုပ်မှဖြစ်မယ်။ ဒါမှ မှန်ကျောင်းပြန်တက်လို့ရမှာ"

"တကယ်လို့ ဆုတောင်းတစ်ခု ပြည့်မယ်ဆိုရင်ပေါ့။ မောင်လေ မှန့်အတွက် အရာရာကို ဖြည့်ဆည်းပေးနိုင်တဲ့လူ ဖြစ်ရပါလို၏ဆိုပြီး ဆုတောင်းမိမှာ"

"မောင့်ဆုတောင်းပြည့်တယ် သိလား။ မှန့်အတွက် မောင် အရာရာကို ဖြည့်ဆည်းပေးနိုင်တယ်။ မှန့်ကို အရာရာမှာ အရှုံးပေးတတ်ပြီး ဆက်ဆံတတ်တဲ့ မောင့်စိတ်လေးအတွက် မှန်ကျေနပ်နေတယ်လေ မောင်ရယ်။ မဟုတ်ဘူးလား?"

မောင် ခေါင်းညိတ်ပါ၏။ သို့သော် မောင်သိပ်ပြီး ဘဝင်မကျ။ ထိုနေ့က မောင်နှင့်သူမ စကားအကြာကြီးမပြောဖြစ်။ သူမ ပင်ပန်းသောကြောင့် မောင့်ကိုစောစောပြန်ခိုင်းသော် သူမအလိုအတိုင်း မောင်က စောစောပင်ပြန်သွားပါ၏။ ထို့နောက် သူမ ညနေစာစားပြီး အနားယူလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူမ Market ထဲတွင် ယနေ့ပင်ပန်းလှပါ၏။ ပူပြင်းလွန်းသော နေ့ကိုအန်တုပြီး သူမ Market သို့ ဝင်နေရပါသည်။ သူမ လွန်စွာရေဆာလောင်နေမိ၏။

"ရော့ . . . Ice Coffee မင်းကြိုက်ပါတယ်နော်"

မြန်းခနဲဆို သူက သူမအရှေ့တွင် ကော်ဖီခွက်လေးကမ်းပေးရင်း ပေါ်လာလေ၏။

"ဘုရားရေ . . ."

ရေဆာလောင်နေလွန်းကြောင်း သူ ဘယ်လိုလုပ်သိနေတာပါလိမ့်။

"ဘာငေးကြည့်နေတာလဲ ရတီမွန်။ ကိုယ်က ထက်ဝန်းကျော်လေ။ မမှတ်မိဘူးလား"

"မှတ်မိပါတယ်"

"ဒါဆို ကော်ဖီခွက်ကို လက်ခံလိုက်ပါဦး"

သူပြောမှ သူမသတိဝင်သွားပြီး သူ့ထံမှကော်ဖီခွက်ကို ယောင်ယောင်ယမ်းယမ်းနှင့် လှမ်းယူလိုက်သော် သူက ကျေနပ်စွာပြုံးပြန်၏။



"ကျွန်မ ဒီမှာရှိနေတာ ကိုထက်ဝန်းကျော် ဘယ်လိုလုပ်တွေ့တာလဲ?"

"ကိုယ် ဒီဆိုင်ရှေ့က ဖြတ်သွားရင်း ဆိုင်ရှေ့မှာရပ်ထားတဲ့ အရောင်းကားကိုတွေ့ပြီး မင်းများပါမလားဆိုတဲ့အတွေးနဲ့ ဆိုင်ထဲ ဝင်လာတော့ ကိုယ့်အတွေး မှန်သွားတယ်လေ"

"သြော် . . ."

သူယူလာပေးသည့် Ice Coffee လေးက လွန်စွာ အေးမြလှပါသည်။

"ဘယ်လိုလဲ?၊ လုပ်ရတာ အဆင်ပြေလား?"

"အင်း . . . ပြေပါတယ်"

သူမ ဖြေလိုက်သော်လည်း မလုပ်ချင်သောနေရာတွင် လုပ်နေရသောကြောင့် အကျင့်အတိုင်း သက်ပြင်းချမိသွား၏။

"အဆင်ပြေတယ်ပြောပြီး ဘာလို့သက်ပြင်းချလိုက်တာလဲ?"

"ရှင်?"

သူမ၏သက်ပြင်းချခြင်းကို သတိထားမိသော သူ့အမေးကြောင့် သူမ အံ့သြရပါသေး၏။

"မအံ့သြနဲ့ အမိ။ ကိုယ်ကြားလိုက်တာ။ မင်းသက်ပြင်းချသံက ကျယ်တာကိုး"

"သြော် . . ."

"ကော်ဖီသောက်ရတာ အဆင်ပြေတယ်နော်?"

"အင်း . . ."

"ကြည့် . . . ။ ကော်ဖီသောက်ရတာ တကယ်အဆင်ပြေတော့ မင်းသက်ပြင်းချပြီး မဖြေဘူး။ ကဲပါ . . . မင်းအလုပ်ထဲမှာ ပြဿနာ နည်းနည်းရှိတယ်မဟုတ်လား?"

"ပြဿနာတော့ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ဘာဖြစ်လို့လဲ ?"

"ဟို . . ."

"ဘာမှမပြောရင် ကိုယ်က ဘာမှသိမှာ မဟုတ်ဘူးလေကွာ။ ပြော ပါ။ မတွန့်ဆုတ်ပါနဲ့"

"ကျွန်မ ဒီ Marketing Department မှာလုပ်ရတာကို သိပ်ဘဝင် မကျလို့ပါ။ တခြားတော့မဟုတ်ပါဘူး။ ကျွန်မ လမ်းတွေလျှောက် သွားနေရတာကို မကြိုက်ဘူးလေ"

"သြော် . . . အင်း . . . ဒါဆို မင်းသက်ပြင်းချသံရဲ့ အရင်း အမြစ်က ဒါကြောင့်ကိုး"

မမျှော်လင့်ဘဲ သူမ၏အခက်အခဲကို တင်ပြသွားမိသည့်အတွက် သူမ နားမလည်နိုင်ဖြစ်မိပြန်၏။ သူမအခက်အခဲကို မောင့်ကိုဖွင့်ပြော တုန်းက မောင့်ထံတွင် စိုးရိမ်စိတ်များ၊ စိတ်ပူမှုများကို တွေ့ရသော်လည်း သူကတော့ အေးအေးဆေးဆေးပင်။ ခေါင်းတညိတ်ညိတ်နှင့် သူမ၏ တင်ပြမှုနှင့်ပတ်သက်ပြီး မည်သို့မျှ ခံစားမိပုံမပေါ်ချေ။ ထို့ကြောင့် သူမ ငေးငေးလေးဖြစ်သွားရ၏။

"ကိုယ့်မှာ ချိန်းထားတာလေးတွေရှိသေးတယ် ရတီမှန်။ ကိုယ့်ကို ခွင့်ပြုပါဦး"

အင်းပေါ့ . . .။ သူနဲ့သူမ ဘာပတ်သက်မှုမှမရှိတာ။ သူမအတွက် သူ ဘယ်ခံစားတတ်မည်နည်း။

"အင်း . . . သွားလေ။ ကျွန်မလည်း အလုပ်ရှိသေးတယ်"

"ဒါဆို နောက်တစ်ခါကြုံရင် ဒီလိုပဲ ကော်ဖီတိုက်မယ်နော်"

ကြုံရင်တဲ့။ ထိုစကားလေးကြောင့် သူမ မဆီမဆိုင် ငေးငိုင်သွားရ ၏။ သူကတော့ သူမကိုပြောပြီး ကျောခိုင်းထွက်သွားလေပြီ။ သူမ သူ့ ကျောပြင်ကိုကြည့်ပြီး သက်ပြင်းငွေ့ငွေ့ချလိုက်မိပါ၏။ သူမသည် ဘာ



ကြောင့် သူ့အတွက် အရေးပါတဲ့လူတစ်ယောက် ဖြစ်ချင်နေတာပါလိမ့်။ သူမ၏စိတ်ဆန္ဒများက တစ်ဆိတ်တော့လွန်ပါ၏။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

ပုံမှန်ရက်များအတိုင်း သူမ အလုပ်သို့ရောက်သည်နှင့် လိုအပ်သည်များကို ပြင်ဆင်ပြီး အရောင်းကားထွက်နိုင်ရန် ပြင်ဆင်ပါတော့သည်။

"မရတီမှန် . . . ကျွန်တော့်ရုံးခန်းကို ခဏလာခဲ့ပါလား။ ကျွန်တော် ပြောစရာရှိလို့"

ရုံးခန်းထဲမှ လှမ်းခေါ်လိုက်သော ကိုခန့်လွင်အသံကြောင့် သူမ လုပ်လက်စကိုထားခဲ့ပြီး ကိုခန့်လွင်ရုံးခန်းထဲသို့ ဝင်ခဲ့လိုက်ပါသည်။

"ထိုင်ပါ မရတီမှန်"

"ဟုတ်ကဲ့"

သူမ ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပါသည်။

"မနေ့က Meeting မှာ ကျွန်တော် ရာထူးတိုးတယ် မရတီမှန်"

"Congratulation ပါ ကိုခန့်လွင်"

"ဟုတ်ကဲ့ . . . ။ အခု ကျွန်တော်က Admin အပိုင်းမှာပဲ လုပ်ရတော့မယ်။ ကျွန်တော့်မန်နေဂျာနေရာကို မရတီမှန်ပဲ ဆက်လုပ်ပေးပါ"



မထင်မှတ်စွာကြားလိုက်ရသည့် သတင်းကောင်းကြောင့် သူမပျော်ရသည်ကိုပင် မေ့နေတော့၏။

"Meeting မှာ MD က မရတီမှန်ကို ကျွန်တော့်နေရာပေးလိုက်ပါတဲ့။ ဒီတော့ . . . ဒီနေ့ကစပြီး မရတီမှန်က Marketing Manager ဖြစ်သွားပြီနော်။ ကြိုးစားပါ မရတီမှန်။ ကျွန်တော်လည်း လိုအပ်တာကူညီပါ့မယ်။ ကဲ . . . Congratulation"

ကိုခန့်လွင်က ပြောပြောဆိုဆိုနှင့် သူမထံသို့ လက်ကမ်းပေးပါသည်။ ထို့ကြောင့် သူမ လက်ဆွဲနှုတ်ဆက်လိုက်ပါသည်။ သူမ ထိုသတင်းကို မောင့်ကို လွန်စွာပြောချင်သွားပါ၏။ မောင်သာသိလျှင် လွန်စွာပျော်ရွှင်သွားမည်ပင်။

"မရတီမှန်ရဲ့ပစ္စည်းတွေကို ဒီရုံးခန်းထဲကို ရွှေ့ခဲ့လိုက်တော့နော်။ ဒီအခန်းက မရတီမှန့်ရုံးခန်းဖြစ်သွားပြီ။ ကျွန်တော်ကတော့ ဟိုဖက်ခန်းပေါ့"

"ကျေးဇူးတင်ပါတယ် ကိုခန့်လွင်"

"မဟုတ်တာဗျာ။ မရတီမှန်နဲ့ ထိုက်တန်ပါတယ်"

သူမ မမျှော်လင့်ဘဲ အရင်နဲ့ များစွာကွာခြားလှသော ရာထူးနေရာသို့ ရရှိလိုက်ပါ၏။ သူမ တကယ်ပင် ပျော်ရွှင်နေခဲ့ပါတော့သည်။

"ဟဲလို . . . "

သူမ ရုံးခန်းပြောင်းရွှေ့ပြီးသည်နှင့် မောင့်ထံသို့ ဖုန်းဆက်လိုက်ပါတော့သည်။

"မှန်လား?"

"အင်း . . ."

"အခု ဘယ်မှာလဲ မှန်?"

"မှန့်ရုံးခန်းမှာပဲလေ"

"Market မဆင်းရဘူးလား?"

"ဟင့်အင်း . . . မှန် ဒီနေ့ရာထူးတိုးတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို . . .?"

"အင်း . . . မုန့်ဒီနေ့ Marketing Manager ဖြစ်သွားပြီ။ မောင့်ကို ပျော်စေချင်လို့ ဖုန်းလှမ်းဆက်လိုက်တာ"

"မောင့်စိတ်ကျေနပ်အောင်ပြောတာ မဟုတ်ပါဘူးနော်"

"မုန့်က မောင့်ကိုလိမ်ဖူးလို့လား?"

"မလိမ်ဖူးပါဘူး။ ဒါပေမဲ့ . . ."

"မောင့်ကို အခုဆက်နေတဲ့ဖုန်းကိုလည်း မုန့်ကိုပေးကိုင်လိုက်ပြီ။ Marketing Manager တစ်ယောက်မှာ ဖုန်းတစ်လုံးတော့ ရှိသင့်တယ်တဲ့လေ"

"မောင် ကျေနပ်လိုက်တာမုန့်ရယ်။ မောင် တကယ်ပျော်တယ်"

"အင်း . . . မုန့်သိတာပေါ့။ မောင်တကယ်ပျော်မယ်ဆိုတာ"

မောင်သည် ပျော်သည်ဟုသာပြောနေသော်လည်း စကားသံများ လေးလံနေသေး၏။ သို့သော်လည်း မောင်က ထိုသို့ အချိန်တိုင်းပြော တတ်နေသည်ပဲ မဟုတ်ပါလား။

"ကဲ . . . မုန့် ဖုန်းချလိုက်တော့မယ်နော်။ ညနေကျရင်ဆုံမယ်"

"အင်း . . . ဟုတ်ပြီလေ"

မောင် ဖုန်းချသွား၏။ ထိုစဉ် သူမ သူ့ကို တွေးမိသွား၏။ တကယ် ပင် မဆီမဆိုင် သူ့ကိုသတိရမိပါ၏။ သူမ ရာထူးတိုးသည့်အကြောင်းကို သူသာသိလျှင် မောင်ပျော်သလို သူလည်းပျော်မည်လား။ သို့သော် မဖြစ် နိုင်ချေ။ သူ့ကို သူမပြောစဉ်က သူ တုပ်တုပ်ပင်လှုပ်ခဲ့သည်မဟုတ်။

ထိုအတွေးလေးကြောင့် သူမ သက်ပြင်းငွေ့ငွေ့ချရင်း ရာထူးတိုး ခံရသောကြောင့် ဖြစ်ပေါ်နေသည့်ပျော်ရွှင်မှုများပင် အနည်းငယ် မှေးမှိန် သွားတော့၏။

"ဘယ်လိုလဲ ရတီမုန့်။ မင်းရုံးခန်းလေးက အဆင်ပြေရဲ့လား?"

မထင်မှတ်စွာ ကြားလိုက်ရသည့် အသံကြောင့် သူမ ရုံးခန်းပေါက်ဝ



သို့ လှမ်းကြည့်လိုက်ရာ ကော်ဖီနှစ်ခွက်ကိုကိုင်ထားရင်း ရပ်နေသည့် သူ့ကို တွေ့လိုက်ရပါ၏။ သူမ ယောင်ယောင်ရမ်းရမ်းနှင့် မတ်တတ်ထရပ် လိုက်မိပါ၏။

"ရှင် . . . ကိုထက်ဝန်းကျင်"

"အင်း . . . ဟုတ်ပါတယ်။ မှတ်မိတယ်ပေါ့။ ကဲပါ . . . ထိုင်ပါ ဦး။ ပြီးရင် ကော်ဖီသောက်။ ဒီမှာ မင်းအတွက် Congratulation ကော်ဖီ"

အခန်းထဲသို့ဝင်လာပြီး သူမစားပွဲအရှေ့ရှိ ထိုင်ခုံလွတ်တွင် ဝင်ထိုင် ရင်း သူက အေးဆေးစွာပြော၏။

"ဘာအတွက် Congratulation ကော်ဖီလဲ ကိုထက်ဝန်းကျင်"

"ကျေးရမှာစိုးပြီး မသိချင်ယောင်မဆောင်ပါနဲ့ ရတီမုန့်ရာ။ အခု လည်း ကိုယ်က မင်းကို ကော်ဖီလာတိုက်တာပါ။ မင်းဆီက ဘာမှ မစားပါဘူး Marketing Manager အသစ်စက်စက်လေးရဲ့"

သူမအကြောင်းကို သူမမပြောဘဲ သူကသိနေ၏။ သူမ ထူးဆန်း စွာ သူ့ကိုငေးကြည့်လိုက်စဉ် . . .

"မင်း . . . မထိုင်တော့ဘူးလား ရတီမုန့်"

ဟု သူကပြောရင်း ထိုင်ရာမှထကာ သူမလက်တစ်ဖက်ကိုဆွဲရင်း ထိုင်ခိုင်းလိုက်၏။

"လက်ရဲဇက်ရဲလုပ်တယ်လို့တော့ မထင်ပါနဲ့။ ဒါပေမဲ့ မင်းအံ့သြမှု ကြောင့် အပြင်ကဝန်ထမ်းတွေ မင်းကိုကြည့်နေကြလို့ ဒီလိုလုပ် လိုက်ရတာ"

သူမ ထိုင်ခုံတွင်ထိုင်လိုက်ပြီး . . .

"ဘယ်လိုလုပ်သိတာလဲ ကိုထက်ဝန်းကျင်?"

"သိတာပေါ့။ ကိုယ်က ထက်ဝန်းကျင်လေ"

"ရှင်? . . ."



www.burmeseclassic.com

www.burmeseclassic.com

"စ,တာပါ။ ကိုယ်မင်းကို အရင်ကတည်းက ပြောတယ်လေ။ ဒီ Company က ကိုယ့်သူငယ်ချင်း Company လို့"

"ဒါဆို ကျွန်မရာထူးတက်အောင် ကိုထက်ဝန်းကျင်ကူညီလိုက်တာလား?"

"မဟုတ်ဘူး။ မင်းရဲ့အရည်အချင်းတွေကို မင်းတို့ MD သိအောင် ပြောပြလိုက်တာ။ ဒါပါပဲ"

"ဟုတ်ရဲ့လား?"

"ကိုယ် မလိမ်တတ်ဘူး"

အခက်အခဲကိုဖွင့်ပြောစဉ်က သတိပင်မထားသောသူက သူမအတွက် အားလုံးပြောင်းပြန်ဖြစ်သွားအောင် ကူညီပေးလိုက်သည်တဲ့။ သူမ မအံ့သြဘဲနေမည်လား?

"အခွင့်အရေးယူတယ်လို့တော့ မထင်နဲ့။ ညနေကျရင် ကိုယ့်ကို ကော်ဖီတစ်ခွက်လောက် လိုက်တိုက်ပါလား?"

"ရှင်?"

စစပြုံးရင်း သူကပြော၏။ သူမငြင်းရန် မသင့်တော့။ သူမကို သူ ကောင်းကောင်းကူညီထားသည်ပဲ။ ထိုကူညီမှုကြီးကို သူမ မျက်ကွယ် မပြုသင့်။

"ညနေကျရင် ကျွန်မ ကော်ဖီလိုက်တိုက်ပါ့မယ်"

"အင်း . . . သုံးနာရီလောက်ပေါ့။ ဟုတ်လား?"

"ဟင့်အင်း . . . ရုံးဆင်းမှ"

"အင်း . . . ဒါဆိုလည်း ကိုယ်လာစောင့်နေမယ်လေ နော်"

"ဟုတ်ကဲ့"

"အခုတော့ ကိုယ်တိုက်ထားတဲ့ကော်ဖီကို သောက်လိုက်ဦး။ အေးကုန်မယ်"

သူပြောလိုက်မှ သူမ ကော်ဖီခွက်လေး ယူသောက်လိုက်ပါသည်။ ထိုအခါ သူက ကျေနပ်စွာပြုံး၏။



"ကိုယ်လည်း အလုပ်တွေရှိသေးတယ်။ ခွင့်ပြုဦး"

"ဟုတ်ကဲ့"

သူမကိုလက်ပြရင်း အခန်းထဲမှ ထွက်သွားလေတော့သည်။ သူမ ရင်ထဲ ဝေးဝေးလေးဖြစ်သွားရင်း သူ့ကျောပြင်ကိုသာ ငေးကြည့်နေမိပါတော့၏။ သို့သော် ညနေအဆောင်သို့ အနည်းငယ်နောက်ကျမှ ပြန်ရောက်မည်ဖြစ်ကြောင်း မောင့်ထံသို့ သူမ ဖုန်းဆက်ဖြစ်လိုက်ပါတော့သည်။

www.burmeseclassic.com

"ဘာကော်ဖီသောက်မလဲ?"

"ဘာကော်ဖီရယ်လို့တော့ သတ်သတ်မှတ်မှတ်မရှိပါဘူး။ ကော်ဖီဆိုရင် ဖြစ်ပါတယ်"

ကော်ဖီဆိုင်တွင် ထိုင်လိုက်ပြီးသည်နှင့် သူမအတွက် ကော်ဖီကို သူကိုယ်တိုင်ပင် မှာပေးပါ၏။

"ကျွန်မကို နောက်တစ်ခါကော်ဖီသောက်ဖို့ မဖိတ်ခေါ်ပါနဲ့တော့လား ကိုထက်ဝန်းကျင်"

"ကော်ဖီသောက်တာလေးတစ်ခုအတွက်နဲ့တော့ မင်းကိုမဖိတ်ပါဘူး။ ကိုယ်က မင်းနဲ့ မျက်နှာချင်းဆိုင်ထိုင်နေချင်လို့ပါ။ တကယ်တော့ ကိုယ်လည်း ကော်ဖီကြိုက်တတ်တဲ့လူ မဟုတ်ပါဘူး"

ရဲတင်းလှသည့် သူ့စကားကြောင့် သူမ ခါးမတ်မတ်လေးဖြစ်သွားရ၏။

"ရှင် ဘာကိုရည်ရွယ်ပြီး ပြောနေတာလဲ ကိုထက်ဝန်းကျင်"

"တချို့မိန်းကလေးတွေလို မေးပါလား။ ဥပမာ– ရှင်ဘာဖြစ်လို့ ကျွန်မကိုကူညီတာလဲတို့၊ ဘာဖြစ်လို့ ကော်ဖီသောက်ဖိတ်တာလဲ



တို့ စသည်ပေါ့"

ထိုစဉ် သိသာစွာ သူမရင်ခုန်သံများ မြန်ဆန်လာ၏။ သူ့ကို ငေးမကြည့်တော့ဘဲ မျက်လွှာချလိုက်ရ၏။

"ကျွန်မ မမေးချင်ဘူး"

"အင်း . . . ဒါဆိုလည်း မမေးပါနဲ့တော့။ နောက်ပြီး မင်းကို ဒီလိုပဲ ကော်ဖီသောက်ဖိတ်ဦးမှာပါ"

သူမ ဘာမှပြန်မပြောမိ။ စားပွဲထိုးလေးလာချပေးသော ကော်ဖီကိုသာ အကြောင်းမဲ့ ဇွန်းနဲ့မွှေနေမိပါသည်။

"မင်းကောင်လေးနဲ့ တွေ့ဖြစ်သေးလား?"

ယောကျ်ားကြီးတန်မဲ့ စပ်စုတတ်သည့်သူ့ကို သူမအံ့သြစွာ ကြည့်လိုက်မိပါသည်။

"အေး . . . ပြောရဦးမယ်။ ကိုယ်က စပ်စုတတ်တယ်နော်"

"ဟုတ်ကဲ့ . . . ကျွန်မသိပါတယ်"

"ကိုယ်မေးတာကို ဖြေပါဦး"

"ကျွန်မတို့ တွေ့ဖြစ်ပါတယ်"

"မင်းနဲ့တွေ့ရင် မင်းကောင်လေး ပျော်မှာပေါ့နော်"

"ရှင်?"

"ဟုတ်တယ်လေ။ မင်းက ဒီလောက်ဘဝင်ခိုက်ဖို့ကောင်းတာ မင်းကောင်လေးက တော်တော့်ကို ကံကောင်းပါတယ်"

သူ့စကားကြောင့် သူမရင်ခုန်သံများ ပိုမြန်လာရပါသည်။ ယောင်နေပြီး ရင်ဘတ်ကို လက်လေးနှင့်ဖိလိုက်ရ၏။

"ဘာဖြစ်လို့လဲ?"

"ကျွန်မ ရင်တွေတုန်နေလို့"

"ကော်ဖီကြောင့်လား?"

"ကျွန်မ ကော်ဖီမှမသောက်ရသေးဘဲ"

သူ ထိတ်ပြာသွား၏။



www.burmeseclassic.com

www.burmeseclassic.com

"ဆေးခန်းသွားမလား ရတီမှန်?"

"ကျွန်မ ပြန်ချင်ပြီ"

"ကိုယ်က မင်းနဲ့စကားပြောချင်သေးတာ။ ဒါပေမဲ့ မင်းပြန်ပါ။ ကိုယ် လိုက်ပို့ပေးချင်ပေမယ့် မင်းငြင်းမှာပဲမဟုတ်လား?"

"ကျွန်မကိုခွင့်ပြုပါဦး ကိုထက်ဝန်းကျင်"

သိသိသာသာပင်ခုန်လာသော ရင်ခုန်သံများကြောင့် သူ့အရှေ့တွင် သူမ မနေရဲတော့ဘဲ ကော်ဖီဆိုင်လေးမှထွက်ပြီး Taxi ဖြင့် အဆောင်သို့ ပြန်ခဲ့လိုက်ပါတော့သည်။

မှန်းလိုက်တာ . . . မုန်းလိုက်တာ။

အဲ့ဒီရင်ခုန်သံတွေကို သူမ အသေမုန်းမိပါ၏။ ရည်းစားကြီးရှိလျက်နဲ့ တခြားယောကျ်ားတစ်ယောက်ကို သူမ ရင်ခုန်ရတယ်လို့ တွေးမိတိုင်း စိတ်ပျက်စွာ မျက်လုံးမှိတ်ပစ်လိုက်ရ၏။

"သက်သာလား အန်တီ?"

"သက်သာတယ်လို့လည်း ပြောလို့မရပါဘူး သမီးရယ်။ နည်းနည်းလေး နေသာထိုင်သာရှိတယ်ဆိုရင်ပဲ ကျေနပ်နေရတာပါ"

သူမ အလုပ်ပိတ်ရက် မောင့်မေမေအိမ်သို့ ထွက်ခဲ့လိုက်ပါသည်။ လူနာအတွက်သတင်းမေးရင်း မုန့်အနည်းငယ်ကိုပါ သူမ ဝယ်ခဲ့ပါသေးသည်။

"သမီး အလုပ်ရသွားပြီလို့ သားကပြောတယ်"

"ဟုတ်ကဲ့ . . . ရသွားပါပြီအန်တီ။ သမီးက အန်တီ့ဆီကို လာချင်နေတာ။ ဒါပေမဲ့ အခုမှပဲ လာဖြစ်တော့တယ်"

"ရပါတယ်ကွယ်။ အန်တီ နားလည်ပါတယ်"

အလုပ်မရှိစဉ်က သူမတွင် ငွေမရှိသောကြောင့် လူနာမေးမလာဖြစ်ခဲ့မှန်း ဒေါ်စိန်ခြယ် ကောင်းစွာနားလည်ပါ၏။

"မှန်က မေမေ့ကို အချိန်တိုင်းမေးနေတာလေ"

မောင်ကပါ သူမဘက်မှ ဝင်ပြောပေးပါသည်။





www.burmeseclassic.com

www.burmeseclassic.com

"မေမေသိပါတယ်ကွယ်။ ကဲ . . . သားတို့ စကားပြောနှင့်ဦးလေ၊ မေမေ အခုနဆေးသောက်ထားလို့ ခဏလှဲလိုက်ဦးမယ်။ သမီးလေး အချိန်ရတယ်မဟုတ်လား။ ညနေကျမှ အေးအေးဆေးဆေးပြန်ပေါ့ ဟုတ်လား?"

"ဟုတ်ကဲ့ အန်တီ"

ဒေါ်စိန်ခြယ် အနားယူနေသောကြောင့် သူမနှင့်မောင် ခြံဝန်းလေးထဲသို့ ဆင်းခဲ့လိုက်ကြပါသည်။ သင်္ကေတအိမ်လေးသည် တစ်ထပ်ပျဉ်ထောင်အိမ်လေးဖြစ်ပြီး ခြံဝန်းလေးနှင့် သပ်သပ်ရပ်ရပ်လေးပင်။ ဘိုးဘွားပိုင်အမွေဖြစ်ပါသည်။

"အလုပ်မှာ အဆင်ပြေလား မှန်?"

"ပြေပါတယ်၊ မောင်ရော?"

"အင်း . . . ပြေပါတယ်"

"မောင် . . . မောင့်ကို မှန်ပြောစရာရှိတယ်"

သူမကို Manager ရာထူးရသွားအောင် ကူညီပေးခဲ့သူမှာ ထက်ဝန်းကျင်ဖြစ်ကြောင်း သူမ မောင့်ကို ဖွင့်မပြောရသေးချေ။ ဖွင့်ပြောလိုက်လျှင် မောင် စိတ်အားငယ်သွားမည်ကို သူမစိုးရိမ်ပါ၏။ သို့သော် ဖုံးကွယ်ထားရမှာလည်း သူမ လိပ်ပြာမလုံပြန်။

"ဘာများလဲ မှန်?"

"မှန် Manager ရာထူးရအောင် လူတစ်ယောက်က ကူညီပေးခဲ့တာမောင်"

"ဘယ်သူလဲ မှန်?"

"သူက မှန်ပြောဖူးတဲ့လူလေ။ Valentine နေ့မှာ သူ့ကိုမှန် . . ."

သူမ နှုတ်မရဲတော့သောကြောင့် ဆက်မပြောချင်တော့။

"အင်း . . . အဲ့ဒီတစ်ယောက်လား?"

"ဟုတ်တယ် မောင်"

"ဒီအလုပ်ကိုရအောင်လည်း သူပဲ လမ်းညွှန်ပေးခဲ့တာနော်"



"အင်း . . ."

"ဒါဆို သူ့ကျေးဇူးတွေ မှန့်အပေါ်မှာရှိနေပြီပဲ။ မှန် သူ့ကို ကျေးဇူးတင်စကား ပြောပြီးပြီလား?"

သူမ ထိုအခါမှ စဉ်းစားမိ၏။ သူမ သူ့ကိုတစ်ခါဖူးမှ ကျေးဇူးတင်စကား မပြောဖူးချေ။ သူ့ကိုတွေ့သည်နှင့် မြန်နေသောရင်ခုန်သံများကြောင့် လုပ်သင့်သည်များကိုပင် မေ့လျော့နေပါတော့သည်။

"မှန် . . . မပြောရသေးဘူးမောင်"

"ဟင် . . . မောင့်ရဲ့မှန်က ဘာဖြစ်လို့ ကျေးဇူးတင်စကားမပြောသေးတာလဲ?"

"တကယ်တော့ သူနဲ့တွေ့တိုင်း မှန့်ကိုယ်မှန် မလုံသလိုကြီးဖြစ်နေတယ်မောင်။ နောက်ပြီး သူနဲ့တွေ့တိုင်း မောင့်ကိုသနားတယ်"

"မောင်က မှန့်ကိုယုံတာပဲ။ ရပါတယ်ကွာ။ နောက်ပြီး သူက မှန့်အပေါ်မှာ အကြွေးတင်နေပြီလေ"

"ဟုတ်တယ်နော်"

"ဒီတစ်ခါသူနဲ့တွေ့ရင် မှန် သူ့ကို ကျေးဇူးတင်ဖြစ်အောင် တင်လိုက်ပါကွာ။ မှန့်ကို ကျေးဇူးမသိတတ်တဲ့လူတစ်ယောက် မဖြစ်စေချင်ဘူး"

မောင့်စကားကို သူမ လိုက်လိုက်လျောလျောပင် ခေါင်းညိတ်ခဲ့မိပါသည်။ သူမ သူ့ကိုကျေးဇူးတင်ဖို့ တကယ်ပင် စိတ်အားသန်နေ၏။ သူမဘေးတွင် ချစ်သူသင်္ကေတတစ်ယောက်လုံး ရှိနေသော်လည်း သူမ သူ့ကို ထူးခြားစွာသတိရနေ၏။ အလုပ်နားသည့်ရက် ချစ်သူနှင့်တွေ့နေချိန်လေးမှာပင် သူ့အကြောင်းများက သူမခေါင်းထဲတွင် စိုးမိုးလို့နေ၏။

"ဒါနဲ့ နောက်တစ်ပတ်ဆို မှန့်မွေးနေ့ရောက်ပြီနော်"

သူမကိုမကြည့်ဘဲ ကောင်းကင်ပြာကြီးကိုငေးကြည့်ရင်း ပြောလိုက်သော မောင့်စကားကြောင့် သူမမွေးနေ့ကို သူမ သတိရမိသွားပါ၏။

www.burmeseclassic.com

"ဘယ်လိုလုပ်မလဲ မောင်?။ အဲ့ဒီနေ့မှာ ရုံးဖွင့်တယ်"

"ညနေရုံးဆင်းမှ မောင်တို့ ဘုရားပေါ်တက်ကြတာပေါ့။ မောင် ပန်းဝယ်လာခဲ့မယ်လေ"

"အင်း . . ."

သူမမွေးနေ့တိုင်း သူမနှင့်မောင် ဘုရားတက်၊ ဝတ်ပြုတတ်ကြပါသည်။ သူမအတွက် ထူးထူးခြားခြားအဖြစ် လက်ဆောင်ပေးခြင်းတော့ မောင် မလုပ်တတ်ချေ။ သူမလည်း မတောင်းဆိုဖူး။

သို့သော် မွေးနေ့လက်ဆောင် Fancyဆိုင်လေးများအရှေ့မှ ဖြတ်လျှောက်တိုင်းတော့ သူမ ထိုလက်ဆောင်လှလှလေးများကို သမင်လည်ပြန် ငေးကြည့်တတ်ပါ၏။ သူမဘဝတွင် သူမကို မည်သူတစ်ဦးတစ်ယောက်ကမျှ မွေးနေ့လက်ဆောင် မပေးဖူးပါချေ။



အဝေးကကြည့်တော့
တောင်ကုန်းသာသာ
တကယ်တမ်းတက်ကြည့်တော့
မတ်စောက်လွန်းနေ၏။
ဟန်ဆောင်ဖုံးဖိရခြင်းက
အဲ့လောက်တောင်ခက်ခဲတာ
ဘာကြောင့်လဲ ???



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

သူမ ရုံးသွားရာ လမ်းပေါ်တွင်ရှိနေသော Fancy ဆိုင်လေးအတွင်း မှ လက်ဆောင်လှလှလေးများကို လည်ပြန်ငေးကြည့်နေကြဖြစ်ပါသည်။

သို့သော် ယနေ့တော့ ထူးထူးခြားခြားပင် သူမ ဆိုင်လေးအရှေ့တွင် ခြေအစုံကိုရပ်ပြီး ငေးကြည့်နေမိ၏။ ဒီတစ်နှစ်မွေးနေ့အတွက်တော့ သူမ အတွက် မွေးနေ့လက်ဆောင်ကို သူမကိုယ်တိုင်ဝယ်လိုက်ရင် ကောင်း မည်ဟူ၍လည်း တွေးနေမိပါသေး၏။

ထို့ကြောင့် ဆိုင်ထဲသို့ စိတ်ကြိုက်ငေးကြည့်ရင်း သူမအလိုချင်ဆုံး အရုပ်လေးတစ်ရုပ်ကို ရွေးနေမိ၏။ တွေ့ပါပြီ။ Birthday Cake ကို အသာ ပါးရစားနေသော Panda ဝက်ဝံရုပ်လေး။ ဖယောင်းရုပ်လေးပင်။ Panda လေးပါးစပ်တွင် ပေကျံနေသော Cake အပိုင်းအစများကို အနုစိတ်ဖြင့် လုပ်ထားသည်မှာ အသက်ဝင်လှပါ၏။ ကိတ်မုန့်လေးတွင်လည်း R စာလုံးလေး ရေးထိုးထားသေး၏။



ရတီမှန်ဆိုသော သူမနာမည်၏ အတိုကောက်ဟု မှတ်ယူနိုင်ပါ၏။ သူမ ထိုအရုပ်လေးကိုဝယ်လိုက်ရန် ဆုံးဖြတ်ပြီး ဆိုင်ထဲသို့ဝင်မည် အပြု ဆိုင်ထဲမှထွက်လာသော ထက်ဝန်းကျင်ကို ဘွားခနဲမြင်လိုက်ရပြီး သူမ လန့်သွားရ၏။

"ဟင် . . . မင်း . . . ဒီကို လာတာလား ?"

သူ့လက်ထဲတွင် ဆိုင်တံဆိပ်ပါသော အိတ်လေးတစ်လုံး။ သူလည်း တစ်ခုခု လာဝယ်ပုံပေါ်ပါသည်။

"အင်း . . . လက်ဆောင်တစ်ခုခုဝယ်ရင် ကောင်းမလားလို့"

"ကိုယ်ကတော့ ဝယ်ပြီးသွားပြီ။ အခု မင်းဆီလာတော့မလို့"

"ရှင် ?"

"ဟုတ်တယ်။ မင်းနဲ့ ဒီနေ့မနက် ကော်ဖီသောက်မလို့လေ။ ဒီ တစ်ခါတော့ Request မဟုတ်ဘူးနော်။ Order လို့ မင်းသတ်မှတ် မယ်ဆိုရင်လည်း ကိုယ်မငြင်းဘူး။ ဒါပေမဲ့ မင်း လိုက်ကိုလိုက်ခဲ့ရ လိမ့်မယ်"

သူ ဖွတ်တရွတ်ပြောရင်း သူမရှေ့တည့်တည့်တွင် ရပ်လိုက်၏။

"ကျွန်မ အလုပ်ဝင်နောက်ကျမှာပေါ့"

"ကိုယ် ဒီနေ့မင်းအတွက် ခွင့်တိုင်ထားပြီးပြီ"

သူ ပိုင်စိုးပိုင်နင်း ပြုမူနေ၏။

"ဘာအတွက် ဒီလိုတွေလုပ်နေတာလဲ ကိုထက်ဝန်းကျင် ?"

"သိချင်တယ်မဟုတ်လား ?။ လာ . . . ကော်ဖီဆိုင်ကိုသွားမယ်"

"သူ ပြောပြောဆိုဆိုနှင့် ရပ်ထားသော သူ့ကားအနားသို့ သူမလက် ကို ဆွဲခေါ်သွားလေသည်။

"ရှင် တစ်ဆိတ် လွန်တယ်လို့မထင်ဘူးလား ကိုထက်ဝန်းကျင် ?"

"ဘာအတွက်လဲ ?"

"ရှင် ကျွန်မလက်ကို ဆွဲထားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . သိပါတယ်။ ဒီလိုလုပ်မှ မင်းလိုက်ခဲ့မှာမို့ လုပ်ရတာ ပါ။ တစ်မျိုးမထင်ပါနဲ့"

သူပြောရင်း ကားတံခါးဖွင့်လိုက်ပါသည်။

"မငြင်းနဲ့နော်။ ကိုယ် ဒီတစ်ခါ လက်ပိုက်ပြီး လှည့်ပြန်သွားမှာ မဟုတ်ဘူး"

"ကျွန်မကိုကူညီထားလို့ ရှင် ဒီလိုတွေပြုမူနေတာလား ကိုထက် ဝန်းကျင်?"

"မင်း အဲလိုမထင်ပါနဲ့။ ကိုယ် အဲလိုလူတန်းစားမဟုတ်ဘူး။ နောက် ပြီး ကိုယ့်အကြောင်းတွေသိရင် မင်း ကိုယ့်ကိုသနားပြီး ငိုကောင်း ငိုမိလိမ့်ဦးမယ်"

စိတ်ဆိုးရမည့်အစား သူမ မျက်မှောင်ကုတ်ရင်း သူ့ကိုကြည့်ပြီး ပြုံးလိုက်မိပါ၏။

"ကဲ . . . ကားပေါ်တက်လိုက်နော်"

သူမ ဘာမှဆက်မပြောတော့။ ကားပေါ်သို့ တက်လိုက်ပါသည်။ သူမခေါ်သွားသည့် ကော်ဖီဆိုင်သို့ရောက်လျှင် သူ့ကို ကျေးဇူးတင်စကား ပြောမည်ဟုသာ ဆုံးဖြတ်လိုက်ပါတော့သည်။

သူသည် သူမကို ကန်ပေါင်သို့ ခေါ်ဆောင်ခဲ့လေသည်။ ကန်ပေါင် ပေါ်သို့ စတက်သည်နှင့် သူမ Valentine day မှ အဖြစ်အပျက်များကို ပြန်မြင်ယောင်လာရင်း သူမ ရင်ခုန်ရပါသေး၏။ ကန်ပေါင်ရှိ ထိုင်ခုံ တစ်ခုံတွင် သူဝင်ထိုင်လိုက်ပြီး သူမကိုပါ ထိုင်စေလိုက်ပါသည်။

ထိုခဏမှာပင် သူမအနားသို့ အသက်ငါးနှစ်အရွယ်ရှိ ကလေးလေး တစ်ယောက်ရောက်လာပြီး သူမနှင့်သူ့အတွက် Ice-cream နှစ်ခုပေး လေ၏။

"မမအတွက်၊ မွေးနေ့မှာ ပျော်ရွှင်ပါစေနော်"

သူမမသိသောကလေးလေးက သူမမွေးနေ့ကိုသိနေသည့်အတွက် အံ့သြနေစဉ်မှာပင် သူက ကလေးလေးပေးသော Ice- cream ကို လှမ်း ယူလိုက်သဖြင့် ကလေးလေးသည် ကန်ပေါင်ပေါ်မှ ပြေးဆင်းသွားပါ တော့သည်။ သူမ နားမလည်နိုင်စွာဖြင့် သူ့ကိုမေးမည်ပြုစဉ် သူက . . .

"Ice- cream အရင်စားပါဦးကွာ။ ကလေးလေးက တကူးတကလာ ပေးတာ။ မစားရင် အားနာဖို့ကောင်းတာပေါ့"

ဟုပြောပြီး သူမကို Ice- cream တစ်ခု ကမ်းပေးလေသည်။ သူမ ဘာမှမပြောဘဲ လှမ်းယူလိုက်စဉ်မှာပဲ နောက်ထပ်ကလေးလေးတစ် ယောက် သူမအနားသို့ ရောက်လာပြန်လေသည်။

"Happy birthday to you. Happy birthday to you. Happy birth- day dear မမရတီ။ Happy birthday to you. Happy birthday ပါ မမရတီမှန်"

အသက်လေးနှစ်ခန့်ရှိမည့် ကလေးလေးသည် မွေးနေ့သီချင်းကို ပီပီသသ ဆိုနိုင်စွာသီဆိုပြီး သူမလက်ထဲသို့ နှင်းဆီပန်းအဖြူရောင်တစ်ပွင့်ပေးပြန် လေသည်။ သူမ အံ့သြလွန်းပြီး ကလေးလေးကိုငေးကြည့်နေစဉ်မှာပင် ကလေးလေးသည် ကန်ပေါင်ပေါ်မှ ဆင်းပြေးသွားပြန်၏။

"ဘာတွေလည်း ကိုထက်ဝန်းကျင်။ အဲ့ဒီကလေးလေးတွေက ကျွန်မ မွေးနေ့ကို ဘယ်လိုလုပ်သိနေတာလဲ?"

"ကိုယ်လည်း မသိဘူးလေ"

ထိုစဉ် ကလေးလေးတစ်ယောက် ရောက်လာပြန်၏။ ထိုကလေး ကတော့ အသက်ခုနစ်နှစ်ခန့်ရှိလေသည်။ လက်ထဲတွင်လည်း ကိတ်မုန့် လေးတစ်လုံး။ အသည်းပုံစံကိတ်မုန့်လေး၏ အလယ်တည့်တည့်တွင် ရေးထားမည်အတိုကောက် Y ဟူသောစာတန်းလေးထိုးထားပြီး ဖယောင်း တိုင်လေးတစ်တိုင် စိုက်ထား၏။

"ဒီက ကိုကိုနဲ့အတူ မွေးနေ့ကိတ်လှီးလိုက်နော်။ သားက ကျောင်း သွားရမှာမို့ ခွင့်ပြုပါဦး"

ကလေးလေးတန်မဲ့ စကားတတ်လွန်းသောကောင်လေးကို ငေး ကြည့်နေတုန်းမှာပဲ ထိုကလေးလေးသည် အရင်ကလေးများကဲ့သို့ ကန်



www.burmeseclassic.com

www.burmeseclassic.com

ခေါင်ထဲမှ ဆင်းပြေးသွားပြန်သည်။ သူက ပြုံးရိပ်ရိပ်ဖြင့် မွေးနေ့ကိတ်လေးကို မီးညှိလိုက်၏။

"ကဲ . . . မွေးနေ့ရှင်"

သူမ အံ့သြလွန်းသဖြင့် အကြောင်းစုံမေးရန်ပင်မေ့နေပြီး သူ့ကိုသာ ငေးကြည့်နေမိ၏။

"လေတိုက်နေတော့ ဖယောင်းတိုင်မီး ငြိမ်းသွားမယ်။ အမြန်မှုတ်လိုက်ဦး"

သူ့တိုက်တွန်းမှုကြောင့် သူမ ပဟေဠိပေါင်းများစွာနှင့် မွေးနေ့ဖယောင်းတိုင်ကို မှုတ်လိုက်ပါသည်။ ထို့နောက် သူက အသင့်ပါလာသောဓားလေးဖြင့် သူမကို မွေးနေ့ကိတ်လှီးစေပါသည်။ မွေးနေ့ကိတ်လှီးပြီးသည်နှင့် သူမလက်ကို သူလှမ်းကိုင်ပြီး ထိုကိတ်ကို သူအရင်ဦးဆုံးစားလိုက်ပါသည်။

"ကောင်းလိုက်တဲ့ မွေးနေ့ကိတ်"

သူမ အံ့သြလွန်းစွာ ငေးကြည့်မိနေဆဲ . . .

"အံ့သြပြီး ဆွေမျိုးတွေကိုတော့ မမေ့လိုက်နဲ့နော် ရတီမှန်"

ပြုံးစေ့စေ့ဖြင့် မွေးနေ့ကိတ်ကိုစားရင်း သူကပြော၏။

"ဒါတွေအားလုံး ကိုထက်ဝန်းကျော် စီစဉ်ထားတာလား ?"

"ဟုတ်တယ်ထင်တယ်"

"ရှင် ?"

သူမဘဝအတွက် ပထမဦးဆုံးပြုလုပ်မိသည့် မွေးနေ့ပွဲလေးသည် လွန်စွာလွန်စွာပင် ထူးခြားလွန်းနေ၏။ ကလေးလေးများနှင့် မွေးနေ့လေးကို တန်ဆာဆင်ပေးနိုင်သောသူ့ကို သူမ မည်သို့တုံ့ပြန်ရမည်နည်း။ သူမရင်ခုန်လွန်းပြီး ပျော်ရွှင်မိပါ၏။

"ကြည့်စမ်း . . . ။ ကလေးတွေကပဲ မင်းအတွက် မွေးနေ့လက်ဆောင်တွေ၊ သီချင်းတွေ၊ ပန်းတွေပေးသွားကြတယ်။ ကိုယ်တော့ မပေးရသေးဘူး။ ဒီတော့ . . ."



ပြောရင်းနှင့် သူ့လက်ထဲမှအိတ်လေးကို သူမထံသို့ ပေးလိုက်ပါသည်။

"အဲ့ဒါ မင်းအတွက် မွေးနေ့လက်ဆောင်"

သူမမွေးနေ့လက်ဆောင်လေးကို ဖွင့်ကြည့်လိုက်ပါ၏။ ဘုရား . . ဘုရား . . . သူမလိုချင်နေသော Pandaလေး၊ Birthday Cake ကို ထိုင်စားနေသည့် အရုပ်လေးပင်။

"ဆိုင်ထဲကိုဝင်ဝင်ချင်း အဲ့ဒီအရုပ်ကိုတွေ့ပြီး မင်းကြိုက်လိမ့်မယ်လို့ တွက်လိုက်မိတယ်။ အဲ့ဒါကြောင့်ဝယ်လာတာ။ နောက်ပြီး ကိတ်လေးအပေါ်မှာ မင်းနာမည်လိုပဲ Y ရေးထားသေးတယ်လေ"

သူမ အရုပ်လေးကို မြတ်နိုးယုယစွာ ကိုင်ကြည့်နေမိဆဲ။

"ကဲ . . . Birthday လေးက မင်းအတွက် ထူးဆန်းရဲ့လား ရတီမှန်"

ပြုံးစစဖြင့်မေးသော သူ့မျက်ဝန်းကို ကြည့်လိုက်မိသည့် တစ်ခဏသူ့ရင်ခွင်ထဲသို့ခိုဝင်ပြီး 'ထူးဆန်းတာပေါ့ ကိုထက်ဝန်းကျော်ရယ်' ဟူ၍ပင် သူမ ဖြေလိုက်ချင်ပါတော့သည်။ သို့သော် ဖြစ်ပေါ်လာသည့် သူမစိတ်ကို အသည်းထိန်းချုပ်ရင်း သူ့ကိုခေါင်းညိတ်၍သာ တုံ့ပြန်လိုက်ပါတော့၏။

"တစ်နှစ်လုံးရဲ့ မွေးနေ့တစ်ရက်လေးမှာ ကိုယ့်ကိုအချိန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ရတီမှန်။ ကဲ . . . အခု ဘယ်ကိုသွားချင်သေးလဲ ?"

ယောကျ်ားတန်မဲ့ ရွှန်းလဲ့လွန်းနေသည့် သူ့အကြည့်များအောက်မှာ သူမ အသက်ရှုရန်ပင် မေ့နေတော့၏။ သူ့အပေါ်ပျော်ဝင်ချင်သည့်စိတ်ကို ထိန်းနေရသောကြောင့် သက်ပြင်းအခါခါ ချမိနေပြန်၏။ ရင်ခုန်လွန်းသောကြောင့် သူမမျက်ဝန်းမှတစ်ဆင့် သူသိသွားမည်ကိုလည်း စိုးလာပြန်၏။

"ကျွန်မပြန်သင့်ပြီ ကိုထက်ဝန်းကျော်"



www.burmeseclassic.com

www.burmeseclassic.com

"သေချာလို့လား?"

သူမကို သူစိုက်ကြည့်ရင်း မေးပါ၏။

"ကျွန်မကို အဲ့လိုတွေစိုက်မကြည့်ပါနဲ့ ကိုထက်ဝန်းကျင်"

"ကိုယ်စိုက်မကြည့်ပါဘူး၊ ပုံမှန်ပဲကြည့်တာပါ။ ကိုယ်က မိန်းကလေးတစ်ယောက်ကို စိုက်ကြည့်စရာလား"

"မသိဘူး။ ဒါပေမဲ့ အဲ့လိုကြီး စိုက်မကြည့်နဲ့"

"ဟောဗျာ . . . ကောင်းပါပြီ။ မကြည့်နဲ့ဆိုလည်း မကြည့်တော့ပါဘူး"

"ကျွန်မပြန်ချင်ပြီ ကိုထက်ဝန်းကျင်"

"မင်းကောင်လေးဆီကို သွားတော့မလို့လား?"

"ကျွန်မ အဆောင်ကိုပြန်မှာပါ"

"ကိုယ်လိုက်ပို့ပေးမယ်လေ"

"ဟင့်အင်း . . . Taxi နဲ့ပဲပြန်မယ်"

သူ ငေးငေးလေးဖြစ်သွား၏။ ထို့နောက် သူမ ကန်ပေါင်ပေါ်မှ ဆင်းခဲ့လိုက်ပါသည်။ သူမ ရင်ခုန်လွန်းသောကြောင့် အလုပ်တွင် Manager ရာထူးရအောင်ပြောပေးသည့်သူ့ကို ကျေးဇူးတင်စကားပြောရန် မေ့ခဲ့မိပြန်သည်။

မောင်ကလည်း သူ့ကိုကျေးဇူးတင်သင့်သည်ဟု ပြောထားသေးသည်မဟုတ်လား။ ထို့ကြောင့် ကျေးဇူးတင်စကားပြောရန် သူရှိရာကန်ပေါင်ပေါ်သို့ ဒုတိယအကြိမ်မြောက် တက်ခဲ့လိုက်ရပြန်သည်။

"အဆောင်ပြန်မယ့်စိတ်ကူး ပြောင်းသွားပြီလား ရတီမှန်"

သူမ စိတ်ကူးပြောင်းချင်ပါ၏။ သူ့ဘက်က သူမနှင့်ပတ်သက်မှုကို တိတိကျကျ ခေါင်းစဉ်မတပ်ထားသော်လည်း သူမတွင် ရည်းစားမရှိခဲ့လျှင် သူနှင့် ယနေ့တစ်နေ့လုံး အချိန်ဖြုန်းမိမည်ပင်။ သို့သော် လူ့ကျင့်ဝတ်များအရ သူမ ထိုသို့မလုပ်သင့်။



"ကျွန်မ ပြောစရာကျန်သေးလို့"

"ပြောလေ . . . ကိုယ်နားထောင်နေပါတယ်"

"ကျွန်မကို Manager ရာထူးရအောင်ပြောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"အဲ့ဒါပြောဖို့လား"

"အင်း . . . "

"အဲ့ဒီအတွက် ကိုယ်နဲ့အတူ ကော်ဖီလိုက်သောက်ပြီးပြီလေ"

"ဒါပေမဲ့ . . . ကျေးဇူးတင်ပါတယ်ဆိုတဲ့စကားမှ မပြောရသေးတာ"

"ဒါဆို ဘာလို့ အဲ့ဒီတုန်းက မပြောတာလဲ"

ရင်ခုန်လွန်းနေသောကြောင့် ကျေးဇူးတင်ဖို့ပါ မေ့နေပါသည်ဟု သူမ ဝန်ခံရမည်လား။ သူမ ဝန်မခံသင့်ပါ။ ထိုရင်ခုန်သံများကြောင့် မောင့်ကို သူမသနားလွန်းနေ၏။

"ကျွန်မ အခု ကျေးဇူးတင်စကားပြောနေပြီပဲ"

"ဟုတ်ပါပြီ . . . ရပါတယ်ကွာ။ ဒီလူ ဒီလူတွေပဲ မလိုပါဘူး"

"ဒါဆို ကျွန်မပြန်တော့မယ်"

သူ့ကို သူမ ကျောခိုင်းလိုက်ပြန်၏။

"ကိုယ့်ကို ဖုန်းဆက်ပါလား?"

သူ့တောင်းဆိုမှုကြောင့် သူမ လှည့်ကြည့်လိုက်မိပြန်သည်။

"မင်းတစ်ခုခုလိုအပ်ရင် ကိုယ့်ဆီကို ဖုန်းဆက်ပါလား?"

"ဟင့်အင်း . . . မဆက်ချင်ဘူး"

စေ့စေ့ကြည့်နေသော သူ့အကြည့်များကို ရှောင်သည့်အနေနှင့် သူမ ကျောခိုင်းလိုက်ပြန်သည်။

"ကိုယ့်ဆီမှာ မင်းဖုန်းနံပါတ်ရှိတယ်။ ဆက်ရမှာလား?"

"မဆက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com

သူမ တော့အခိုင်းရင်းနှင့်ပင် ဖြေလိုက်ပါ၏။ ရင်ခုန်လွန်း၍ သူမ ရင်ဘတ်ကို လက်ဖဝါးဖြင့် ဖိလိုက်ရပါသည်။

အရင်ကတည်းက ယိုင်နဲ့နေသည့် သူမစိတ်များ သူ့အပေါ်တွင် ပြိုကျသွားလို့မဖြစ်။ အပြစ်မဲ့သည့် သူမ၏ချစ်သူ သင်္ကေတအပေါ်တွင် သူမ သစ္စာမဖောက်ဝံ့ချေ။

"ဒါဆို မင်းနဲ့စကားပြောချင်တဲ့အချိန်တိုင်း မင်းဆီကို လာခဲ့ရ မလား?"

"မလာခဲ့ပါနဲ့ ကိုထက်ဝန်းကျင်"

"ဒါဆို အရမ်းတွေ့ချင်ရင် ဘာလုပ်ရမလဲ?"

"ကျွန်မမှာ ချစ်သူရှိတယ်လေ။ ကျွန်မချစ်သူကို ရှင် မသနားဘူး လား"

"ကိုယ်က ဖုန်းဆက်ခွင့်၊ စကားပြောခွင့် တောင်းတာလေ။ မင်း ချစ်သူက မင်းရဲ့အချိန်တွေအကုန်လုံးကို ပိုင်ဆိုင်ထားတာလေ။ ကိုယ့်ကို သူ့ဆီကနေ နည်းနည်းလေးတောင် ခွဲမပေးနိုင်ဘူးလား?။ မင်းတကယ်သနားသင့်တာ ကိုယ့်ကိုပါ"

"ဟင့်အင်း . . . ကျွန်မ ခွဲမပေးချင်ဘူး"

"အချိန်တိုင်း မင်းချစ်သူက အကြောင်းအမျိုးမျိုးပြပြီး မင်းကို ဖုန်း ဆက်ခွင့်ရှိတယ်။ စကားပြောခွင့်ရှိတယ်။ မင်းဆီ လာခွင့်လည်းရှိ တယ်။ အဲဒီအခွင့်အရေးတွေ ကိုယ်လည်းလိုချင်တယ် ရတီမှန်"

"ကျွန်မ မပေးပါရစေနဲ့"

သူ့တောင်းဆိုမှုများကြောင့် မြန်လွန်းနေသော သူမရင်ခုန်သံများ ကို လက်လေးနှင့်ဖိရင်း သူမ မျက်စိစုံမှိတ်ပြီး ငြင်းလိုက်မိပါ၏။ ထို့ နောက် . . .

"ကျွန်မကို နောက်တစ်ခါ ထပ်မခေါ်ပါနဲ့တော့။ ကျွန်မပြန်သင့် နေပြီ"



"မင်းကို ကိုယ်တစ်ခါမှ မခေါ်ပါလားကွာ။ ကန့်ဆေါင်ဆေါ်ကို ဒုတိယ အကြိမ်မြောက် ပြန်တက်လာခဲ့တာ မင်းလေ"

သူမခြေလှမ်းများ လေးလံနေ၏။ သို့သော် ကြိုးစားပြီး ကန့်ဆေါင် ဆေါ်မှ ဆင်းခဲ့လိုက်ပါသည်။ ဘာကြောင့်များ သူနှင့်သူမ တွေ့ဆုံခဲ့ရ ပါသနည်း။ တကယ်လို့ ဆုံမှာသေချာရင်လည်း ဘာဖြစ်လို့ ဒီထက် စောပြီး မတွေ့ခဲ့ကြတာပါလိမ့်။ တွေးရင်းနှင့် သူမ မျက်ရည်ဝဲရပါတော့ ၏။ သူစိမ်းယောကျ်ားတစ်ယောက်အတွက်နဲ့ သူမ ပထမဦးဆုံးမျက်ရည် ဝဲလိုက်မိခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မောင့်ကိုတွေ့တွေ့ချင်းမှာပင် သူမ ပတ်ဝန်းကျင်ကို ဂရုမစိုက်တော့ဘဲ ဖက်လိုက်မိပါတော့သည်။ အဆောင်ညှော်ခန်းတွင်ရှိနေသော မိန်းကလေးတချို့ သူမ၏လုပ်ရပ်ကို နားမလည်စွာ ကြည့်နေကြတော့၏။

"မှန် . . . လူတွေကြည့်နေတယ်"

မောင်က သူမကို သတိပေး၏။

"မှန့်မွေးနေ့လက်ဆောင်အဖြစ် မောင် ခဏလောက်ဖြစ်ဖြစ် ငြိမ်နေပေးပါနော်"

တောင်းဆိုလိုက်ရင်း သူ့အတွက်ခုန်ခဲ့သည့် ရင်ခုန်သံများကြောင့် သူမ စိတ်ကျဉ်းကျပ်ရင်း မျက်ရည်ဝဲမိပါ၏။ သူမ သစ္စာဖောက်ရင်ခုန်သံများအတွက် လွန်စွာ ပင်ပန်းနေပြီဖြစ်ပါသည်။

မောင်က သူမပြောသည့်အတိုင်း ထိုအတိုင်း ငြိမ်သက်စွာ ရပ်နေပေးပါသည်။ သူမ၏အပြုအမူမှာ မောင့်အတွက် လွန်စွာထူးဆန်းနေပါ၏။ ရည်းစားသက်တမ်းတစ်လျှောက်တွင် သူမ ထိုသို့တစ်ခါဖူးမျှ မပြုမူဖူးချေ။





သိုင်းဖက်ထားသည့် သူမလက်များကို ဖြေလိုက်ပြီးသည့်တစ်ခဏတွင် မောင်က သူမကို အေးချမ်းစွာပြော၏။ ထို့ကြောင့် သူမ ထိုင်လိုက်ပါသည်။

"မှန် ဘာဖြစ်နေလို့လဲ?။ မောင့်ကို ဖွင့်ပြောချင်လား?"

"ဒီနေ့ မှန့်မွေးနေ့ကို သူလုပ်ပေးတယ် မောင်"

"သူဆိုတာ Valentine နေ့ကလူလား မှန်?"

သူမ ခေါင်းညိတ်ပြလိုက်ပါသည်။

"သူ့ကို ကျေးဇူးတင်စကားပြောပြီးပြီလား မှန်?"

"မနက်က ပြောလိုက်ပါတယ်။ နောက်ပြီး မနက်က သူနဲ့အတူ မှန် မွေးနေ့ကိတ်လှီးခဲ့တယ်"

"မောင်မလုပ်ပေးနိုင်တဲ့ မွေးနေ့လေးရဲ့လိုအပ်ချက်တွေကို သူက လုပ်ပေးတယ်ဆိုတော့ မောင် သူ့ကိုကျေးဇူးတင်ရတော့မှာပေါ့"

"မဟုတ်တာ မောင်ရယ်"

မောင်သိသည်က သူမမွေးနေ့ပွဲကို သူကလုပ်ပေးခဲ့သည်ပေါ့။ မောင်မသိသည်ကတော့ သူမ၏စည်းကျော်ချင်နေသည့် ရင်ခုန်သံများပင် ဖြစ်ပါ၏။

"မောင် . . . မှန် အခု မှားနေတယ်မဟုတ်လား?"

"ဘာကိုလဲ မှန်?"

"မှန် မောင်မဟုတ်တဲ့တခြားသူနဲ့ မွေးနေ့လုပ်ခဲ့တယ်လေ"

"မောင်မပေးနိုင်တဲ့ ဖန်တီးပေးမှုမျိုးကို သူက လုပ်ပေးခဲ့တဲ့အတွက် သူ့ကိုမောင် ကျေးဇူးတင်ချင်တာ။ အဲ့ဒါနဲ့ပတ်သက်ပြီး မှန်မမှားပါဘူး။ တကယ်လို့ တစ်ယောက်ယောက်က မှားတယ်လို့ပြောမယ်ဆိုရင် အပြောခံသင့်တဲ့လူက မောင်ပါ"

"မဆိုင်လိုက်တာ မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း . . . တကယ်ပြောတာ။ မှန့်အတွက် မောင်မလုပ်ပေးနိုင်တာတွေများလို့ တခြားသူတစ်ယောက်က မောင့်အစား လုပ်ပေးခွင့်ရသွားတာလေ။ တကယ်လို့ မောင်သာ မနက်က အလုပ်မှာမရှိဘဲ မှန့်အနားမှာဆိုရင် သူ မှန့်အတွက် ဘာလုပ်ပေးနိုင်ဦးမှာလဲ ?"

မောင် စိတ်ဓာတ်ကျစွာ ပြော၏။

"သူဘယ်လောက်ပဲ လုပ်ပေးချင်ပေးချင် မောင်တစ်သက်လုံး မှန့်အနားမှာရှိတော့ သူဘယ်လိုလုပ် အခွင့်သာတော့မှာလဲ။ မောင့်ဘဝပေးကံကချို့တဲ့တော့ သူ့အတွက် အဲ့ဒါ အခွင့်အရေးဖြစ်သွားတာပေါ့"

"မောင်ရယ် . . ."

"မောင် မှန့်ကိုအရမ်းချစ်တယ်။ ဒါပေမဲ့ အဲ့ဒီအချစ်ကိုဖော်ပြဖို့ မောင့်မှာ အခွင့်အရေးမရှိဘူး"

"ဘယ်ကသာ . . . မောင့်အချစ်ကို မဖော်ပြလည်း မှန်ကနားလည်ပါတယ် မောင်ရယ်။ နောက်ပြီး မှန်က အဲ့လိုဖော်ပြတိုင်းပျော်ဝင်တတ်တဲ့ မိန်းမမဟုတ်ပါဘူး"

သူမ မောင့်လက်ဖဝါးလေးတစ်ဖက်ကို ယုယစွာဆုပ်ကိုင်လိုက်ပါတော့သည်။ သို့သော် သူမတို့ ထိုနေ့က ဘုရားမတက်ဖြစ်တော့။ ချစ်သူသက်တမ်းတစ်လျှောက် ဘုရားတက်ရန် ပထမဦးဆုံး ပျက်ကွက်ခဲ့ခြင်းဖြစ်ပါသည်။

သို့သော် ထူးဆန်းနေသည်မှာ သူမသည် မောင်နှင့်ရည်းစားဖြစ်ခဲ့သော်လည်း မောင့်ကြောင့် ထိုသို့ တစ်ခါဖူးမျှ ရင်မခုန်ဖူးချေ။ အများကအားကျနေသည့်မောင့်ကို သူမ ချစ်သူအဖြစ် လက်ခံခဲ့ခြင်းဖြစ်ပါသည်။ ထို့ထက်တော့ ဘာမှမထူးခြားချေ။

❧ ❧ ❧



သူမ ဘာတွေဖြစ်နေသည်လဲ ?။ ကိုယ့်ကိုယ်ကိုယ် စမ်းစစ်ကြည့်မိပါတော့၏။

သူ့အရှေ့ရောက်တိုင်း တရားလွန်ခုန်တတ်သည့် ရင်ခုန်သံများကိုလည်း သူမမုန်းနေ၏။ ထို့အပြင် မဆီမဆိုင် သူ့အကြောင်းများကိုလည်း တွေးတတ်ပါသေး၏။ သူမ မောင်နှင့်ရှိနေသည့် အချိန်များမှာပင်လျှင် သူ့ကို တွေးတွေးမိနေ၏။

မောင်နှင့်သူမ ချစ်သူရည်းစားဖြစ်နေသော်လည်း မောင့်အကြောင်းသည် သူမခေါင်းထဲသို့ ခဏခဏ ရောက်မလာတတ်။ ထို့အပြင် မောင့်ကိုတွေ့တိုင်းလည်း သူမ ရင်မခုန်ဖူးချေ။ ပြောရမည့်စကားများကိုလည်း မမေ့တတ်။

မောင်ကလည်း သူမကို အံ့သြမှုများ၊ အံ့အားသင့်မှုများကို တစ်ခါဖူးမျှ ဖန်တီးမပေးဖူးပြန်။ ထူးဆန်းသောတွေ့ဆုံမှုမျိုးကိုလည်း ကြုံဝင်မကြုံဖူး။



www.burmeseclassic.com

www.burmeseclassic.com

မောင်နှင့်သူမ ချစ်သူသက်တမ်း ကြာမြင့်နေပြီဖြစ်၏။ မောင့်ဘက်မှ တခြားဘယ်မိန်းကလေးတစ်ယောက်ကိုမှ မျက်လုံးပင်မကစား။ ရင်ခုန်ဖို့ဝေးလေစွ။ သို့သော် သူမကတော့ . . .

သူ့ကိုတွေ့တိုင်း ခုန်လွန်းနေသောရင်ခုန်သံများကြောင့် ယောင်ရမ်းပြီး လက်ဖဝါးနှင့်ပင် ရင်ဘတ်ကို ဖိထားရနေပါသည်။

သူမ မောင့်အပေါ်တွင် လွန်စွာ မတရားရာကျနေပါသည်။ ထို့ကြောင့် သူနှင့်တွေ့တိုင်း မောင့်ကိုသာ သူမ အကြိမ်ကြိမ် သနားနေမိပါတော့သည်။



"အစ်မ . . . Lunch Time ရောက်ပြီနော်။ Brake လုပ်လိုက်ရတော့မလား?။ မီးမီးလည်း ဗိုက်ဆာနေပြီ"

သူမ၏လက်ထောက်ကောင်မလေး မီးမီး၏စကားကြောင့် သူမ နာရီကိုကြည့်လိုက်တော့ နေ့လယ် ၁၂ နာရီပင် ခွဲတော့ပေမည်။

"အင်း . . . ဒါဆိုလည်း ထမင်းစားလိုက်ကြတာပေါ့"

သူမပြောပြီး လုပ်လက်စအလုပ်များကို ရပ်လိုက်လေသည်။ ထို့နောက် ဝန်ထမ်းထမင်းစားခန်းထဲသို့ မီးမီးနှင့်အတူ ဝင်ခဲ့လိုက်ပါသည်။ ထမင်းစားခန်းထဲတွင် အခြားဝန်ထမ်းများသည် ထမင်းပင်စားလို့ပြီးနေကြပါ၏။

သူမနှင့်မီးမီး ထမင်းချိုင့်ကိုယ်စီ ဖွင့်လိုက်ကြပါသည်။

"အစ်မက ပဲပြုတ်တစ်မျိုးပဲလား"

မနက်က အလုပ်နောက်ကျနေသောကြောင့် အလွယ်တကူ ပဲပြုတ်ဆီဆမ်းပြီးသာ ထည့်ခဲ့သော်လည်း သူမ တကယ်တော့ ပဲပြုတ်ကို အလွန်မုန်းပါ၏။ ထမင်းနှင့်လည်း မစားတတ်။ ပဲပြုတ်တွင်ဆမ်းထားသည့်ဆီနှင့်သာ ထမင်းစားရန် စဉ်းစားလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"မနက်က အလုပ်နောက်ကျမှာစိုးလို့ အမြန်ရတဲ့ပဲပြုတ်ပဲ ထည့်ခဲ့တာ။ မီးမီးစားချင်ရင် ယူစားနော်။ အားမနာနဲ့"

"အဲ့ါမလည်း မီးမီးဟင်းကို ယူစားလေ။ မုန်ညှင်းရွက်ကို ဝက်သားနဲ့ကြော်ထားတာ"

"ကျေးဇူးပါပဲ မီးမီးရယ်။ ဒါပေမဲ့ အစ်မ ခြေလေးချောင်းသားရှောင်ထားတယ်"

"ဟာ . . . အစ်မ၊ မသိလို့နော် Sorry"

မီးမီးက သူမကို အားနာစွာပြောလိုက်၏။

"ရပါတယ်။ မီးမီးက မသိလို့ပဲဥစ္စာ"

သူမ လွန်စွာမနှစ်မြို့သော ပဲပြုတ်နှင့်ပင် ထမင်းကိုစတင်ရန် ပြင်ဆင်လိုက်ပါတော့သည်။

"စားနေပြီလား မီးမီး ?"

အခန်းဝမှ လှမ်းမေးလိုက်သံသည် သူ့အသံနှင့်တူနေသော်လည်း သူမ လှည့်မကြည့်လိုက်။

"အခုမှစတာပါ ကိုထက်ဝန်းကျင်"

မီးမီးဖြေသံကြောင့် သူမ အထိတ်တလန့်နှင့် အခန်းဝသို့လှည့်ကြည့်လိုက်မိသော် သူက ပြုံးပြုံးကြီး သူမကိုကြည့်ရင်း ထမင်းစားခန်းထဲသို့ ဝင်လာလေသည်။ သူ့လက်ထဲတွင်လည်း အထုပ်များကိုင်ထားသေး၏။

"အေးကွာ . . . ကိုယ်လည်း အမီရောက်အောင် မနည်းကြီး[illegible] လာခဲ့တာ"

ပြောပြောဆိုဆိုနှင့် သူသည် သူမဘေးတွင် ဝင်ထိုင်လိုက်ပါ၏။ မထင်မှတ်ဘဲ သူ့ကိုတွေ့လိုက်ရ၍ သူမပါးစပ်ထဲသို့ထည့်ထားသည့် ထမင်းပါ သီးသွားရ၏။

"အဟွတ် . . . အဟွတ် . . ."

"ဟာ . . . ရေပေးပါ မီးမီး။ သူ့ကို ရေတိုက်လိုက်"



"ဟုတ်ကဲ့"

မီးမီးက သူမကို ရေတိုက်၏။

"ဘယ်လိုဖြစ်တာလဲ ရတီမွန်ရယ်။ သတိထားပြီးစားပေါ့"

သူမ ရေသောက်ပြီး သက်ပြင်းမြည့်မြည့် ချလိုက်ရ၏။

"ကိုယ်ဗိုက်ဆာလို့ ဟင်းတွေဝယ်ပြီး ဒီကိုလာခဲ့တာ။ ကဲ . . . မီးမီးရေ . . . ကျွန်တော်ဝယ်လာတဲ့ဟင်းတွေကို နည်းနည်းလောက်ပြင်ဆင်ပေးပါလား။ ခိုင်းတယ်လို့ မထင်နဲ့နော်။ ဝိုင်းလုပ်ဝိုင်းစားပေါ့။ ဒါနဲ့ ရတီမွန်က CP ကြက်စားတယ်နော်"

သူမ အံ့သြနေသည်ကိုပင် သူ ဂရုမထားဘဲ မီးမီးနှင့်အလုပ်ရှုပ်နေလေတော့သည်။ ထို့နောက် သူမနှင့်အတူ သူ၊ မီးမီးတို့ ထမင်းစားဖြစ်ကြပါသည်။

"ပဲပြုတ်က အလွယ်ရလို့ဝယ်လာခဲ့ပေမယ့် မင်းကြိုက်မယ်လို့တော့ ကိုယ်မထင်ဘူး ရတီမွန်"

"ကျွန်မကြိုက်ပါတယ် ကိုထက်ဝန်းကျင်"

"ဟား . . . ကိုယ့်ကို ဒီလိုကြီးမညာတတ်ဘဲနဲ့ မညာစမ်းပါနဲ့ ရတီမွန်"

ပြောပြောဆိုဆိုနှင့် သူဝယ်လာသည့်ဟင်းများကို သူမထံသို့ထည့်ပေးပါသည်။ သူမ ဘယ်လိုငြင်းငြင်း ငြင်းမရတော့မှန်း ကောင်းစွာသိလိုက်ပြီး သူမ လက်လျှော့လိုက်ရတော့သည်။ သူမနှင့်သူ့ကို မီးမီးသာမက ရုံးရှိဝန်ထမ်းတော်တော်များများက စပ်စုသည့်အကြည့်များနှင့် ကြည့်ကြပါသေးသည်။ ပြုံးစေ့စေ့အကြည့်များကို သူမ မလိုလားပါ။

"ထမင်းစားပြီးရင်သောက်ဖို့ ကော်ဖီထုပ်ပါလာပါတယ်။ မင်း ရေနွေးအိုးတည်လိုက်ပါလား ရတီမွန်"

သူမ ငြင်းရန်လည်း အဆင်မပြေဖြစ်နေသောကြောင့် Electric Pot နှင့်ပင် ရေနွေးတည်လိုက်ရ၏။ ထို့နောက် သူပြောသည့်အတိုင်း ကော်ဖီသောက်ဖြစ်လိုက်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"နေလယ်နေ့ခင်း ဘာစားတတ်လဲ ရတီမှုန်"

"ကျွန်မ သရေစာမစားတတ်ဘူး ကိုထက်ဝန်းကျင်"

"မစားတတ်ရင် စားတတ်အောင်ကျင့်လေ။ ကိုယ် မင်းအတွက် Cheese တစ်ဘူးဝယ်လာတယ်။ နေ့လယ် အိပ်မငိုက်ဘူးပေါ့"

သူက ပြောပြောဆိုဆိုနှင့် ထမင်းစားခန်းထဲရှိ ရေခဲသေတ္တာထဲသို့ Cheese ဘူးလေးကို ထည့်လိုက်လေသည်။

"ကဲ . . . ကိုယ်နေချင်သေးပေမယ့် ဒီနေ့ထမင်းစားချိန်ကျော်ရင် Meeting ရှိလို့ ပြန်လိုက်ဦးမယ်။ စိတ်မဆိုးနဲ့"

ပြောပြောဆိုဆိုနှင့်ပင် သူပြန်သွားလေ၏။ သူမ သူ့လုပ်ရပ်ကို ရှက်နေမိပါ၏။ ရုံးခန်းအတွင်းရှိလူများ၏ အကြည့်များကိုလည်း သူမ ကောင်းစွာသဘောပေါက်ပါ၏။ ထမင်းစားခန်းမှ သူမရုံးခန်းသို့ပြန်ရောက်သော် မီးမီးက . . .

"မမက ကံကောင်းလိုက်တာနော်။ အလုပ်ထဲအထိ ကိုယ်တိုင်ရောက်လာပြီး ထမင်းကျွေးမယ့်သူနဲ့၊ ဘာနဲ့"

မီးမီး၏ မလွတ်မကင်းစကားက သူမကို အရှက်ရစေပါသည်။ သူမတွင် မောင်ရှိနေသည် မဟုတ်ပါလား။

"သူနဲ့မမ ဘာမှမဆိုင်ဘူး မီးမီး"

"ဟုတ်လား။ ဒါပေမဲ့ နေ့လယ်ကျရင် သူပေးထားတဲ့ Cheese စားရင် မီးမီးကို နည်းနည်းကျွေးနော်"

သူမစကားကို မီးမီးမယုံချေ။ သူမ မည်သို့ရှင်းပြရပါမည်နည်း။ ထို့အပြင် ထိုသို့ ကြောင်ထင်ယုန်ထင်အကြည့်များထဲတွင် သူမ ပျော်ဝင်မနေသင့်။ သူမ ရှင်းလင်းစွာ ရှင်းပြသင့်ပါ၏။

"မီးမီး . . . မမမှာ ချစ်သူရှိတယ်။ တကယ်လို့ တစ်ရက်ကြုံရင် မိတ်ဆက်ပေးမယ် ဟုတ်ပြီလား"

"ကိုထက်ဝန်းကျင်တော့ မဟုတ်ဘူးပေါ့။ ဟုတ်လား မမ?"



"မဟုတ်တာကွယ် မမချစ်သူက ကိုထက်ဝန်းကျင်မဟုတ်ပါဘူး"

"ဒါပေမဲ့ . . . ကိုထက်ဝန်းကျင်ကိုကြည့်တဲ့ မမအကြည့်တွေက ချစ်ဖို့ကောင်းတယ်သိလား?"

လူက ဘယ်လောက်ပဲလိမ်နေပါစေ၊ အကြည့်များကိုတော့ သူမ Control မပေးနိုင်ပါ။ ဆိုးလေစွ။ သူမမျက်ဝန်းမှ ထိုအကြည့်မျိုးရှိမနေသင့်။

"မဟုတ်တာ။ မမနဲ့သူက ရိုးရိုးမိတ်ဆွေတွေပါ"

"ဒီစကားသေချာတယ်ဆိုရင် ကိုထက်ဝန်းကျင်မပြောနဲ့ မီးမီးတောင် ဝမ်းနည်းမိမှာပဲ"

"မမနဲ့သူက တကယ့်မိတ်ဆွေအဆင့်ပဲ ရှိပါသေးတယ် မီးမီးရယ်။ ဘာတွေ ဒီလောက်တောင် မယုံသင်္ကာဖြစ်နေတာလဲ? နောက်ပြီး မမရဲ့ချစ်သူက တကယ့်ကို လူအေးတစ်ယောက်ပါ။ ဖြောင့်မတ်ပြီး သစ္စာရှိတယ်"

"ကိုထက်ဝန်းကျင်သိလား မမ?"

"သိတယ်။ မမမှာချစ်သူရှိတာကို သူကောင်းကောင်းကြီးသိတယ်"

"မမ ပြောပြထားတာလား?"

"အင်း . . ."

"ရက်စက်လိုက်တာ မမရယ်။ ကိုထက်ဝန်းကျင် တော်တော်လေးကို ခံစားရမှာ"

"ဘယ်လို?"

သူမ ခါးမတ်မတ်လေး ဖြစ်သွားရ၏။

"ကိုထက်ဝန်းကျင်ဆီမှာ မမအတွက် ပြည့်စုံတဲ့အချစ်တွေ ရှိနေတယ်လေ။ မမ မတွေ့ဘူးလား?"

သူမ သူ့အကြည့်များကြောင့် လွန်စွာ ရင်ခုန်ရပါ၏။ သို့သော် ထိုအချစ်များရှိသည်ကိုတော့ သူမ မရိပ်မိချင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

"မတွေ့ပါဘူးကွယ်။ ကဲပါ . . . လုပ်စရာရှိတာ လုပ်ကြရအောင်။ ဟုတ်ပြီလား?"

မီးမီးနှင့် စကားနိုင်ဆက်လုနေလျှင် သူမ ပိုရှုံးဖွယ်ရှိပါ၏။ ထို့ကြောင့် သူမ အလုပ်လုပ်ရန်သာ ဆော်ဩလိုက်ရပါတော့သည်။ ထို့အပြင် သူ့ကို နောက်တစ်ခေါက်လာတွေ့လျှင် သူမထံသို့မလာခဲ့ရန် မှာကြားဖြစ်အောင် မှာကြားလိုက်မည်ဟုလည်း ဆုံးဖြတ်လိုက်ပါသေးသည်။

⌆ ⌆ ⌆



"သင်္ကေတရှိလား အန်တီ"

ခါတိုင်းအချိန်ထက်နောက်ကျပြီး သူမအဆောင်သို့ မောင်ရောက်လာသောကြောင့် သူမ မောင့်အိမ်သို့ လိုက်သွားမိပါ၏။

"သမီးရုတီမှန် နောက်ကျတယ်နော်"

ဟုတ်ပါ၏။ ယခု (၇)နာရီပင် ထိုးတော့မည်။

"ဟုတ်တယ် အန်တီ။ သမီး သင်္ကေတကို ပြောစရာရှိလို့"

မောင့်မေမေအရှေ့တွင် သူမ မောင့်ကို နာမည်အရင်း သင်္ကေတဟုပင် ခေါ်ဝေါ်လေ့ရှိသည်။

"ရှိတယ် သမီး၊ အိမ်နောက်ဖေးမှာ။ အလုပ်ကပြန်လာကတည်းက ရေချိုးပြီး နောက်ဖေးဝင်သွားတာ။ အခုထက်ထိ ပြန်မထွက်လာသေးဘူး"

"ဒါဆို သမီး သူ့ဆီကို ခဏသွားလိုက်ဦးမယ်နော်"

"အေး . . . အေး . . . သွား သမီး။ ဒါနဲ့ သမီး တစ်ခုခုစားပါဦးလား?"

"အဆောင်မှာ ထမင်းစားခဲ့ပြီးပြီ အန်တီ။ မစားတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

သူမ အိမ်နောက်ဖေးသို့ ဝင်ခဲ့လိုက်ပါသည်။ အိမ်နောက်ဖေးတွင် မောင်သည် စာအိတ်များနှင့် အလုပ်ရှုပ်နေ၏။

"မောင် . . ."

သူမခေါ်သံကြောင့် မောင်က သူမကို လှည့်ကြည့်ပါ၏။

"ဟာ . . . မှန် . . . မှန်လိုက်လာတယ်။ ဟုတ်လား?"

"အင်းလေ . . . မောင်မှရောက်မလာတာ"

"မောင် ဒီနေ့ပင်ပန်းလို့ မနက်ဖြန်မှလာမလားလို့"

"ရပါတယ်မောင်ရယ်။ နောက်ပြီး မှန်က မောင့်ကိုပြောစရာလည်း ရှိလို့"

"ပြောလေ မှန်"

သူမ မောင့်ဘေးတွင် ဝင်ထိုင်လိုက်ပါသည်။

"မောင် ဘာတွေလုပ်နေတာလဲ?"

သူမနှင့် ရည်းစားမဖြစ်ခင်က တစ်ယောက်နှင့်တစ်ယောက် အပေးအယူလုပ်ခဲ့သောစာများကို မောင် ပြန်ဖတ်နေခြင်းဖြစ်သည်။

"မောင်တို့ရည်းစားစဖြစ်ကြတုန်းက တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်ခဲ့ကြတဲ့စာတွေကို ပြန်ဖတ်နေတာ"

"ဘာအတွက်လဲ မောင်"

"ဒီစာတွေဖတ်ရင် မှန့်ကိုသတိရတာ လျော့မလားဆိုပြီးတော့ပေါ့"

"မောင်က မှန့်ကိုသတိရနေတာလား?"

"အင်း . . . သတိရနေတာ"

မောင် ငေးငေးလေးပြန်ဖြေ၏။

"သတိရနေရဲ့သားနဲ့ မှန့်ဆီကို ဘာလို့မလာတာလဲ?"

"မလာဘဲနေနိုင်လားဆိုပြီး စမ်းကြည့်နေတာ"

"မောင်ရယ် . . . ထူးဆန်းလိုက်တာ။ သတိရတာပဲ မှန့်ဆီလာခဲ့လိုက်ပေါ့"



"မှန်ပေးတဲ့စာလေးတွေကိုဖတ်ရင် မှန့်ကိုသတိရတဲ့စိတ် ပြေပျောက်မယ်ထင်လို့ပေါ့"

"အခု ပြေပျောက်လားမောင်?"

"ဟင့်အင်း . . . ပိုပြီးတောင် သတိရနေတာ"

"ဟောတော့ . . . ဒါနဲ့များမောင်ရယ် လာခဲ့လိုက်ပေါ့"

"ဒါပေမဲ့ အခု မောင့်ဆီကို မှန်လိုက်လာပေးလို့ ကျေးဇူးအများကြီးတင်ပါတယ် မှန်ရယ်။ တကယ်ပါ"

သူမ လက်ဖဝါးလေးတစ်ဖက်ကို မောင် ယုယစွာ လှမ်းကိုင်လိုက်ပါသည်။

"မောင် ဘာတွေဖြစ်နေတာလဲ?။ လေးလေးပင်ပင်နဲ့"

"မောင် ဘာမှမဖြစ်ပါဘူး။ ဒါနဲ့ မှန်ပြောစရာရှိတယ်ဆို?"

မောင် အစဖော်ပေးလိုက်မှ သူ့အကြောင်းပြောရမည်ကို သတိရသွားပြီး သူမရင်ခုန်သံလေး မသိမသာမြန်သွားရ၏။

"ဟို . . . မှန် . . . သူ့အကြောင်းပြောဖို့ပါ"

"သူ့အကြောင်းပြောဖို့ မှန်က မောင့်ဆီလာခဲ့တာပေါ့။ ဟုတ်လား?။ မောင့်ကိုသတိရလို့ မဟုတ်ဘူးပေါ့"

မောင့်မေးခွန်းက ဘာကိုရည်ရွယ်နေသနည်း။ သူမ နားမလည်ပါ။ သူမ မောင့်ကိုကြည့်လိုက်စဉ် မောင် သက်ပြင်းတစ်ခု ချလိုက်ပါသည်။

"မောင် ဘာတွေဖြစ်နေတာလဲ။ ဘာလဲ မောင်သဝန်တိုနေတာလား?"

"မောင် အမှန်အတိုင်းပြောရမလား?"

"အင်း . . ."

"မောင် မှန့်ကိုသနားနေတာ။ မောင့်ကို မှန့်အချစ်တွေပေးပြီး အခုမှ အခက်တွေ့နေရမှာ စိုးရိမ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာအတွက် မှန်က အခက်တွေ့နေရမှာလဲမောင်?။ မောင့်စကားက တစ်မျိုးပါလား"

"မှန့်အနားမှာ အခု အရာရာပြည့်စုံတဲ့လူတစ်ယောက်ရှိနေတယ်လေ။ အဲ့ဒါကြောင့်ပါ"

မောင့်စကားကြောင့် သူမ ဝမ်းနည်းရပါ၏။

"ဒါကတော့ မောင် မှန့်အချစ်ကို စော်ကားလိုက်တာပဲ။ မှန်က အဲ့လိုသစ္စာမဲ့တတ်တဲ့မိန်းမလား မောင်"

"မဟုတ်ဘူး မှန်။ မောင်က မှန့်သစ္စာကိုယုံလို့ မှန့်ကိုသနားနေတာ။ မှန့်ဘဝကို အနစ်နာခံပြီး မောင့်အနားမှာနေပေးလို့ကို သနားနေမိတာပါ မှန်ရယ်"

သူမ သက်ပြင်းငွေ့ငွေ့ ချလိုက်မိပါသည်။ မောင်ပြောသလိုပဲ သူမသည် သူ့အကြောင်း ပြောချင်ယုံသက်သက်နှင့် မောင့်ထံသို့ တကူးတကရောက်လာခဲ့သည်လား။ ဝန်ခံချင်တယ်ဟူသော ဆိုင်းဘုတ်အောက်တွင် သူ့အကြောင်းပြောရသည်ကို စိတ်ကျေနပ်နေပြီလား။

"မှန် ပြောစရာရှိတယ်ဆို?"

"ဒီနေ့ မှန့်အလုပ်ကို သူရောက်လာတယ်မောင်။ မှန်နဲ့ နေ့လယ်စာစားပြီး သူပြန်သွားတယ်"

မောင့် အားငယ်သည့်အကြည့်များကို သူမ တကယ်ပင်သနားမိပါ၏။

"အခု Company ကလူတွေက မှန်နဲ့သူ့ကို တစ်မျိုးထင်နေကြတယ်။ အဲ့ဒါကို မှန်မလိုလားဘူး မောင်။ ဒီတော့ မှန့်မှာ မောင့်ရှိနေတယ်ဆိုတာ ဖွင့်ပြောလိုက်တယ်။ မနက်ဖြန် မှန့်ဆီ မောင်လာခဲ့ပေးပါလား။ မောင်နဲ့သူတို့ကို မိတ်ဆက်ပေးလိုက်ချင်လို့။ ဒါမှ အားလုံး အမြင်ရှင်းသွားမှာ"

"မှန် ပြောစရာရှိတယ်ဆိုတာ အဲ့ဒါလား?"

"ဟုတ်တယ်မောင်"



"မောင့်အထင်တော့ အဲ့ဒါ မလိုအပ်ဘူးထင်တယ်။ မှန့်ရင်ထဲမှာ မောင်က ခိုင်ခိုင်မာမာကြီး နေရာယူထားပြီးပြီ။ အပြင်သူတွေရဲ့ ထင်မြင်ယူဆချက်တွေက မှန့်ရင်ထဲဝင်ပြီး ဒွိဟဖြစ်စေနိုင်လို့လား"

သူမ ထိုမေးခွန်းကို မဖြေနိုင်ချေ။

"မဖြစ်နိုင်ပါဘူး မှန်ရယ်။ မောင်က မှန့်ကိုယုံတာပဲ"

သူမကို မောင်ကသာ အပြည့်အဝယုံကြည့်နေသော်လည်း သူမကိုယ်သူမ မယုံကြည့်တော့ချေ။ မောင်ပြောသလို သံသယနှင့် ဒွိဟစိတ်များ ခိုဝင်နေပြီဖြစ်၏။

"အပြန်နောက်ကျနေလိမ့်မယ် မှန်။ ကဲ . . . မောင်လိုက်ပို့မယ်။ မေမေ့ကိုနှုတ်ဆက်ပြီး ပြန်ကြရအောင်နော်"

သူမကို မောင်လိုက်ပို့ပါသည်။ အပြန်လမ်းတွင် သူမ အတွေးများနှင့် ဝေလည်နေသောကြောင့် မောင်နှင့်ပင် စကားမပြောဖြစ်ချေ။ မောင်သည်လည်း တိတ်တိတ်ဆိတ်ဆိတ်နှင့်ပင် သူမကို အဆောင်သို့လိုက်ပို့ပေးပြီး ပြန်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

Company တစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်နေပါ၏။ သူမ နားမလည်စွာဖြင့် ငေးကြည့်နေစိုက် သူမရုံးခန်းထဲသို့ မီးမီး အပြေးတစ်ပိုင်းနှင့် ဝင်လာလေသည်။

"မမ လွန်ခဲ့တဲ့ Monday က Singapore ကို Order Resquest form ဘယ်သူတင်လိုက်သလဲတဲ့။ ကိုခန့်လွင်က မေးခိုင်းလိုက်တယ်"

"လွန်ခဲ့တဲ့ Monday ကလား?"

"ဟုတ်ကဲ့ . . ."

မီးမီးသည် တကယ်ပင် ပြူးတူးပြာတာဖြစ်နေ၏။

"ဘာဖြစ်လို့လဲ မီးမီး"

"မနေ့က Ship ဝင်တယ်လေ။ ပါလာတဲ့ပစ္စည်းတွေ အားလုံးမှားနေလို့ ကိုခန့်လွင်က Order Request Form ကြည့်လိုက်တော့ Form ထဲမှာကတည်းက မှားနေတာ။ Model နံပါတ်တွေ မှားပြီးမှာလိုက်တာ မမ။ နောက်ပြီး ပြန်ပြင်လို့လည်း မရတော့ဘူး။ အားလုံး ဆိပ်ကမ်းကိုတောင် ရောက်ကုန်ပြီ"



မီးမီးရှင်းပြသည်ကိုနားထောင်ရင်း သူမများ ထို Order Request Form တင်မိမလားဆိုသည့်အတွေးနှင့် သူမ၏ Send mail ကို စစ်နေစဉ် လွန်ခဲ့သော Monday က form တင်သူမှာ သူမဖြစ်လို့နေပါ၏။

"ဟာ . . . မီးမီး၊ အဲ့ဒီ form က မမတင်လိုက်တာ"

"ရှင်? . . . ဘုရား . . . ဘုရား . . . ဘုရား။ မမရေ . . . ဒုက္ခပါပဲ။ အားလုံး သိန်းခုနစ်ဆယ်ဖိုးနော်"

သူမခေါင်းထဲ မိုက်ခနဲပင် ခံစားလိုက်ရ၏။ သူ့အကြောင်းကိုတွေးနေမိသောကြောင့် သူမ အမှားမှားအယွင်းယွင်း ဖြစ်လို့နေပါတော့သည်။

"ကိုခန့်လွင်က နောက်ထပ်ဆယ်မိနစ်ဆိုရင် Meeting Room ထဲကို အရောက်လာခဲ့ပါတဲ့"

သူမ လွန်စွာ ရင်လေးရပါတော့သည်။ သူမလုပ်ထားသည့် ပြဿနာက မသေးချေ။ သိန်းခုနစ်ခါယ်ဆိုသည့်ငွေပမာဏ သူမအတွက်တော့ အတော်ပင်ကြီးမားပါ၏။

သူမ ပြင်ဆင်စရာရှိတာပြင်ဆင်ပြီး Meeting ခန်းထဲသို့ ဝင်လိုက်စဉ် Meeting ခန်းထဲတွင် လူစုံလို့နေပါသည်။ အားလုံး သူမကို ဝိုင်းကြည့်နေ၏။ ကိုခန့်လွင်က . . .

"မရတီမှန် . . . မီးမ်းပြောတာ အမှန်ပဲလား?"

ကြောက်ရွံ့နေလို့လည်း ပြီးလာနိုင်လိမ့်မည်မဟုတ်။ ထို့ကြောင့် သူမ ရင်ဆိုင်ရန်ပင် ဆုံးဖြတ်လိုက်ပါတော့သည်။

"ဟုတ်ပါတယ်။ အဲ့ဒီ Order Request Form ကို ကျွန်မပို့လိုက်မိတာပါ ကိုခန့်လွင်"

"အခု ပစ္စည်းတွေကရောက်လာပြီ။ အဲ့ဒီမော်ဒယ်နံပါတ်တွေက ဒီမှာသိပ်ပြီးမသွက်လို့ ကျွန်တော်တို့ပြန်ပို့ပေးဖို့တောင် စဉ်းစားထားတာ အခု သိန်းခုနစ်ဆယ်ဖိုး ထပ်ရောက်လာတယ်ဆိုတော့ ရတီမှန် ဘယ်လိုရှင်းမယ် စဉ်းစားထားလဲ?။ နောက်ပြီး ပြန်ပို့ပေးဖို့ကလည်း Shipping ကုန်ကျစရိတ်က မသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com

ကိုခန့်လွင်စကားဆုံးသည်နှင့် သူမ မွန်းကျပ်စွာ သက်ပြင်းချလိုက်မိပါသည်။ လတ်တလောဖြေရှင်းဖို့ကတော့ ဘယ်လိုမှမဖြစ်နိုင်ချေ။ သူမ မည်သို့လုပ်ရပါမည်နည်း။

"ကျွန်မကို အချိန်နည်းနည်းလောက်ပေးပါလား ကိုခန့်လွင်"

"အဲ့ဒါ ကျွန်တော်လည်း ဆုံးဖြတ်ပေးလို့မရဘူး။ MD နဲ့ပဲ တိုင်ပင်ကြည့်လိုက်ပါတော့။ နောက်တစ်နာရီဆိုရင် MD ရောက်လာလိမ့်မယ်။ ဒီတော့မှ ဘယ်လိုလုပ်မယ်ဆိုတာ သိရလိမ့်မယ်"

ကိုခန့်လွင်လည်း သူမကို အတော်ပင် စိတ်ပျက်နေပေသည်။ သူမ ဘယ်သူ့ကိုမျှ မျက်နှာချင်းမဆိုင်ချင်တော့။ မျက်နှာချင်းဆိုင်ရန်လည်း အင်အားမရှိတော့ချေ။ သူမ ရုံးခန်းသို့ပြန်လာပြီးနောက် သူ့ကို သတိရလိုက်မိပါ၏။ ထိုပြဿနာကို သူ့အား ရင်ဖွင့်ချင်နေပါသည်။ သို့သော်လည်း သူမ မောင့်ထံသို့သာ ဖုန်းခေါ်မိလိုက်ပါတော့သည်။

"မောင် . . ."

"မှန် . . . ပြောလေ"

"မောင်အခု ဘယ်မှာလဲ?၊ ဘာတွေလုပ်နေလဲ?"

"မောင်အခု အလုပ်မှာ၊ စာရင်းတွေစစ်နေတယ်။ မှန်ရော?"

"မှန်လည်း အလုပ်မှာ။ မောင် . . . ညနေကျရင် မှန့်ကို လာကြိုပေးပါလား?"

"မောင် လာကြိုပေးနိုင်မယ်မထင်ဘူး မှန်။ ဒါပေမဲ့ မောင်ကြိုးစားပါ့မယ်"

သူမ အခက်အခဲတွေ့တိုင်း မောင်က သူမအနားတွင် ရှိမနေတတ်။ သူမ တောင့်တချိန်တိုင်း မောင်သည် သူမအနားမှ ပျောက်ပျောက်သွားတတ်ပါ၏။

"မှန် ဘာတွေဖြစ်နေလို့လဲ?"

သူမ ဖြေရှင်းပြမနေချင်တော့။ ပြောပြနေလျှင်လည်း မောင်စိတ်ညစ်သွားမည်ကလွဲပြီး တခြားလည်း ဘာမှကူညီပေးနိုင်မည်မဟုတ်ချေ။



"ဘာမှမဟုတ်ပါဘူး မောင်ရယ်။ ဒီလိုပဲ ဖုန်းဆက်လိုက်တာပါ။ ကဲ . . . ဒါပဲနော်"

သူမ ဖုန်းချလိုက်ပါသည်။ ထို့နောက် MD ရောက်လာသောကြောင့် MD ရုံးခန်းသို့ သူမ သွားခဲ့ရပါသည်။ MD သည် သူမကို ယခု ပြဿနာ ဖြေရှင်းရန်အတွက် အချိန်တစ်ပတ်ပေးလေသည်။ ထိုအချိန် တစ်ပတ်အတွင်း မဖြေရှင်းနိုင်ပါက သူမကို လိုအပ်သလို အရေးယူမည်ဖြစ်ကြောင်းကိုလည်း ပြောပါ၏။

သူမ တစ်ပတ်အတွင်း ယခုပြဿနာကို ဖြေရှင်းနိုင်အောင်ပင် ကြိုးစားရပါတော့မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

လေးလံသောခြေလှမ်းများနှင့် သူမ ကားမှတ်တိုင်သို့ ဦးတည်လမ်းလျှောက်နေခိုက် သူမအနားတွင် မောင်က ဘွားခနဲပေါ်လာသည်။

"ဟယ် . . . မောင်"

သူမ အံ့သြကြီးစွာဖြင့် မောင့်ကို ခေါ်လိုက်မိပါသည်။

"မှန် . . . ဒီနေ့ မှန့်အဆောင်ကို မောင်မလာနိုင်ဘူးဆိုတာလာပြောတာ။ မေမေက နှလုံးပြန်ဖောက်နေတယ်။ မောင်လည်း အရမ်းစိတ်ညစ်တာပဲကွာ။ ဘာလုပ်လို့လုပ်ရမှန်းတောင် မသိတော့ဘူး"

အပူသောင်းခြောက်ထောင်နှင့်ရောက်လာသော မောင့်ကို သူမပြုသနာ မည်သို့တင်ပြရပါတော့မည်နည်း။ စိတ်ညစ်နေသောမောင့်ကိုသာ သူမ စိတ်ပျက်စွာ ကြည့်လိုက်မိတော့၏။

"မောင် တော်တော်လေးကို စိတ်ညစ်နေတာ မှန်ရယ်။ တကယ်ပါ"

"ဒါဆို အန်တီ့ကို ဆေးရုံတင်ရတော့မှာပေါ့။ ဟုတ်လား . . . မောင်?"



"မသေချာသေးပါဘူး မှန်ရယ်။ အခု ဒေါက်တာ အိမ်ကိုခေါ်ထားတယ်"

"ဒါဆို မောင်က မှန့်ကိုလာကြိုတာ မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး။ အခု မောင်သွားစရာရှိတယ်။ ဒီကဖြတ်သွားတုန်း မှန့်ကိုတွေ့လို့ လာပြီးပြောတာ။ ဒီနေ့ မောင့်ကို မျှော်မနေနဲ့တော့နော်။ မောင် အဆောင်ကို လာဖြစ်လိမ့်မယ်မထင်ဘူး"

"အန်တီက တော်တော်ဖြစ်နေတာလား မောင်?"

"သေချာသိရအောင် ဒေါက်တာလာခေါ်တာလေ"

သူမ ဒေါ်စိန်ခြယ်ကို လိုက်ကြည့်သင့်ပါ၏။ သို့သော် သူမ အပူကြောင့် ခြေလက်များပင် မသယ်ချင်တော့။ ထို့အပြင် မောင့်စကားများကြားပြီး သူမ စိတ်ပျက်ရပါသေး၏။ သူမအပူကိုလည်း မောင့်ကိုမပေးချင်တော့ချေ။

"ကဲ . . . မှန်၊ မောင့်ကိုခွင့်ပြုဦးနော်"

"မှန် အန်တီ့ကို လာကြည့်ချင်ပါတယ်။ ဒါပေမဲ့ ဒီနေ့မှန် တော်တော်လေးကို . . ."

"ရတယ် မှန်။ မှန်အားမှ လာခဲ့ပါ။ မေမေက နားလည်ပါတယ်။ ဟုတ်ပြီလား။ ကဲ . . . မောင်သွားပြီနော်"

မောင်ပြောပြီး သူမကိုကျော်ခိုင်းကာ အသင့်ရပ်ထားသော Taxi ပေါ်သို့ တက်သွားလေသည်။ သူမ မောင့်ကို ငေးငေးလေးကြည့်ရင်း ကျန်ရစ်ခဲ့ပါသည်။ မောင်သည် သူမ၏အပူအပင်များကို ရိပ်ပင်မရိပ်မိလိုက်ချေ။

"အင်းလေ . . . မောင်လည်း တော်တော်စိတ်ညစ်နေလို့ ဖြစ်မှာပါ"

ရင်ထဲမှ တတ်နိုင်သရွေ့ မောင့်ကိုနားလည်ပေးလိုက်ပြီး သူမစီးရမည့်လိုင်းကားကို ဆက်စောင့်နေလိုက်ပါတော့သည်။ ထိုစဉ်မှာပင် သူမ



www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုတွေ့ရရန် တောင့်တမိပါ၏။ သူ့ကို သူမ၏ အခက်အခဲများကို လည်း တင်ပြချင်ပါသေး၏။ သို့သော် သူမ ထိုအတွေးများကို စိတ်ထဲမှ တွန်းကန်ထုတ်နေတုန်းမှာပင် သူမစီးရမည့်လိုင်းကားကြီး မှတ်တိုင်သို့ ထိုးဆိုက်လာပါတော့သည်။

သူမ ထိုလိုင်းကားကြီးနှင့် အိမ်ပြန်ခဲ့ပါသည်။ အိမ်ပြန်လမ်းတွင် သူမ သက်ပြင်းကို ခဏခဏ ချမိနေပါသေး၏။

ᅎ ᅎ ᅎ



အဆောင်သို့ပြန်ရောက်သောအခါ သူမ သူ့ထံသို့ လွန်စွာဆက် သွယ်ချင်နေမိပါသည်။ သူ့ကို အကူအညီတောင်းချင်သည့် စိတ်များ လည်း တဖွားဖွား ပေါ်ပေါက်နေပါသေး၏။ သို့သော် သူမစိတ်ကို သူမ ထိန်းရင်း မတောင်းသင့်ဘူးဟူ၍သာ အကြိမ်ကြိမ် တားမြစ်နေမိပါတော့ သည်။

"ရင်ခုန်သံတွေသာမက လုပ်ရပ်တွေပါ စည်းမကျော်သင့်ဘူး ရတီ မွန်။ နင့်ကိုယ်နင် သတိထားစမ်းပါ"

ထိုစကားကိုသာ သူမ ပုတီးစိပ်သလို ခဏပြီးခဏ ရွတ်နေရင်း နှုတ်ဆိတ်ခဲ့ရပါတော့သည်။

ᅎ ᅎ ᅎ



www.burmeseclassic.com

www.burmeseclassic.com

ခါတိုင်း အလုပ်သို့လာသည့် သူမခြေလှမ်းများ တက်ကြွနေတတ်ပါသည်။ သို့သော် ယနေ့တော့ သူမခြေလှမ်းများ လွန်စွာလေးလံနေ၏။ ရုံးခန်းထဲသို့ရောက်သည့်တိုင် သူမ လွန်စွာ မှုန်းကျပ်နေပါ၏။ သူမကို ကြိုးပေးသတ်မည့် သတ်ကွင်းတစ်ခုနှယ်။

တစ်ယောက်တည်းသမားဖြစ်သောကြောင့် တခြား မည်သူနှင့်မှလည်း သူမ အခက်အခဲကို မတိုင်ပင်နိုင်။ မှုန်းကျပ်လာတိုင်း သက်ပြင်းကိုသာ အကြိမ်ကြိမ်ချနေမိ၏။

"ကော်ဖီလာတိုက်တာ ရတီမှုန်။ မင်း . . . ကော်ဖီသောက်ပြီးပြီလား"

ရုံးခန်းဝတွင်ပေါ်လာသော သူ့ကိုပင် သူမ တုံ့ပြန်ရန်မေ့နေ၏။

"ကိုယ် ဝင်လာခဲ့မယ်နော်"

သူ့ကိုငေးကြည့်နေတုန်းမှာပင် သူသည် သူမအရှေ့ ထိုင်ခုံအလွတ်တွင် ထိုင်လိုက်လေသည်။

"ကော်ဖီသောက်ပါဦး ရတီမှုန်"



သူသည် အသင့်ယူလာသော ကော်ဖီခွက်လေးတစ်ခွက်ကို သူမထံသို့ ချပေးလိုက်ပါသည်။ သူမ ကော်ဖီကို ယူသောက်လိုက်ပါ၏။

"ဒီနေ့ တိတ်ဆိတ်လှချည်လား ရတီမှုန်"

သူရောက်လာလျှင် နောက်တစ်ခါမလာတော့ရန် တားမြစ်မည်ဟူသော သူမဆုံးဖြတ်ချက်ကိုပင် သူ့ကို ဖွင့်မပြောချင်တော့ချေ။ စိတ်ညစ်နေသည့်အချိန်ဖြစ်သောကြောင့် သူနှင့်စကားပြောရသည်ကို သူမ ကျေနပ်နေသလိုပင်။ သူ့ကို သူမအနားတွင် ရှိနေစေချင်ပါ၏။

"ဘာဖြစ်နေတာလဲ?။ မင်း တစ်ခုခုဖြစ်နေလား ရတီမှုန်?"

သူမ ခေါင်းခါပြလိုက်ပါသည်။

"ကော်ဖီကောင်းလား?"

သူမ ကော်ဖီကို တစ်ငုံသောက်လိုက်မိပါသည်။ တကယ်တော့ သူမကို သူက ကော်ဖီသောက်စေချင်သောကြောင့် မေးလိုက်ခြင်းဖြစ်ပါသည်။

"ကောင်းပါတယ်"

"ဘာဖြစ်နေတာလဲ?"

မျက်ခုံးလေးမြင့်ရင်း သူကမေး၏။ စိတ်ညစ်နေသော်လည်း သူမ ရင်ခုန်သွားရပြန်သည်။

"ကျွန်မ ဘာမှမဖြစ်ပါဘူး ကိုထက်ဝန်းကျင်"

"တစ်ခုခုဖြစ်နေပါတယ်။ ပြောပြပါလား?"

"မပြောပြချင်ဘူး"

"ဒါဆို ဖုန်းထဲက Message ပို့လိုက်ပါလား?"

"မပို့ချင်ဘူး"

"ဘာဖြစ်လို့လဲ?"

"ကျွန်မ ကိုထက်ဝန်းကျင်ကို အကူအညီမတောင်းချင်ဘူး"

"ဒါဆို သေချာပါပြီ။ မင်းမှာ စိတ်ညစ်စရာတစ်ခုခု၊ ဒါမှမဟုတ် ကိုယ်ကူညီနိုင်တဲ့ အကျပ်အတည်းတစ်ခုခု ရှိနေတယ်။ ပြောပြပါလား ရတီမှုန်?"

www.burmeseclassic.com

www.burmeseclassic.com

"မပြောပါရစေနဲ့"

သူမ သက်ပြင်းချလိုက်၏။

"မင်းကတော့ ဩချလောက်တယ်။ ကဲ . . . ဒီမှာ ကိုယ့်ဖုန်းနံပါတ်။ တကယ်လို့ ပြောပြချင်ရင် ဖုန်းဆက်လိုက်နော်"

သူမစားပွဲပေါ်သို့ လိပ်စာကတ်လေးကို တင်ပေးလိုက်ပါသည်။

"ဒါမှမဟုတ်ရင်လည်း Message ပို့လိုက်။ ကဲ . . . ကိုယ်ပြန်တော့မယ်။ စိတ်ညစ်နေတဲ့မင်းကို ကိုယ့်ကြောင့် စိတ်မကျဉ်းကျပ်စေချင်ဘူး"

သူ သူမကို တစ်ချက်ကြည့်ပြီး အခန်းလေးထဲမှထွက်သွားပါ၏။ သူမ သူ့ကို လှမ်းတားချင်ပါသည်။ သို့သော် သူမ မလုပ်ဝံ့ပါ။ လူ့ကျင့်ဝတ်ကြီးတစ်ခုလုံးက သူမကို ဆောင်ခတ်ပေးထားပါသည်။ သူ့လိပ်စာကတ်လေးကိုတော့ သူမ ကောက်ယူကြည့်လိုက်ပါသည်။ သို့သော် သူမ မောင့်ထံသို့ပင် ဖုန်းဆက်ဖြစ်လိုက်ပါသည်။ သူမ မောင့်ကို သစ္စာမဖောက်ဝံ့ပါ။

"မောင် . . ."

"မှန်ရေ . . . အတော်ပဲ။ မောင်လည်း မှန့်ဆီကို အခုပဲ ဖုန်းဆက်မလို့"

"ဘာအတွက်လဲ မောင်?"

"မေမေ မသက်သာဘူး။ အဲ့ဒါ အခု ဆေးရုံတင်ရတယ်မှန်။ မောင် ဒီတစ်ပတ်ထဲ မှန့်ဆီရောက်ဖြစ်မယ်မထင်ဘူး"

မောင့်ထံမှ ပူလောင်လှသည့်ကျပ်တည်းမှုများကို ကြားလိုက်ရသည့်အတွက် သူမ ဖုန်းလေးကိုပင် ပစ်ချချင်စိတ် ပေါက်သွား၏။ သို့သော်လည်း မောင်က သူမချစ်သူအဖြစ် ရွေးချယ်ထားသည့်လူမဟုတ်ပါလား။

"ဒီတော့ မောင်ဘယ်လိုဆက်လုပ်မှာလဲ?"



"မောင်လည်း သေချာမစီစဉ်ရသေးဘူး။ အလုပ်ကိုလည်း ခွင့်တင်ထားတယ်။ မောင် ဖုန်းချရတော့မယ် မှန်။ လိုအပ်တဲ့ပစ္စည်းလေးတွေ သွားဝယ်ရဦးမယ်"

"အင်းလေ . . . ဒါဆို ဖုန်းချလိုက်တော့မယ်နော်။ မှန် ညနေပိုင်း ဝင်လာခဲ့မယ်"

"မှန်အားမှ ဝင်ခဲ့ပါ။ နောက်ပြီး မေမေလည်း မေ့မျောနေတယ်။ ကဲ . . . ဒါဆို ဒါပဲနော်"

မောင် အလောသုံးဆယ် ဖုန်းချသွားပါ၏။ ဖုန်းဆက်ရသည့်အကြောင်းအရင်းကိုပင် မမေးချေ။ သူမ ဖုန်းလေးကိုကြည့်ရင်း စိတ်ကျဉ်းကျပ်မိပါတော့သည်။ သူမအတွက် မောင် အဆင်သင့်ဖြစ်မနေချေ။ မောင့်ထံတွင်လည်း ပြဿနာများ ပိုင်းပိုင်းလည်နေသည်ကို သူမသိသော်လည်း ထိုသို့ အဆင်သင့်မဖြစ်သည့်မောင့်ကြောင့် သူမ စိတ်မကောင်းတော့ ဖြစ်မိပါသေး၏။



www.burmeseclassic.com

www.burmeseclassic.com

နေ့ရက်တို့ တဖြည်းဖြည်းကုန်ဆုံးလာပြီး MD ပေးထားသည့် တစ်ပတ်ဆိုသောအချိန်ပင် ပြည့်သွားပြီဖြစ်ပါသည်။ သူမ မနက်ဖြန်ရုံး တက်လျှင် ထိုပြဿနာအတွက် မဖြစ်မနေရင်ဆိုင်ရတော့ပေမည်။ သို့သော် လောလောဆယ် သူမ ပြဿနာ၏ထွက်ပေါက်ကို အဖြေရှာမရ သေးချေ။ ရောက်လာသည့်ပစ္စည်းများကို ဖြန့်ပေးဖို့ရာလည်း မဖြစ်နိုင်။ ငွေလျော်ပေးရန်လည်း သူမတွင်မရှိ။ ပြန်ပို့ပေးမည်ဆိုလျှင်လည်း Shipping အတွက် ကုန်ကျငွေကို သူမ မတတ်နိုင်ပြန်။

"ရတီမွန်နဲ့ တွေ့ချင်လို့ပါ"

မောင်မဟုတ်သည့် ယောကျ်ားတစ်ယောက်အသံက သူမနာမည်ကိုခေါ်လိုက်ကြောင်း သူမ အခန်းထဲမှ ကြားလိုက်ရပါသည်။

"ဘယ်သူလို့ ပြောလိုက်ရမလဲ?"

"ကျွန်တော် သူ့အုပ်ထိန်းသူပါ"

သူမ ထိုအသံကို မှတ်မိလိုက်ပါသည်။ ထက်ဝန်းကျင်အသံပင်။ ထို့ကြောင့် သူမ အခန်းထဲမှ ထွက်ခဲ့လိုက်ပါသည်။



"ရတီမွန် . . . ဧည့်သည်"

"အင်း . . . သိတယ်"

သူမပြောပြီး အဆောင်ဧည့်ခန်းထဲသို့ ဝင်လာစဉ် သူ့ကိုတွေ့လိုက်ရပါသည်။ သူ့အကြည့်များက မကျေနပ်သည့်စိတ်များ ရောယှက်နေ၏။

"မင်းဘာလုပ်တာလဲ ရတီမွန်?"

သူမကို မကျေနပ်စွာစိုက်ကြည့်ပြီး မေးလိုက်သော်လည်း သူမနားမလည်နိုင်စွာ သူ့ကိုကြည့်နေမိပါ၏။ သူသည် သူမကို ဘာမှဆက်မပြောတော့ဘဲ သူမ၏လက်တစ်ဖက်ကိုဆွဲကိုင်ကာ အဆောင်ထဲမှ ခေါ်ထုတ်သွားလေတော့သည်။

"ဘာလုပ်တာလဲ ထက်ဝန်းကျင်?"

သူ့လုပ်ရပ်ကြောင့် သူမ သူ့ကို 'ကို' တပ်ခေါ်ဖို့ပင် မေ့သွားတော့၏။

"အေး . . . ငါဘာလုပ်တာလဲမမေးခင် မင်းဘာလုပ်တာလဲဆိုတာကိုပဲ ပြောစမ်းပါ"

သူသည် အဆောင်နှင့် ခပ်လှမ်းလှမ်းသို့ရောက်သော် သူမကို မကျေနပ်စွာစိုက်ကြည့်ရင်း မေးတော့၏။

"ကျွန်မ ဘာလုပ်လို့လဲ?"

"မင်းအလုပ်မှာ ပြဿနာဖြစ်နေတယ်လေ"

"ဟင် . . . ရှင်ဘယ်လိုလုပ်သိတာလဲ?"

"အခုလေးတင် သိတာ။ မင်းရဲ့ MD နဲ့တွေ့ပြီး မင်းအကြောင်းမေးရင်း သိတာ။ ကြည့်စမ်းပါဦးကွာ . . . မင်းဘာဖြစ်လို့ ငါ့ကိုမပြောတာလဲ။ ဘာလဲ ငါက မင်းကိုကူညီဖို့အထိ အဆင့်မရှိဘူးလို့ထင်လို့လား?"

သူ မကျေနပ်စွာ သူမကို ပြောလိုက်ပါ၏။

"ကျွန်မအဆောင်ကို ဘယ်လိုလုပ်သိတာလဲ?"



www.burmeseclassic.com

www.burmeseclassic.com

"မင်း MD ဆီက မေးပြီးသိတာ။ ပြောပါဦးကွာ . . . မင်းဘာဖြစ်လို့ ကိုယ့်ကိုမပြောတာလဲ?"

"ကျွန်မက ဘာကြောင့် ရှင့်ဆီမှာ အကူအညီတောင်းရမှာလဲ ကိုထက်ဝန်းကျင်?"

"တောင်းရမှာပေါ့။ မင်းရဲ့အခက်အခဲက ငါ့ရဲ့အခက်အခဲပဲလေ"

"ကျွန်မတို့က ဘာပတ်သက်မှုရှိလို့လဲ?"

"မင်း မသိဘူးလား"

သူမမျက်ဝန်းသို့ စိုက်ကြည့်ပြီးမေးလိုက်သော သူ့မေးခွန်း၏ အနက်အဓိပ္ပာယ်ကို သူမ ကောင်းစွာသိနေပါ၏။ သူမ ဆတ်ခနဲ အကြည့်လွှဲလိုက်ရ၏။ မောင်ရှိတယ်လေ။ သူမ စည်းကျော်လို့မဖြစ်ပါ။

"ကဲပါ . . . မင်းမပြောစေချင်ဘူးဆိုလည်း မပြောတော့ပါဘူး။ ဒါပေမဲ့ မင်းအခက်အခဲကို ကူညီပါရစေ။ နောက်ပြီး ငါ့အတွက်လည်း ဝန်မလေးဘူး။ မနက်ဖြန် ငါ့ Shipping တစ်ခု Singapore ကို ထွက်ဖို့ရှိတယ်။ အဲ့ဒါ မင်းမှာထားတဲ့ပစ္စည်းတွေ ပြန်ထည့်ပေးလိုက်။ ဟုတ်ပြီလား?"

သူ့စကားကြောင့် သူမရင်ထဲမှ စိုးရိမ်ပူပန်မှုကြီး ပျောက်ကွယ်သွားရ၏။ အချိန်တိုင်း ထိုပြဿနာအတွက် တွေးပူနေသော သူမအခက်အခဲကြီးက သူ့စကားတစ်ခွန်းတည်းနှင့်ပင် ပျောက်ခြင်းမလှ ပျောက်ရှသွားလေပြီ။

"အဆင်ပြေအောင် ငါကြည့်စီစဉ်လိုက်မယ်"

သူမအခက်အခဲကို ဖြေရှင်းပေးသည့်သူက ထက်ဝန်းကျင်ဖြစ်နေ၏။ သူမ၏မောင်မဟုတ်။ မောင်ကရော အခုဘယ်မှာပါလိမ့်။ သူမအနားတွင် သူမနှင့် မည်သို့မျှမပတ်သက်သည့် ထက်ဝန်းကျင်ပဲရှိနေပြန်၏။ ထို့အပြင် ထိုထက်ဝန်းကျင်အတွက်ပင် သူမ ရင်ခုန်နေရပါသေး၏။ စိတ်ကျဉ်းကျပ်စွာဖြင့် သက်ပြင်းတစ်ခုချလိုက်စဉ်ဝယ် သူမပါးပြင်သို့ မျက်ရည်ပူလေးနှစ်ကြောင်း စီးဆင်းလာရပါတော့၏။



"ကျွန်မကို အဲ့လိုကြီး လိုက်ပြီးမကူညီပါနဲ့လား ကိုထက်ဝန်းကျင်။ ကျွန်မဘာသာ ဘာပဲဖြစ်ဖြစ်ပါ လွှတ်ထားလိုက်ပါနော်"

သူ့မျက်ဝန်းနှင့် ရင်မဆိုင်ရဲသောကြောင့် မျက်လွှာချရင်း သူ့ထံတွင် တောင်းဆိုလိုက်မိပါသည်။

"မင်းကိုကူညီချင်တာ မင်းအတွက်မဟုတ်ဘူး။ ငါ့အတွက် . ."

သူ့ကိုအံ့သြစွာ လှမ်းကြည့်လိုက်မိပြန်သည်။ သူမကို သူတင်သာမက သူ့စကားလုံးများကပါ ရင်ခုန်စေနိုင်စွမ်း၏။

"မင်း အခက်အခဲဖြစ်နေတယ်လို့လည်းကြားရော ငါလေ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ဘူး။ ဘယ်လိုကားမောင်းရမှန်းတောင်မသိတော့လို့ ဟိုမှာကြည့် . . . ငါ့ကားပေါ်မှာ Driver ပါလာတယ်၊ တွေ့လား"

သူညွှန်ပြသည့်အတိုင်း ကြည့်လိုက်တော့ ဟုတ်ပါ၏။ သူ့ကားပေါ်တွင် Driver တစ်ယောက်ပါလာ၏။

"ကဲ . . . အဲ့ဒီပြဿနာကြီးကို ခေါင်းထဲက ထုတ်လိုက်တော့ ဟုတ်ပြီလား။ အားလုံးအဆင်ပြေသွားပြီလို့သာ မှတ်လိုက်တော့။ မနက်ဖြန် အေးအေးဆေးဆေးသာ ရုံးတက်။ ကြားလား?"

"ကျွန်မ အဲ့ဒီအတွက် ဘာပြန်ပေးရမလဲ"

"ဘာပြန်ပေးချင်လဲ။ ကိုယ်တောင်းရင် အရမ်းလွန်သွားမှာစိုးလို့"

"ရှင်?"

"မအံ့သြနဲ့။ ဒီလိုလုပ်။ မင်းတစ်ခါလောက်ဖြစ်ဖြစ် မင်းပြောနေတဲ့ လူ့ကျင့်ဝတ်ဆိုတဲ့စည်းကိုဖောက်ဖို့ ကြိုးစားကြည့်ပါလား"

"ဘယ်လို . . . ?"

"ကြိုးစားဖို့တောင်းဆိုတာနော်။ တစ်ခါတည်း စည်းဖောက်ခိုင်းတာ မဟုတ်ဘူး"

သူ့စကားများက ဘာကိုရည်ရွယ်ပါသနည်း။ သူမ သူ့ကို နားမလည်စွာ ငေးကြည့်နေတုန်းမှာပင် . . .



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်ပြန်တော့မယ် ရတီမုန်"

ဟုပြော၏။ သူမ ခေါင်းညိတ်ရင်း တုံ့ပြန်လိုက်၏။

"မင်း မတားဘူးဆိုတာ သိနေပေမယ့်လည်း မင်းဆီက မသွားပါနဲ့ဦးဆိုတဲ့စကားကို ငါကြားချင်နေသေးတယ်"

ရီဝေဝေသူ့အကြည့်များထဲတွင် သူမ သတိပင်လစ်ချင်နေတော့၏။

"ဒါပေမဲ့ မင်းပြောမှာမှမဟုတ်တာ။ ကဲ . . . မင်းလည်း အဆောင်ထဲဝင်တော့။ အပြင်မှာအေးတယ်"

သူမကို သူကျောခိုင်းကာ ပြန်သွားလေ၏။ သူမ သူ့ကိုကြည့်ရင်း အခုန ဘာကြောင့်မျက်ရည်ကျမိရသည်ကို တွေးနေမိပြန်တော့သည်။ ဒီနေ့ည အိပ်မက်ထဲကိုလည်း သူရောက်လာဦးမည်လား။



မောင်ပင်မသိလိုက်ရဘဲနှင့် သူမအခက်အခဲကြီးတစ်ခု အဆုံးသတ်သွားပါ၏။ သူမရုံးသို့ဝင်တော့ အရင်ဆုံး မီးမီး၏ စပ်ဖြီးဖြီးမျက်နှာကို တွေ့လိုက်ရပါသည်။

"မမ . . . ဘယ်လိုလဲ?။ အားလုံး အဆင်ပြေသွားပြီလို့ကြားတယ်။ ဟုတ်လား?"

"အင်း . . . ပြေသွားပြီ မီးမီး"

"ကိုထက်ဝန်းကျင် ကူညီပေးတာဆို?"

"ဘယ်သူပြောတာလဲ?"

"တစ်ရုံးလုံး ပြောနေကြတာ"

"ဘယ်လိုလုပ်သိတာလဲ?"

"မနေ့က MD အနားမှာ ကိုခန့်လွင်လည်း ရှိနေတယ်လေ"

ကိုခန့်လွင်က တစ်ရုံးလုံးကို ဖွလိုက်ပြီပင်။

"အင်း . . . ဟုတ်တယ်၊ ကိုထက်ဝန်းကျင် ကူညီပေးတာ"

"ငွေက သိန်းခုနစ်ဆယ်ဖိုးနော်"

"အင်းလေ . . . "

"သိန်းခုနစ်ဆယ်ဖိုးကူညီပေးတာ မိတ်ဆွေအဆင့်ပဲလား မမ"

"မီးမီး . . ."



www.burmeseclassic.com

www.burmeseclassic.com

သူမ စိတ်တိုစွာဖြင့် မီးမီးကို အော်လိုက်မိပါ၏။

"Sorry မမ။ မီး သူများ Personal ကို ဝင်စွက်သလိုဖြစ်သွားတယ်။ ဟီး . . . ဟီး . . ."

မီးမီး ပြောပြောဆိုဆိုနှင့် သူ့မအနားမှ ထပြေးသွားပါတော့သည်။ ထို့အပြင် တစ်ရုံးလုံးတွင်ရှိနေသော ဝန်ထမ်းများအားလုံး သူမကိုကြည့်သည့်အကြည့်များက တစ်မျိုးပြောင်းနေကြ၏။ တီးတိုးစကားသံများနှင့်အတူ ပြုံးစေ့စေ့မျက်နှာများက သူမကို ပိုပြီး ရင်ခုန်နှုန်းမြန်စေပါသည်။

"ကဲ . . . အားလုံး နောက်ထပ်ဆယ်မိနစ်အတွင်း Meeting ရှိတယ်"

ကိုခန့်လွင်၏ သတိပေးသံပြီးသော် သူမ ပြင်ဆင်စရာရှိသည်ကို ပြင်ဆင်ပြီး Meeting Room ထဲသို့ ဝင်ခဲ့လိုက်ပါသည်။ ခဏကြာသည်နှင့် MD ရောက်လာပြီး သူမလုပ်ထားသော ပြဿနာအားလုံး အဆင်ပြေသွားပြီဖြစ်ကြောင်း၊ ကိုထက်ဝန်းကျင် ကူညီလိုက်ကြောင်းနှင့် နောက်နောင် ထိုသို့ထပ်မဖြစ်အောင် သတိထားသင့်သည်ဖြစ်ကြောင်းကိုပါ ပြောပြီး တခြားမှာစရာရှိသည်များကို Meeting တွင် မှာကြားလေသည်။ ထို့နောက် သူမတို့ Meeting လေး ပြီးဆုံးသွားလေသည်။

"မမရယ် . . . လိမ်မနေပါနဲ့။ မမရဲ့အကြည့်တွေက ကိုထက်ဝန်းကျင်အပေါ်မှာထားတဲ့ မမရဲ့သဘောထားကို ဖော်ပြနေတယ်လေ။ မီးမီးတောင် ကောင်းကောင်းကြီးရိပ်မိတယ်"

ရုံးမဆင်းမီပြောလိုက်သော မီးမီး၏စကားက သူမကို ခေါင်းကျိန်းစေပါသည်။ မီးမီးလို မိန်းကလေးအချင်းချင်းတောင်သိနေပါမှ သူလည်း သိနိုင်ပါ၏။ ထိုအတွေးနှင့်ပင် သူမ သူ့ကို ရင်မဆိုင်ရဲတော့ချေ။ ထို့အပြင် သူမ သစ္စာဖောက်သူမဖြစ်ချင်ပါ။ ရင်ခုန်သံများကလည်း သူ့ကို မြင်တိုင်း ဘာကြောင့် လွန်စွာ ကျယ်လောင်နေပါသနည်း။



အပြန်လမ်းအတိုင်း သူမ ခေါင်းငုံ့ကာလျှောက်နေခိုက် သူမအနားတွင် ကားတစ်စီး ဖြည်းညင်းစွာ ရွေ့လျားနေသောကြောင့် လှည့်ကြည့်လိုက်ရာဝယ် ကားမောင်းသူမှာ သူဖြစ်နေ၏။

"လိုက်ပို့ပေးချင်လို့"

ပြုံးရိပ်ရိပ် မျက်နှာထားနှင့် သူ့ကို သူမ မျက်နှာချင်းမဆိုင်ရဲပါ။

"နောက်ပြီး ကိုယ့်ကို မင်း ကျေးဇူးတင်သင့်တယ်လေကွာ"

သူ ကားကို ဖြည်းညင်းစွာမောင်းရင်း ပြောပြန်၏။

"ကျွန်မကို သိက္ခာကျအောင်လုပ်နေတာလား ကိုထက်ဝန်းကျင်။ အခုလို ကိုထက်ဝန်းကျင်လုပ်နေတာဟာ ကျွန်မကို သိက္ခာကျစေတယ်နော်"

"ကိုယ် မရည်ရွယ်ပါဘူးကွာ။ မင်းကို ဖိတ်ခေါ်ချင်တာတစ်ခုတည်းပဲ တွေးလိုက်မိလို့ပါ"

"ကျွန်မ ဒီနေ့ လိုင်းကားနဲ့ပဲပြန်ဖြစ်မှာပါ ကိုထက်ဝန်းကျင်"

"သေချာလား?"

"သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com

သူမ ခြေလှမ်းကိုပင် မတန့်ဘဲ ဆက်လျှောက်သွားလိုက်ပါတော့သည်။ သူမအနောက်သို့ သူ ကားဖြင့်မလိုက်တော့ဘဲ ကားကိုစက်သပ်လိုက်ပါသည်။ ထို့နောက် ကားပေါ်မှဆင်းကာ ကားကိုသော့ပိတ်ပြီး သူမအနောက်သို့ အပြေးလေး လိုက်သွားမိပါတော့သည်။

"ခဏစောင့်ပါဦး . . . ရတီမှန်ရယ်။ ခြေလှမ်းကလည်း မြန်လိုက်တာ"

သူမ သူ့လုပ်ရပ်ကို တအံ့တဩနှင့် ငေးကြည့်ရင်း . . .

"ဘာဖြစ်လို့ ပြေးလိုက်လာတာလဲ ကိုထက်ဝန်းကျင်?"

"မင်းက ကိုယ့်ကားနဲ့မပြန်တော့ ကိုယ်က မင်းလမ်းအတိုင်း လိုက်ရတော့တာပေါ့။ ကိုယ်လိုက်ပို့ရင် မင်းကို စရိတ်ငြိမ်းလိုက်ပို့မှာနော်။ အခု ကိုယ်က မင်းလမ်းအတိုင်း လိုက်ပြန်ရတယ်ဆိုတော့ ကိုယ့်အတွက် လမ်းစားစရိတ်ကို မင်းဘာသာခံပေတော့"

သူမအားတွင် ကပ်လျှောက်ရင်း သူက ပေါ့ပါးစွာပြော၏။

"လိုင်းကားစီးတတ်လို့လား ကိုထက်ဝန်းကျင်"

"ကိုယ်က လူပဲ။ လူတွေလုပ်တဲ့အလုပ်ကို မလုပ်တတ်ဘဲနေပါ့မလား"

"လိုင်းကားက ရုံးဆင်းချိန်ဆိုတော့ ကျပ်မှာနော်"

"ကိုယ်စီးနိုင်ပါတယ်"

"ကျွန်မက အားနာလို့"

"ဒါဆို Taxi ငှားလေ"

"ကျွန်မ ဘာ့ဂျက်ထိနိုက်မှာပေါ့"

"ကောင်းကွာ။ ဒါဆိုလည်း လိုင်းကားပဲ တိုးစီးကြတာပေါ့။ ဟုတ်ပြီလား?"

သူသည် ပြောထားသည့်အတိုင်း သူမနှင့်အတူ လိုင်းကားစီးဖြစ်အောင် စီးပါ၏။ လိုင်းကား စီးလေ့စီးထမရှိသောသူသည် လိုင်းကား



ပေါ်တွင် အခက်အခဲအတော်များများနှင့် ရင်ဆိုင်ရပါသည်။ ထို့အပြင် လမ်းပေါက်ပိတ်သလို ဖြစ်နေသောကြောင့် စပယ်ယာ၏ အော်ငေါက်ခြင်းကိုလည်း ခံရပါသေး၏။ သို့သော် သူက အပြုံးပင်မပျက်။ သူမ၏ အဆောင်သို့ ရအောင်လိုက်ခဲ့နိုင်ပါသည်။

"ကျွန်မ အဆောင်ထဲထိ လိုက်ဖို့အစီအစဉ်တော့ ကိုထက်ဝန်းကျင်ဆီမှာ ပါလိမ့်မယ်မထင်ဘူး"

သူမအဆောင်နှင့် ခပ်လှမ်းလှမ်းသို့ရောက်သည်နှင့် သူ့ကိုမေးလိုက်ပါသည်။

"မပါ,ပါဘူး"

"ဒါဆို ကျွန်မ အဆောင်ထဲဝင်တော့မယ်နော်"

"နေပါဦး။ ကိုယ်အခုလို ဘာကြောင့် ဒုက္ခခံတာလဲသိလား?"

"ဟင့်အင်း . . ."

"ကိုယ် မင်းကိုပြောစရာရှိလို့"

"ရှင်?"

"ပြောသင့်၊ မပြောသင့် စဉ်းစားနေတာ။ မင်းနဲ့စတွေ့ကတည်းက။ ဒါပေမဲ့ အခုမပြောသင့်လည်း ပြောချင်တယ်။ မင်းနားထောင်ပေးပါနော်"

သူပြောမည့်စကားများကို သူမ နားထောင်သင့်သည်လား။ ဟင့်အင်း . . . မောင့်မျက်နှာကိုထောက်ပြီး နားမထောင်သင့်ပါ။ သို့သော် သူမကိုယ်တိုင်က လိုလိုချင်ချင်ပင် နားထောင်နေမိပြန်၏။

"ကျွန်မပြန်ချင်ပြီ ကိုထက်ဝန်းကျင်"

"အခု နားထောင်ဖို့ အဆင့်သင့်မဖြစ်သေးဘူးဆိုလည်း အဆင်သင့်ဖြစ်အောင် ကြိုးစားလိုက်ပါနော်။ ပြီးရင် ကိုယ့်ဆီကို ဖုန်းဆက်ပါ။ ကိုယ်လေ ဒီစကားပြောဖို့ တော်တော်လေးကို ကြိုးစားခဲ့ရလို့ပါ"

www.burmeseclassic.com

ရိုးစေသေသူ့စကားများကြောင့် သူမ ခြေမခိုင်ချင်တော့။ သူ့ကိုနှုတ်ဆက်ရန်ဝင်မေ့ပြီး သူမ လှည့်ထွက်ခဲ့လိုက်ပါသည်။ သူမကိုကြည့်ရင်း သူသက်ပြင်းချမိပါ၏။ ဘာကြောင့် ချစ်သူရှိသော၊ သစ္စာရှိလွန်းသော သူမတို့မှ သူ ချစ်မိပါသနည်း။ မြင်တိုင်း ရင်အစိုင်ကိုဆုပ်ကိုင်ကာ ရှေ့တိုးစမ်း၊ နောက်ဆုတ်စမ်း အစရှိသဖြင့် သူ့ခြေလှမ်းများကိုပါ အပိုင်သိမ်းနိုင်သည့် သူမတွင် သူ့ထက်အရင် ချစ်သူရည်းစားမရှိခဲ့လျှင် အကောင်းသား။

***



သူမ ရုံးဆင်းချိန်တွင် မောင့်မေမေတင်ထားသောဆေးရုံသို့ ဝင်ခဲ့လိုက်ပါသည်။ မောင့်မေမေသည် မသက်သာချေ။ အသက်ကြီးပြီဖြစ်နေသောကြောင့် ခွဲစိတ်မှုလုပ်ဖို့ရာလည်း အဆင်မပြေဖြစ်နေ၏။

"မောင် . . ."

သူမ ဆေးရုံသို့ရောက်တော့ အားငယ်နေသည့် မောင့်မျက်နှာလေးကို သူမ မြင်လိုက်ရပါသည်။

"မှန် . . . မောင် မှန့်ကိုမျှော်နေတာ။ မေမေကလည်း မှန့်ကိုမျှော်နေတယ်"

"အန်တီ့ကို အရင်ဝင်တွေ့လိုက်ဦးမယ်နော်"

သူမ ဒေါ်စိန်ခြယ်ကို အရင်ဝင်တွေ့လိုက်ပါသေးသည်။ ဒေါ်စိန်ခြယ့်ကိုယ်တွင် ဆေးပုလင်းများ မြင်မကောင်းအောင်ချိတ်ထားသည်ကို သူမ တွေ့လိုက်ရပါသည်။

"အန်တီ . . . သက်သာလား?"

ဒေါ်စိန်ခြယ်သည် ပါးစပ်တွင် အောက်စီဂျင်တပ်ထားသောကြောင့် သူမတို့ ခေါင်းညိတ်၍ပင် အဖြေပြန်ပေးနိုင်၏။ သူမသည် ဒေါ်စိန်ခြယ်



www.burmeseclassic.com

www.burmeseclassic.com

စိတ်ပြေလက်ပျောက်ဖြစ်မည်ကိုပြောပြီး မောင်နှင့် စကားပြောဖြစ်ပါသေး
သည်။

"မောင် . . . အရမ်းစိတ်ညစ်နေလား?"

"မောင် . . . အားတင်းထားပါတယ် မှန်ရယ်"

မောင် အားငယ်သံလေးအတွက် သူမ စိတ်မကောင်းဖြစ်ရပြန်၏။

"မောင် . . . မှန် အလုပ်တွေမအားလို့ မလာဖြစ်တာနော်"

"ရပါတယ်။ မောင် နားလည်ပါတယ်"

ဒေါ်စိန်ခြယ် အခန်းအရှေ့တွင် သူမနှင့်မောင် ထိုင်ဖြစ်ကြပါသေး
သည်။ သူမ ဒုတိယနှစ်ပြန်တက်ရန် ဖောင်တင်ရတော့မည်ပင်။ သူမ
ထံတွင် လှူခွဲမရှိ။ မောင့်ကို အကူအညီတောင်းရန်လည်း မဖြစ်ပြန်။

"မှန် ပြန်သင့်ပြီ။ နောက်ကျရင်မကောင်းဘူး။ နောက်ပြီး မောင်
လည်း မှန့်ကို လိုက်ပို့ပေးနိုင်မှာ မဟုတ်ဘူး"

"မှန် ပြန်တော့မှာပါ။ မှန်အားတာနဲ့ လာခဲ့မယ်နော်"

"အင်း . . ."

သူမ မောင့်ကိုကျောခိုင်းပြီး လမ်းလျှောက်အထွက် . . .

"မှန် . . ."

မောင် သူမကို လှမ်းခေါ်၏။

"မောင်လေ . . . မှန့်ကို အရမ်းသတိရတာပဲ သိလား"

လေးနက်စွာဝန်ခံလိုက်သော မောင့်စကားကြောင့် သူမ ကျောမဲ့
သလို ခံစားရပါ၏။ သူမ သူ့အပေါ်တွင် တကယ်ပင် အပီအပြင် ရင်ခုန်
မိနေသည်ပဲ။

"မှန်လည်း သတိရပါတယ် မောင်ရယ်"

သူနဲ့တွေ့နေချိန်တွင်တော့ အားနာသည့်အနေနှင့် မောင့်ကိုသတိရ
မိသော်လည်း သူနှင့်မတွေ့သည့်အချိန်များတွင် သူမ သူ့ကိုသာ သတိရ
နေတတ်ပါသည်။



"မောင် ယုံပါတယ် မှန်ရယ်"

"မှန် ပြန်တော့မယ်နော်"

"မောင် လိုက်မပို့တော့ဘူးနော်"

"ရပါတယ် မောင်ရယ်"

သူမ အပြန်လမ်းတွင် သိသာစွာ စိတ်လေးလံနေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဖောင်တင်ရမည့်ကိစ္စကို အကြောင်းပြပြီး သူမ သူ့ထံသို့ ဖုန်းဆက်ချင်နေမိပါသည်။ သူမ မဆက်သင့်မှန်းသိပါသည်။ ထို့အပြင် သူပြောမည့်စကားကို သူမ နားမထောင်သင့်မှန်းလည်းသိပါ၏။ သို့သော် သူမ နားထောင်ချင်နေမိ၏။ သူ့ကို တွေ့ချင်နေမိ၏။

လူ့ကျင့်ဝတ်ကို ဖောက်ပြန်တတ်သည့်မိန်းမ မဟုတ်သော်လည်း သူ့ကို သူမ အတော်ပင် သတိရနေမိ၏။ ထိုကဲ့သို့ မောင့်ကိုတော့ တစ်ခါဖူးမှ သတိမရဖူးပါ။ သူမ ထိန်းထားသည့်ကြားကပင် သူ့ဖုန်းနံပါတ်လေးကို လက်က စိတ်လွတ်လက်လွတ် နှိပ်နေမိတော့၏။

"မလုပ်သင့်ဘူးလေ . . . ရတီမှန်ရယ်။ နောက်ပြီး မောင့်မှာ ဘာအပြစ်ရှိလို့လဲ။ မောင်က နင့်ကိုသိပ်ယုံတာလေဟာ"

ဖုန်းနံပါတ်လေးလုံးခန့် နှိပ်အပြီးတွင်တော့ သူမစိတ်ကိုသူမ ပြောပြီး ဖုန်းလေးပိတ်လိုက်မိပါသည်။ ထိုစဉ် သူမတို့အဆောင်ရှေ့သို့ ကားတစ်စီးထိုးရပ်လိုက်သံကို ကြားလိုက်ရပါ၏။



သူမ ခေါင်းလေး ဆတ်ခနဲထောင်ပြီး ကြည့်လိုက်စဉ် သူမှန်းတွေ့လိုက်ရ၍ စိတ်လွတ်ကိုယ်လွတ် အောက်ထပ်သို့ အပြေးလေး ဆင်းသွားမိပါတော့သည်။

"ကိုထက်ဝန်းကျင်"

သူမ သူ့ကို မက်မောတသစွာ ခေါ်လိုက်မိပါသည်။ သူက သူမကို အငေးသားကြည့်နေ၏။

"အရမ်းသတိရလို့ . . . အရမ်းသတိရလို့လိုက်လာတာ ရတီမှန်၊ ကိုယ်မှားလား?"

"မသိဘူး။ ဒါပေမဲ့ ကျွန်မလည်း ရှင့်ကို အရမ်းသတိရနေတာ"

မရှက်တမ်းဝန်ခံပြီးမှ မောင့်ကို သူမ သနားမိပြန်၏။ သူမ ထိုကဲ့သို့ လွန်ဆွဲသည့်အတွေးများကြောင့် လွန်စွာ မွန်းကျပ်ရပါ၏။

"ကိုယ် သတိရတိုင်း မင်းဆီကိုလာခွင့်ရှိလား?"

"လာခွင့်မရှိဘူးလေ ကိုထက်ဝန်းကျင်ရယ်။ ဒါပေမဲ့ ရှင့်ကို ကျွန်မ မျှော်နေမိတယ်"

"အဲ့ဒီစကားကြောင့် ကိုယ်သတိရတိုင်း မင်းဆီကို လာဖြစ်လိမ့်မယ် ထင်တယ် ရတီမှန်"

သူမနှင့်မောင်ရဲ့ ပတ်သက်မှုကို ဘစ်ဆောင်လုံးက သိပါ၏။ ယခု မောင်မလာတော့သည့် အချိန်ပိုင်းလေးအတွင်း သူရောက်လာတတ်သောကြောင့် အဆောင်ရှိလူများ၏အကြည့်များက သူမကို မနှစ်သက်သည့် အရိပ်အငွေ့များပါနေ၏။

"လာ . . . ကိုထက်ဝန်းကျင်။ ကျွန်မတို့ တစ်နေရာရာကို သွားကြရအောင်"

ဒီတစ်ခါတော့ သူမပင်ဦးဆောင်ပြီး သူ့ကို ခေါ်ခဲ့လိုက်ပါသည်။ သူ သိသာစွာ ပျော်ရွှင်သွား၏။ ထို့နောက် သူ့ကားလေးနှင့် သူမ လိုက်ခဲ့ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ကိုသွားချင်လည်း ရတီမှန်"

"မောင်းပါ။ ကျွန်မပတ်ဝန်းကျင်နဲ့ ဝေးတဲ့နေရာဆီကိုမောင်း။ ဒါမှ မဟုတ် ကျွန်မအတွေးတွေနဲ့ဝေးတဲ့ နေရာဆီကိုမောင်း"

သူ ဘာမှဆက်မပြောတော့။ ကားလေးကို မြို့ပြင်သို့ မောင်းနှင်ခဲ့လိုက်ပါသည်။ ထို့နောက် ကမ်းနဖူးတစ်နေရာတွင် ကားလေးကို ရပ်လိုက်ပါသည်။

"ကားပေါ်ကဆင်းချင်လား ရတီမှန်"

သူမခေါင်းညိတ်ရင်း ကားပေါ်မှဆင်းပြီး ကမ်းနဖူးတွင်ရပ်ကာ လတ်ဆတ်သောလေကို ရှူရှိုက်လိုက်ပါတော့သည်။ သူက ကားခေါင်းခန်းကိုမှီလျက် သူမကို ငေးကြည့်နေ၏။ သူမ လက်နှစ်ဖက်ကိုဆန့်တန်းပြီး လေကို ထပ်ကာရှူရှိုက်လိုက်မိပြန်၏။

"လေက လတ်ဆတ်တယ်နော် ရတီမှန်"

သူမ သူ့ကို လှည့်ကြည့်လိုက်ပါသည်။

"အင်း . . . လတ်ဆတ်တာပေါ့"

"သေချာလား ရတီမှန်"

"သေချာပါတယ်"

သူ သူမကို စေ့စေ့ငေးကြည့်နေ၏။ သူမ ရင်ခုန်သံများ သိသာစွာ မြန်လာရပါ၏။ ရင်ခုန်သံတွေကို သူမ မလိုလားသော်လည်း သူ့ကို လွန်စွာ သတိရနေမိသည့်အတွက် သူ့မျက်ဝန်းအရှေ့တွင်တော့ ဆက်နေချင်ပါသေးသည်။

"မင်းကိုချစ်တယ် ရတီမှန်"

"အဲ့လိုတွေမပြောပါနဲ့လား ကိုထက်ဝန်းကျင်ရယ်။ ကျွန်မကို အဲ့ဒီစကားတွေ မပြောပါနဲ့"

သူ လေးလံသောခြေလှမ်းများနှင့် သူမအနားသို့ တိုးကပ်လာ၏။

"ကျွန်မမှာချစ်သူရှိတယ် ကိုထက်ဝန်းကျင်"

"ကိုယ်သိတယ်လေ"



"ဒါဆို အခုနစကားကို ပြန်ရုပ်သိမ်းလိုက်ပါ"

"မရုပ်သိမ်းနိုင်ဘူး"

"ရှင့်ကို လူ့ကျင့်ဝတ်ဖောက်ဖျက်တဲ့လူတစ်ယောက် မဖြစ်စေချင်ဘူး"

"ဟင့်အင်း . . . ကိုယ် ဘယ်တုန်းကမှ လူ့ကျင့်ဝတ်ဖောက်ဖျက်ဖို့ မစဉ်းစားဖူးပါဘူး ရတီမှန်။ လူ့ကျင့်ဝတ်ဖောက်ဖျက်ရမှာက မင်းပါ"

သူမ သူ့ကိုငေးကြည့်ရင်း မျက်ရည်ဝဲမိပါ၏။ သူလည်း မျက်ရည်ဝဲနေ၏။ ရင်ထဲမှ မျိုသိပ်ထားသည့် ခံစားချက်စစ်စစ်များ ပွင့်အန်မထွက်ခင်လေး သူမ မျက်ရည်ကျရတော့၏။

"မင်း . . . လူ့ကျင့်ဝတ်ဖောက်ဖျက်ဖြစ်အောင် ကိုယ့်အချစ်တွေနဲ့ အမျိုးမျိုးသွေးဆောင်ဖျားယောင်းမယ်။ ကိုယ့်အချစ်က မင်းချစ်သူအချစ်ထက် ပိုတယ်၊ နက်ရှိုင်းတယ်လို့ မင်းသိတဲ့အချိန်ရောက်ရင် လူ့ကျင့်ဝတ်တွေကို မင်းအလိုလို ဖောက်ဖျက်ရလိမ့်မယ် ရတီမှန်"

"ကျွန်မ ဖောက်ဖျက်မှာမဟုတ်ဘူး ကိုထက်ဝန်းကျင်"

မောင့်ကို သူမအားနာမိသော်လည်း ထိုခဏလေးအတွင်းမှာတော့ သူမတွင် မောင်သာရှိမနေဘူးဆိုလျှင် သူ့ရင်ခွင်ထဲသို့ သူမ ခေါင်းမှေးမိမည်ပင်။

"ကိုယ့်ကို သူနဲ့ယှဉ်ကြည့်ပါ ရတီမှန်။ သူ့ထက် မင်းကို ကိုယ်ပိုချစ်နိုင်တယ်ထင်ရင်တော့ မင်းစောင့်စည်းနေတဲ့ လူ့ကျင်ဝတ်တစ်ခုကို ရဲရဲကြီးသာ ဖောက်ဖျက်လိုက်ပါ။ ဖောက်ဖျက်လိုက်တဲ့စည်းအပြင်မှာ ကိုယ် မင်းကိုစောင့်နေပါ့မယ်"

"အခု ကျွန်မကို လူမပီသအောင် ရှင်တိုက်တွန်းနေတာလား ကိုထက်ဝန်းကျင်"

"ဟင့်အင်း . . . ကိုယ်က မင်းကိုချစ်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com

"Valentine day က အထိအတွေ့လေးတစ်ခုကြောင့် ရှင် ရင်ခုန်တာနေမှာပါ"

သူမ ရျက်စိစုံမှိတ်ပြီး သူ့ကို ငြင်းပစ်လိုက်ပါ၏။

"မဟုတ်ဘူး ရတီမှန်။ Valentine day က မင်းရဲ့အနမ်းလေးတစ်ခုကြောင့် မင်းကိုရင်ခုန်တယ်မထင်ပါနဲ့။ ကိုယ့်အချစ်က အဲ့လောက် အပေါယံမဆန်ဘူး"

သူမ၏စွပ်စွဲချက်က သူ့ရင်အစုန်ကို ကိုင်လှုပ်နိုင်ပါသည်။ သူ လွန်စွာ စိတ်မကောင်းဖြစ်မိပါ၏။

"အခု စကားလုံးတွေနဲ့ မင်းကို မဖျားယောင်းတော့ဘူး။ မင်းကို နိုင်မာတဲ့သက်သေတစ်ခု မနက်ဖြန်ပြမယ်။ အဲ့တော့မှာ မင်းယုံသင့် မယုံသင့် ဆုံးဖြတ်ပေါ့"

သူ့နိုင်မာတဲ့စကားက သူမရင်ခုန်သံများကို ပိုပြီးမြန်ဆန်စေပါ၏။ တကယ်တော့ သူမသည်လည်း သူ့ကို Valentine day မှာ စတွေ့ကတည်းက ရင်ခုန်တတ်ခဲ့ခြင်းဖြစ်ပါသည်။

သူမ သူ့ကို စကားနိုင်ဆက်မလုတော့ချေ။ သူလည်း သူမကို ဘာမှ ဆက်မပြောတော့။ နိုင်မာသည့်သက်သေနှင့် သူ့စကားကို အတည်ဖြစ်အောင်လုပ်မည်ဟု စဉ်းစားရင်း သူတို့အပြန်ခရီးလေး တိတ်ဆိတ်နေပါတော့၏။ သူမအဆောင်ရှေ့တွင် သူ ကားလေးကို ရပ်လိုက်ပါသည်။

"ဒီမှာပဲ ကျန်ခဲ့တော့နော်။ အောက်မဆင်းနဲ့တော့"

ကားပေါ်မှမဆင်းမီ သူ့ကိုပြောပြီး သူမ ကားပေါ်မှဆင်းလိုက်ပါသည်။ ကျောခိုင်း၍ဆင်းသွားသော သူမကို သူငေးကြည့်နေမိပါသည်။ သူမကို သူ ဘယ်လိုမှ အဆုံးရှုံးမခံနိုင်တော့သည်မှာ လွန်စွာသေချာလွန်းလှပါ၏။

"ရတီမှန် ..."

သူမ အဆောင်ထဲမဝင်မီ သူ လှမ်းခေါ်မိလိုက်ပါသည်။ သူမလှည့်ကြည့်၏။



"မင်းတို့ချစ်သူသက်တမ်း ဘယ်လောက်ရှိပြီလဲ"

"သုံးနှစ်"

"သုံးနှစ်ပဲဆိုရင်တော့ မင်းချစ်သူက ပထမဆုံးအချက် စပြီးရှုံးနေပြီ"

သူမ သူ့ကို ငေးကြည့်နေမိ၏။

"မနက်ဖြန် ကိုယ်သက်သေပြပါ့မယ်"

သူမ ခေါင်းညိတ်ပြလိုက်ပြီး အဆောင်ထဲသို့ ဝင်ခဲ့လိုက်ပါသည်။ သူနှင့် အကွယ်သို့ရောက်သည်နှင့် သူမ နားနှစ်ဖက်စလုံးကို ပိတ်လိုက်မိပါသည်။

"ကျွန်မဆီက မောင်းထွက်သွားတဲ့ ရှင့်ကားမောင်းသံက ကျွန်မကို အရမ်းဝမ်းနည်းစေတယ် ကိုထက်ဝန်းကျင်"

ပြောရင်း သူမ မျက်ရည်ကျရပါ၏။

"မောင့်ကို အားနာလိုက်တာ။ နောက်ပြီး ရင်ခုန်သံတွေကိုဆန့်ကျင်ရတာ မှန်အရမ်းပင်ပန်းနေပြီ မောင်"



www.burmeseclassic.com

www.burmeseclassic.com

လွန်ဆွဲပွဲတစ်ခုတွင်
အနိုင်ရတဲ့အဖွဲ့က
အနိုင်ဆွဲလိုက်နိုင်လို့လား?
သို့မဟုတ်
ရှုံးသွားတဲ့အဖွဲ့က နိုင်တဲ့အဖွဲ့ကို
အနိုင်ပေးလိုက်တာကြောင့်လား?
ဒါဆို ဘယ်အဖွဲ့က
တကယ်နိုင်သွားတာလဲ ??

## အခန်း (၃)

ကော်ဖီဆိုင်လေးအတွင်း Jewel၏ Intuition သီချင်းသံက အေးအေးငြိမ့်ငြိမ့် ပျံ့လွင့်နေ၏။ သူက သူမကို ငေးငေးလေးကြည့်ရင်း သံစဉ်ကို နားစွင့်နေပါသည်။ သူမ ရင်ခုန်သံများ ပရမ်းပတာမြန်ဆန်နေ၏။

"ဘာအတွက်ချိန်းလိုက်တာလဲ ကိုထက်ဝန်းကျော်"

သူ့အကြည့်များကို တွန်းလှန်ချင်သောကြောင့် သူမ မေးလိုက်မိပါသည်။ တကယ်တော့ သူမ သူခေါ်ရာကော်ဖီဆိုင်သို့ မလိုက်ခဲ့သင့်ကြောင်း သိနေသော်လည်း နှုတ်ကတော့ မလိုက်ခဲ့ချင်ဘူးဟူ၍ ငြင်းရန် လွန်စွာခက်ခဲနေသောကြောင့် သူမ ယခုကော်ဖီဆိုင်လေးသို့ ရောက်နေရခြင်းဖြစ်၏။

"မင်းကို လက်ဆောင်တစ်ခုပေးချင်လို့ပါ ရတီမှန်"

"ကျွန်မ လက်ဆောင်မလိုချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"မင်းအချစ်ကိုရဖို့ လူညံ့တစ်ယောက်လို ပစ္စည်းဝယ်ပေးပြီး လာဘ်ထိုးတတ်တဲ့ယောကျ်ားတွေစာရင်းမှာ ကိုယ်မပါဘူး ရတီမွန်။ ကိုယ်မင်းကို ပေးမယ့်လက်ဆောင်က အဟောင်းကြီးပါ။ နောက်ပြီး ဝယ်ထားတာလည်း ကြာလှပြီ"

သူ ပြောပြောဆိုဆိုနှင့်ပင် အသင့်ယူဆောင်လာသော လက်စွပ်ဘူးလေးကို စားပွဲပေါ်သို့ တင်လိုက်ပါသည်။

"လက်ဆောင်သက်သက် မဟုတ်ဘူးနော်။ သက်သေပြချင်တာလည်း ပါတယ်။ မနေ့က မင်းပြောတယ်လေ မင်းရဲ့ မထင်မှတ်ထားတဲ့ အနမ်းတစ်ခုကြောင့် မင်းကို ကိုယ်စိတ်ဝင်စားမိတယ်ဆိုတာ မှတ်မိလား?"

"ဟုတ်ကဲ့ . . . မှတ်မိပါတယ်"

"အဲ့ဒါမဟုတ်ဘူးလို့ ကိုယ်ငြင်းခဲ့တယ်နော်။ အခု ဒီလက်ဆောင်လေးကို မင်းဖွင့်ကြည့်လိုက်ပါ။ အနမ်းလေးတစ်ခုကြောင့် ကိုယ် ရင်မခုန်တတ်ဘူးဆိုတာ မင်းနားလည်သွားလိမ့်မယ်"

သူတင်ပေးလိုက်သော စားပွဲပေါ်မှ လက်စွပ်ဘူးလေးကို သူမ လှမ်းယူလိုက်မိပါသည်။ ထို့နောက် သူ့ကိုလည်း တစ်ချက်လှမ်းကြည့်လိုက်သော် . . .

"ကိုယ့်ရင်ထဲက နက်ရှိုင်းတဲ့ ခံစားချက်တွေက အနမ်းလေး တစ်ခုက စခဲ့တာမဟုတ်ပါဘူး ရတီမွန်ရယ်။ ယုံပါ"

သူ့ဝန်ခံချက်ကြောင့် သူမ စိတ်မကောင်းဖြစ်ရပြန်၏။ သူမ ဝေ့ဝေမနေတော့ဘဲ လက်စွပ်ဘူးလေးကို ဖွင့်ကြည့်လိုက်မိပါသည်။

"ဟယ် . . ."

သူမ လွန်စွာ အံ့ဩလွန်း၍ အာမေဍိတ်သံပင် ပြုလိုက်မိ၏။ ဘူးထဲတွင် သူမ တစ်ချိန်က လွန်စွာမက်မက်မောမော ငေးကြည့်ခဲ့ဖူးသော လက်



စွပ်လေးကို တွေ့လိုက်ရပါ၏။ မှတ်မှတ်ရရ လက်စွပ်လေး၏အလယ်တွင် သူမနာမည်၏ ပထမဦးဆုံးစာလုံးဖြစ်သည့် 'Y' ကို စိန်ပွင့်သေးသေးလေးများနှင့် ထွင်းထားသောကြောင့် လွန်စွာလည်း လိုချင်ခဲ့မိပါသည်။

ပလက်တီနမ်နှင့်လုပ်ထားသည့် စိန်ထည်ပစ္စည်းမပြောနှင့် Fancy ပစ္စည်းဝယ်ဝတ်ရန်ပင် အဆင်မပြေလှသော သူမသည် ထိုလက်စွပ်ကို လိုချင်လွန်းလှ၍ အလုပ်ဆင်းချိန်တိုင်း သွားသွားပြီး ကြည့်တတ်ပါ၏။

သို့သော် သူမ မသွားဖြစ်သည့်တစ်ရက်တွင်တော့ ထိုလက်စွပ်လေးကို တစ်ဦးတစ်ယောက်က ဝယ်သွားသောကြောင့် သူမ ဆက်မကြည့်ဖြစ်တော့ချေ။ ယခု ထိုလက်စွပ်လေးကို သူမ မမျှော်လင့်ဘဲတွေ့လိုက်ရ၍ အံ့ဩလွန်းလို့ နှုတ်ခမ်းကိုပင် လက်ဖဝါးလေးနှင့် အုပ်လိုက်မိပါ၏။

"မင်း . . . အံ့ဩသွားတယ်ဆိုရင်တော့ ဒီလက်စွပ်လေးကို မှတ်မိလို့ပဲ ဖြစ်မှာပေါ့နော်"

သူမ ခေါင်းညိတ်ပြလိုက်မိပါ၏။

"အဲ့ဒီလက်စွပ်ကို ဝယ်သွားတဲ့လူက ကိုယ်လေ။ နောက်ရက်တွေ မင်းကိုလာရှာသေးတယ်။ မင်းရောက်မလာတော့လို့ . . ."

သူမ နားမလည်စွာ သူ့ကိုကြည့်လိုက်မိပါသည်။

"လက်စွပ်လေးကို လိုချင်တဲ့မျက်ဝန်းလေးတွေနဲ့ ငေးကြည့်နေတဲ့ မင်းပုံက ဘာမှမထူးခြားပေမယ့် မခုန်တတ်တဲ့ငါ့နှလုံးသားက မင်းကို တွေ့ပြီး ဝုန်းဒိုင်းကျဲ သောင်းကျန်းတော့တာပဲ"

သူမ ဘယ်လိုနားလည်ရတော့မည်နည်း။ သူ့ကိုသာ တွေတွေငေးကြည့်နေမိတော့၏။

"မှတ်မိလား . . .။ မင်း ဒီလက်စွပ်ကို ဘယ်တုန်းက ငေးခဲ့လဲ လို့"

"လွန်ခဲ့တဲ့ . . . ကျွန်မ သေချာမသိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

ဆည်းစားရင်းဖြေသော်လည်း ရင်ခုန်သံများကြောင့် အာရုံရှုပ်ယှက်ခတ်နေ၏။

"လွန်ခဲ့တဲ့ ငါးနှစ်အကြာကလေ။ သေသေချာချာပြောမယ်ဆိုရင် လွန်ခဲ့တဲ့ ငါးနှစ်၊ နှစ်လနဲ့ ရှစ်ရက်အကြာက"

"ရှင်? . . ."

အံ့ဩလွန်း၍ သူမ မျက်လုံးအဝိုင်းသား။ ထို့အပြင် သူမအပေါ် ထိုမျှလောက်အလေးအနက်ထားသည့် သူ့အချစ်များကိုလည်း သူမ အသိအမှတ်ပြုမိသွားပါ၏။ ထိုအချစ်ကွန်ယက်ကြီးထဲက သူမ ရုန်းထွက်နိုင်တော့မည်မဟုတ်တော့။ သူသည် ပြောထားသည့်အတိုင်း သူမကို အချစ်များနှင့် အစွမ်းကုန် ဖျားယောင်းနေပါတော့သည်။

"အဲ့ဒီနေ့ကတည်းက မင်းကိုတွေ့ပြီး ချစ်မိသွားတာ။ မှတ်မှတ်ရရဖြစ်အောင် လက်စွပ်လေးဝယ်ပြီး မင်းကိုလိုက်ရှာသေးတယ်။ ဒါပေမဲ့ နောက်ရက်တွေမှာ မင်းကိုမတွေ့တော့ဘူး"

သူမ ထိုအလုပ်မှထွက်ပြီး အခြားအလုပ်တစ်ခုပြောင်းလိုက်သောကြောင့် သူနှင့် ထပ်မတွေ့ခဲ့မိခြင်းပင်။ အလုပ်မပြောင်းခဲ့မိရင်ကောင်းသား။ နှောင်တလိုလို ခံစားချက်ကြီးတစ်ခု သူမရင်ထဲသို့ တိုးဝင်ခဲ့ရပါတော့သည်။

"မင်းရဲ့အချစ်သက်တမ်းက သုံးနှစ်။ ကိုယ် မင်းကိုချစ်နေခဲ့ရတာက . . . ဟိုး . . . ငါးနှစ်အကြာကတည်းက။ ကဲ . . . ကိုယ့်အချစ်သက်တမ်း ပိုရှည်တယ်နော်"

သူ့ကိုငေးကြည့်ရင်း သူမ မျက်ရည်စများ ဝေ့မိပါတော့၏။ ထို့အပြင် သူ့စကားလုံးများကလည်း လေးနက်လွန်းနေ၏။

"လက်စွပ်လေးကိုငေးကြည့်နေတဲ့ မင်းမျက်ဝန်းက အရမ်းကိုအသက်ဝင်လွန်းတယ်။ နောက်ပြီး အဖြူရောင်ဆန်တယ်။ ကိုယ့်နှလုံးသားတွေ ခုန်ပေါက်ကုန်တယ်"



သူမလက်တစ်ဖက်ကို သူ လှမ်းကိုင်လိုက်ပါသည်။ ဘုရားရေ . . သူမ မရုန်းချင်တော့။

"အခြေအနေမပေးလို့ မင်းနဲ့နောက်မှတွေ့ရပေမယ့် အခွင့်အရေးတစ်ခုတော့ ကိုယ်လိုချင်တယ် ရတီမှန်။ မင်း . . . ကိုယ့်ကို ပြန်ချစ်ပါနော်"

သူ့မျက်ဝန်းတွင် မျက်ရည်စတချို့နှင့် တောင်းဆိုလိုက်သော တောင်းဆိုမှုကို သူမ ဘာအင်အားမျိုးနှင့် ငြင်းနိုင်တော့မည်နည်း။ သို့သော် သူမ ပြတ်သားစွာ ခေါင်းမညိတ်ရဲပြန်။ မောင်က သူမအပေါ်တွင် လွန်စွာယုံကြည်ထားသည်တဲ့။

"ကျွန်မပြန်ချင်ပြီ ကိုထက်ဝန်းကျော်"

"မင်း ရှောင်လွှဲပါ။ တစ်ခါ၊ နှစ်ခါ၊ ဆယ်ခါ၊ နောက်ဆုံး အခါနှစ်ဆယ်ပေါ့။ ဒါပေမဲ့ မင်းတစ်သက်လုံးတော့ မရှောင်လွှဲနိုင်ပါဘူး . . ရတီမှန်။ နောက်ဆုံးကျွာ . . . တစ်သက်လုံး ရှောင်လွှဲနေဦးမယ်ဆိုရင်တောင် မင်းနှလုံးသားက မင်းကို အရှင်လတ်လတ် မီးသင်္ဂြိုလ်လိုက်လိမ့်မယ်"

သူ့ရဲ့ပြတ်သားတဲ့ စကားအဆုံးတွင်တော့ သူမ သူ့လက်ထဲမှလက်ဖဝါးလေးကို ရုန်းကန်ထွက်လိုက်မိပါသည်။

"ကျွန်မချစ်သူ ကျွန်မကို ရည်းစားစကား,စပြောတုန်းက ကျွန်မငြင်းပိုင်ခွင့်ရှိတယ်။ ဒါပေမဲ့ ကျွန်မ မငြင်းဘဲနဲ့လက်ခံခဲ့တာ။ ကျွန်မတို့နှစ်ယောက် ချစ်သူဖြစ်ရတဲ့တကယ့်အကြောင်းအရင်းက ကျွန်မကြောင့်ပဲ။ ဒီတော့ ကျွန်မကပဲ သူ့ကိုသစ္စာမဖောက်ချင်ဘူး ကိုထက်ဝန်းကျော်။ နောက်ပြီး ကျွန်မနှလုံးသားကလည်း ကိုယ့်ချစ်သူကိုပဲ ရွေးချယ်ခဲ့လို့ ကျွန်မကို မီးသင်္ဂြိုလ်မှာမဟုတ်ပါဘူး"

"မီးသင်္ဂြိုလ်မှာပေါ့။ မင်းမှ သူ့ကိုမချစ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ချစ်လို့ပဲ ချစ်သူအဖြစ် လက်ခံခဲ့တာမဟုတ်လား?"

"မင်း သူ့ကိုမချစ်ဘူး ရတီမှန်။ တကယ်လို့ ချစ်တယ်ဆိုရင်လည်း အပေါ်ယံလောက်ပါပဲ။ နက်ရှိုင်းတဲ့အချစ်ဆိုတာ ငါ့ကြောင့် မင်းဆီမှာ ပေါက်ဖွားလာမှာ"

"ကျွန်မကို မစွပ်စွဲပါနဲ့ ကိုထက်ဝန်းကျင်"

"ကိုယ် မစွပ်စွဲပါဘူး။ မြင်တာကိုပြောတာပါ။ မင်းချစ်သူထက် မင်း ငါ့ကိုပိုချစ်တယ်"

"မဖြစ်နိုင်ဘူး။ ရှင် ဘယ်လိုလုပ်သိတာလဲ?"

"ဦးနောက်ရဲ့ ထိန်းချုပ်အားကောင်းတဲ့ မင်းပါးစပ်က မဖြစ်နိုင်ဘူးလို့ ငြင်းနေပေမယ့် ဦးနောက်ရဲ့ ထိန်းချုပ်အားနည်းတဲ့ မင်းမျက်ဝန်းတွေက ကိုယ့်ကို ကောင်းကောင်းကြီး ဝန်ခံနေတယ် ရတီမှန်"

သူ့စကားဆုံးသည်နှင့် သူမ စိတ်ညစ်လွန်းပြီး ငိုချလိုက်မိပါတော့သည်။ အချစ်က ထိုကဲ့သို့ ငိုခိုင်းစေနိုင်သည်တဲ့လား။

"စိတ်ညစ်လိုက်တာ ကိုထက်ဝန်းကျင်ရယ်"

"ရှင်းရှင်းလေးပါ ရတီမှန်ရယ်။ မင်း . . . ကိုယ့်ကိုချစ်နေပါတယ်။ ဒါပေမဲ့ မင်းချစ်သူကို ပြန်ငြင်းလိုက်ဖို့ မင်းကြောက်ရွံ့နေတယ်။ အဲ့ဒါကြောင့် မင်းစိတ်ညစ်နေတာ။ တကယ်လို့ ကိုယ့်ကို မချစ်ဘူးဆိုရင် ကိုယ့်ကိုငြင်းလိုက်။ နောက်ဆုံးကွာ . . . ကိုယ့်ပါးကို တစ်ချက်နှစ်ချက်လောက်ရိုက်ပြီး ချစ်သူရှိတဲ့မင်းကို မဖျားယောင်းနဲ့လို့ ပြတ်ပြတ်သားသားပြောပြီး မင်း ဒီကနေထွက်သွားလိုက်။ ပြီးပြီပေါ့"

သူပြောသည့်အတိုင်း သူမ မလုပ်နိုင်သည်မှာ သေချာလှပါ၏။

"ကဲ . . . မင်း ကိုယ်ပြောသလို မလုပ်နိုင်ဘူးမဟုတ်လား"

သူမ ဝန်မခံရဲချေ။ သို့သော် မငြင်းပယ်မိ။



"ရဲဝံ့လိုက်ပါ ရတီမှန်ရယ်။ ဒီဖက်ကမ်းမှာ ကိုယ် အဆင်သင့်စောင့်နေပါတယ်"

သူမ စိတ်ညစ်စွာ ငိုကြွေးလိုက်မိပါတော့သည်။

"ကျွန်မ အရမ်းမွန်းကျပ်နေမိပြီ ကိုထက်ဝန်းကျင်။ သေချာတာကတော့ ကျွန်မ မောင့်ကို သစ္စာမဖောက်ရဲဘူး။ ဟင့်အင်း . . . မလုပ်ရဲဘူး"

သူ စိတ်မကောင်းစွာ မျက်ရည်ဝဲရတော့၏။

"မင်း သူ့ကိုမောင်လို့ တစ်ခွန်းခေါ်တိုင်း ငါ့အသည်းထဲက သွေးတစ်စက် ကျကျသွားသလိုပဲ ရတီမှန်။ မင်းကိုချစ်ခဲ့မိတာ ငါ ဝဋ်ကြွေးရှိလို့လား"

"ကျွန်မတို့တွေ့တာ ဒီထက်နည်းနည်းစောရင်စော၊ မစောရင်လည်း မတွေ့မိကြရင် ကောင်းမယ်"

"တကယ်လို့ ဝဋ်ကြွေးဆိုရင်လည်း ကိုယ်ပြုံးပြုံးကြီးနဲ့ကို ဆက်ချစ်နေဦးမှာပါ"

သူမ စိတ်ကျဉ်းကျပ်စွာ သက်ပြင်းချလိုက်စဉ်ဝယ် မျက်ရည်ပေါက်နှစ်ပေါက်လည်း ပါးပြင်ပေါ်သို့ စီးဆင်းကျလာရပါ၏။

"ခံစားချက်တွေကြောင့် သေသွားပါစေ၊ ကျွန်မ မောင့်ကို သစ္စာမဖောက်ဘူး"

"အဲ့ဒါ မင်း သူ့ကိုချစ်လို့ မဟုတ်ဘူးနော်။ သူ့ကို အားနာလို့။ နောက်ပြီး လူ့ကျင့်ဝတ်ဘောင်ကို မကျော်ရဲလို့"

သူနှင့်သူမ စကားလုံးများသာ ပြောဖြစ်နေသော်လည်း တကယ့်လိုရင်းကို ရှာမတွေ့ကြ။ သူကတော့ သူမကိုပိုင်ဆိုင်ရဖို့ နောင်တ,ကင်းကင်းနှင့်ကို ရှေ့ဆက်တိုးနေသော်လည်း သူမအတွက်ကတော့ မပျော်လွန်နိုင်သည့် ရင်ခုန်သံများနိုပ်စက်မှုကို တင်းတင်းခံရင်း မောင့်အပေါ်တွင် သစ္စာရှိနိုင်ရန် အစွမ်းကုန် ကြိုးစားနေမိပါတော့သည်။

www.burmeseclassic.com

"လွန်ခဲ့တဲ့ငါးနှစ်ကတည်းကစပြီး ခုန်ခဲ့တဲ့ ကိုယ့်ရင်ခုန်သံတွေ
မင်းတိုမတွေ့တော့ပေမယ့်လည်း သွေးအေးမသွားဘဲ ဘယ်မှာ
မင်း ဘွားခနဲပေါ်လာလိမ့်မလဲဆိုတဲ့ မျှော်လင့်ချက်ကြီးနဲ့ စောင့်နေ
တယ်ဆိုတဲ့ အချက်လေးကို မင်းစဉ်းစားတိုင်း ထည့်ပြီးစဉ်းစား
ပါနော်။ မျက်နှာသာပေးတဲ့အနေနဲ့ပေါ့"

ကော်ဖီဆိုင်မှပြန်ခဲ့တော့ သူမထံတွင် သူ့လက်စွပ်လေး ပါလာ
တော့သည်။ သို့သော် သူမ မဝတ်ခဲ့။ အိတ်ထဲတွင်သာ ထည့်ခဲ့လိုက်၏

သူလိုက်ပို့မည်ပြောနေသည့်အကြားက သူမဘာသာ အဆောင်သို့
ပြန်ခဲ့လိုက်ပါသည်။ သူ့စကားများနှင့် သူမနှလုံးသားတစ်ခုလုံးကို လှုပ်
ရှားအောင် ကြိုးများနှင့် အထပ်ထပ် ချည်နှောင်ခံထားရပါ၏။ အဆောင်
သို့ပြန်ရောက်သည်နှင့် ဧည့်ခန်းတွင် မောင့်ကိုမမျှော်လင့်ဘဲ သူမ တွေ့
လိုက်ရပါသည်။

"မောင် . . ."

မောင် သူမကို ကျောခိုင်းထိုင်နေရင်းမှ လှည့်ကြည့်ပါ၏။

"မောင် မှန့်ကိုသတိရလို့လာခဲ့တာ"

သူမ အပြင်သွားရသည့်အကြောင်းအရင်းကို မောင့်ထံတွင် မတင်
ပြင်ပါ။ သူမ သူ့ကြောင့် မောင့်ကို ဖုန်းကွယ်တတ်နေပြီပဲ။

"ကော်ဖီသောက်သွားကြရအောင် မှန်။ လိုက်ခဲ့နော်"

သူမ မောင့်ဖိတ်ခေါ်မှုကို မငြင်းရက်။ ထို့ကြောင့် မောင်နှင့်အတူ
ကော်ဖီဆိုင် ထိုင်ဖြစ်လိုက်ပြန်၏။

"ဘာသောက်မလဲ မှန်"

"မှန့်အတွက် ရေပဲပေးပါ။ မှန် ရေဆာလို့"

www.burmeseclassic.com

www.burmeseclassic.com

သူနှင့်အတူထိုင်စဉ်က သူမ ကော်ဖီသောက်ခဲ့ပြီးပါပြီ။

"မသောက်ချင်တော့ဘူး"

သင်္ကေတ ကော်ဖီတစ်ခွက်နှင့် ရေသန့်ဘူးမှာလိုက်ပါသည်။

"မောင် မနေ့ကတည်းက မှန့်ကိုသတိရနေတာ"

"ဖုန်းဆက်လိုက်ပေါ့ မောင်ရယ်"

"မှန့်ကိုလည်း တွေ့ချင်လို့လေ"

မောင့်အတွက် သူမရင်ခုန်သံများကို ပင်ပန်းကြီးစွာ ငြင်းပယ်နေရင်း သူမအပေါ်တွင်ထားသော မောင့်မေတ္တာအတိမ်အနက်ကို သူမတိုင်းတာချင်လာ၏။

"မောင် . . . မှန့်ကို ဘယ်တုန်းကစပြီး သတိထားမိတာလဲ"

"ဘာဖြစ်လို့လဲ မှန့်။ ရုတ်တရက်ကြီး"

"သိချင်လာလို့ပါ"

"အရင်က မောင့်အလုပ်ကို မှန့်အဆောင်ရှေ့ကဖြတ်လျှောက်သွားရတာလေ။ အဲတုန်းကတည်းက မှန့်ကို မောင်မြင်ဖူးပါတယ်။ သတိထားမိတယ်လို့တော့ မဟုတ်ဘူး"

"မှန့်ကို ဘယ်လိုလုပ်ပြီး စိတ်ဝင်စားသွားတာလဲ?"

သင်္ကေတ သေချာစွာစဉ်းစားရင်း . . .

"မောင် မှန့်ကိုမြင်ဖူးပေမယ့် ပုံမှန်ပါပဲ။ တစ်ရက် မောင့်သူငယ်ချင်းတစ်ယောက်က မှန့်အရမ်းချောတဲ့အကြောင်းကိုပြောတာကို မောင် အမှတ်မထင်ဘဲ ကြားလိုက်မိတယ်။ နောက်တစ်ရက် သူ့စကားကြောင့် မှန့်ကို သတိထားပြီးကြည့်လိုက်မိတယ်။ အဲတုန်းက မှန့်အလှကို မောင် သတိထားမိပြီး စိတ်ဝင်စားသွားတာ"

"စိတ်ဝင်စားပြီး ဘယ်လောက်အကြာမှာ မောင် မှန့်ကိုချဉ်းကပ်ခဲ့တာလဲ"

"တစ်ပတ်လောက်အကြာမှာ မောင်နဲ့မှန် လိုင်းကားပေါ်မှာဆုံတယ်လေ။ နောက်ပြီး မှန်နဲ့ သူငယ်ချင်းဖြစ်ခွင့်တောင်းတယ်။ တစ်လလောက်အကြာမှာ မှန့်ကိုဖွင့်ပြောတယ်။ ဒါပဲလေ . . . မှန့် ဘာသိချင်သေးလဲ?"

"ဒါဆို မောင် သူငယ်ချင်းဖြစ်ခွင့်တောင်းကတည်းက မှန့်ကို စိတ်ဝင်စားမိနေပြီပေါ့"

"ရိုးရိုးသားသားဝန်ခံရရင် ဟုတ်တယ်။ မှန့်ကိုစိတ်ဝင်စားလို့ သူငယ်ချင်းဖြစ်ခွင့်တောင်းတာ။ သူငယ်ချင်းဖြစ်ပြီးမှ မှန့်ကို တဖြည်းဖြည်းလေ့လာပြီး မောင်ချစ်ခဲ့မိတာ"

သင်္ကေတပြောပြသည့် အချစ်ဆိုသည့်စကားလုံးက ထက်ဝန်းကျင်လောက် မနက်ရှိုင်းပါ၊ မလေးနက်ပါဟု သူမခေါင်းထဲ ဘာသာပြန်နေမိပါ၏။

"တကယ်လို့ မောင့်ရဲ့သူငယ်ချင်းဖြစ်ခွင့်တောင်းတာကို မှန်ကငြင်းခဲ့မယ်ဆိုရင် မောင် မှန့်ကိုချစ်ပါတော့မလား?"

တွေးတွေးဆဆမေးလိုက်သော သူမမေးခွန်းကို သင်္ကေတ ချက်ချင်းမဖြေနိုင်။ သေချာစဉ်းစားရပါ၏။

"မောင် . . . ဖြေလေ"

"မောင် စဉ်းစားနေတာ"

"စဉ်းစားတယ်ဆိုကတည်းက အဖြေက မသေချာတော့လို့ပေါ့"

"ဟုတ်လိမ့်မယ်။ မောင် မှန့်ကို ချစ်မိချင်မှချစ်မိလိမ့်မယ်"

"တကယ်လို့ ချစ်မိတယ်ပဲထားပါဦး၊ မှန့်ဖက်က တုံ့ပြန်မှုမရှိဘဲနဲ့ မောင် မှန့်ကို သုံးနှစ်လုံးလုံးမျှော်လင့်ပြီး ဆက်ချစ်နေနိုင်ပါ့မလား?"

သူမမေးခွန်းကြောင့် မောင် သူမကို သေချာစွာကြည့်လိုက်ပါသည်။

"မှန် . . . ဘာအတွက် ဒါတွေပဲမေးနေတာလဲ?"

"ဖြေပေးပါမောင်ရယ်။ မောင့်မှာ အဖြေမရှိဘူးလား?"

"ဖြေလို့လည်း ဘာမှထူးလာမှာမှ မဟုတ်တာ"

"သိချင်လို့ပါ"





www.burmeseclassic.com

www.burmeseclassic.com

"အမှန်အတိုင်းဖြေရင် စိတ်ခုမှာလား မှန်"

"ဟင့်အင်း . . . အမှန်အတိုင်းပဲ ဖြေပေးပါနော်"

"ဘာတုံ့ပြန်မှုမှမရှိတဲ့အချစ်အတွက် အချိန်ကုန်ခံမယ်လို့တော့ မောင်မထင်ဘူး"

သင်္ကေတ၏အဖြေက သူမရင်ကို ညှိုးငယ်သွားစေပါသည်။ ထို့အပြင် သင်္ကေတ၏အချစ်က ထက်ဝန်းကျင်အချစ်လောက် မလေးနက်မှန်း သူမသိလိုက်ရပါပြီ။ ငါးနှစ်လုံးလုံး လူကိုပင်မတွေ့ရဘဲ ထက်ဝန်းကျင်က သူမကို ဖွဲ့ရှိရှိ ချစ်နေခဲ့သည်ပဲ။

"မောင် အခု မေမေ့ကြောင့် အရမ်းစိတ်ညစ်နေတယ် မှန်။ မေမေ တစ်ခုခုဖြစ်သွားမှာကို မောင်အရမ်းကြောက်နေတယ်"

သူမ ရင်ထဲမှခံစားချက်များကို မျိုသိပ်ပြီး မောင့်ကိုနှစ်သိမ့်ဖို့ ကြိုးစားကာ မောင့်လက်ဖဝါးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ပါသည်။

"ဘာမှဖြစ်လောက်မယ် မထင်ပါဘူးမောင်ရယ်။ ကဲ . . . မောင် ကော်ဖီသောက်လိုက်။ ပြီးရင် အန်တီ့ဆီကို သွားကြတာပေါ့။ မှန်လည်း အန်တီ့ဆီကိုမရောက်ဖြစ်တာ ကြာပြီလေ"

"မှန် အပြန်နောက်ကျမှာပေါ့"

"ရပါတယ်မောင်ရယ်။ မှန် ပြန်တတ်ပါတယ်"

သို့နှင့် သူမ ဒေါ်စိန်ခြယ်တက်နေသောဆေးရုံသို့ လိုက်ဖြစ်ခဲ့လိုက်ပါသေးသည်။

❀ ❀ ❀



သူမအလုပ်ဆင်းချိန်တွင် ပြုံးတုံ့တုံ့မျက်နှာထားလေးနှင့် သူ့ကို မထင်မှတ်ဘဲ ကားမှတ်တိုင်တွင် သူမတွေ့လိုက်ရပါ၏။ ထိုခဏလေးအတွင်း သူမစိတ်ထဲ ပေါ့ပါးသွားပါ၏။ သူ့ကိုမြင်လိုက်ရသောကြောင့်ပေလား။

"ကဲ . . . မမ၊ ကားခပါတယ်နော်။ ကျွန်တော် ဒီနေ့ မမနဲ့အတူ လိုက်ပြန်မလို့"

မနေ့က လေးနက်သည့်စကားများက သူမပြောထားသယောင်နှင့် ထက်ဝန်းကျင်က သူမကို ဆက်ဆံနေ၏။

"ဘာလိုက်လုပ်ဖို့လဲ ကိုထက်ဝန်းကျင်"

"မင်းနဲ့အတူ ပြန်ချင်လို့လေ"

"ဟိုတစ်ခါ စပယ်ယာအဟောက်ခံရတာ မမှတ်သေးဘူးလား?"

"အဲတုန်းက ကိုယ် သိပ်ပြီး လိုင်းကားမမစီးတတ်တာ။ အပြောခံရမှာပေါ့။ အခုတော့ အဆင်ပြေလောက်ပါ ရဲ့။ တကယ်လို့ မင်းက ကိုယ့်ကို သက်ညှာချင်တယ်ဆိုရင်တော့ ကိုယ့်ကားနဲ့လိုက်ပြန်လေ။ မင်းကို ပြစရာလည်းရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com

အရင်တစ်ခါ သူမနှင့်အတူ သူလိုက်ပြီး လိုင်းကားစီးတုန်းက သူ အတော်ပင် ကသိကအောက်ဖြစ်ရပါ၏။ ထို့အပြင်လည်း အတော်ပင် ခက်ခဲရှာပါ၏။ သူ့အရပ်မြင့်မြင့်ကြီးနှင့် လိုင်းကားတန်းများနှင့်လည်း တဒိန်းဒိန်း ဆောင့်မိရှာပါသေး၏။

"ကဲပါ . . . ကျွန်မ ကိုထက်ဝန်းကျင်ကားနဲ့ လိုက်ပြန်မယ်"

"ဟား . . . ဒါဆို ဒီမှာခဏစောင့်။ ကိုယ် ကားသွားယူလိုက်မယ်"

ဘသားချောက သူမနှင့်အတူလိုက်ပြန်ရန် ကားကို သေချာပင် ပါကင်ထိုးထားခဲ့ပါသေး၏။ သူ့ကျောပြင်ကိုကြည့်ပြီး သူမ ကြည်နူးမိသော်လည်း သူမတွင် မောင်ရှိနေသည်ဟူသောအတွေးကြောင့် ကြည်နူးမှုလေး ရေရှည်မခံဘဲ ပျောက်ပျက်သွားရ၏။ သူ့ကားလေးနှင့် သူမ တိတ်ဆိတ်စွာ လိုက်ပါခဲ့ပါတော့သည်။

"ကိုယ်သွားချင်တဲ့နေရာကို သွားမယ်နော်"

သူမခေါင်းညိတ်၍သာ တုံ့ပြန်လိုက်ပါသည်။ ထိုအခါ သူကျေနပ်စွာ လီဗာကို ဖိနင်းလိုက်ပါ၏။ ခဏပင်ကြာ၏ ခြံဝန်းကျယ်ကျယ်ထဲရှိ ခမ်းနားလှသည့်အိမ်သို့ သူကားလေးကို ကွေ့ဝင်လိုက်ပါသည်။ ထို့နောက် အိမ်ရှေ့တွင် သူကားရပ်လိုက်၏။

"ဆင်းနော် . . ."

သူမ အိမ်ကြီးကိုအကဲခတ်ကြည့်ရင်း ကားပေါ်မှဆင်းလိုက်ပါသည်။

"ဒါ . . . ကိုယ့်အိမ်လေ"

သူမကို ဧည့်ခန်းသို့ခေါ်သွားရင်း သူကပြော၏။

"ကျွန်မကို ဘာလို့အိမ်ခေါ်လာရတာလဲ?"

"မင်းကိုပြချင်လို့လေ။ ကိုယ်နေတဲ့အိမ်က ဘယ်လောက်ခမ်းနားတယ်၊ ကိုယ်လုပ်တဲ့အလုပ်က ဘယ်လောက်ကြီးကျယ်တယ် အဲ့ဒါတွေ မင်းသိအောင်လို့လေ"



"အဲ့ဒါတွေကိုမက်ပြီး ရှင့်အပေါ်တိမ်းညွတ်လာအောင်လို့လား ကိုထက်ဝန်းကျင်"

"မဟုတ်ဘူး ရတီမှန် . . . အဲ့လို မစွပ်စွဲပါနဲ့။ ကိုယ် ဒါတွေ ဘာဖြစ်လို့ပြတာလဲဆိုတော့ . . ."

သူကပြောရင်း သူမကို စေ့စေ့ကြည့်လိုက်၏။

"ကဲ . . . နောက်ဖေးလိုက်ခဲ့ ဆက်ပြောမယ်"

သူ ရဲရဲတင်းတင်းပင် သူမလက်ဖဝါးလေးတစ်ဖက်ကို လှမ်းကိုင်ရင်း အိမ်နောက်ဖေးဘက်သို့ ခေါ်ခဲ့လိုက်ပါသည်။

"ဘာသောက်မလဲ"

"ဟင့်အင်း . . ."

"သံပုရာရည်သောက်။ ဟုတ်ပြီလား"

သူ ပြောပြီး ရေခဲသေတ္တာထဲမှ သံပုရာသီးတစ်လုံးနှင့် ရေခဲကတ်ကို ထုတ်ယူလိုက်သည်။ ထို့နောက် ဖန်ခွက်တစ်လုံး လှမ်းယူလိုက်၏။ သူ လက်ကိုသေချာစွာဆေးပြီး သူမအတွက် သူကိုယ်တိုင် သံပုရာရည် တစ်ခွက်ကို သေချာစွာ ဖျော်ပေးရှာပါ၏။

"မြည်းကြည့်ပါလား။ ဘာလိုလဲလို့?"

သူကမ်းပေးသော သံပုရာရည်ကို သောက်ကြည့်လိုက်စဉ် ချဉ်လွန်းသောကြောင့် မျက်နှာလေးရှုံ့မဲ့ကာ . . .

"အား . . . ချဉ်လိုက်တာ ကိုထက်ဝန်းကျင်ရယ်"

ဟုအော်တော့ သူ အားရပါးရ ရယ်တော့၏။

"ဟား . . . ဟား . . . ဟား . . . Sorry ပါကွာ။ ကိုယ်မရည်ရွယ်ပါဘူး။ ကဲ . . . အရမ်းချဉ်တယ်ဆိုရင် ဘာထပ်ထည့်ပေးရမလဲ?"

"သကြားနည်းနည်းထပ်ထည့်ပေါ့"

"အင်း . . ."

သူ ပြုံးပြုံးပျော်ပျော်နှင့် သူမခွက်ထဲသို့ သကြားနှစ်ဇွန်း ခပ်ထည့်ပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

“ကြည့်ကြည့်ဦး”

သူမ သောက်ကြည့်လိုက်ပါသည်။ ကွက်တိပင်။ အရသာရှိနေ၏။

“အင်း . . . အဆင်ပြေသွားပြီ”

“သနားပါတယ်ကွာ။ ကိုယ့်ရတီမှန်လေး သွားကျိန်းသွားမှာပဲနော်”

ပါးစပ်မှ လွှတ်ခနဲပြောရင်း သူမ၏ခေါင်းကို သူ လက်ဖဝါးနှင့် ဖိလိုက်လေတော့ သူမ မျက်လုံးအဝိုင်းသားနှင့် သူ့ကို ငေးကြည့်လိုက်မိ၏။

“ကဲ . . . ကိုယ်ပြောချင်တဲ့စကားကို အခုပြောတော့မယ်နော်”

သူပြောရင်း သူမအရှေ့ရှိ ထိုင်ခုံလေးတွင် ဝင်ထိုင်လိုက်ပါသည်။ ထို့နောက် ရပ်နေသောသူမကို မော့ကြည့်ရင်း . . .

“ဒီခြံ၊ နောက်ပြီး ဒီအိမ်၊ ဒါတွေက ကိုယ့်ပိုင်ဆိုင်မှုရဲ့ အစွန်အဖျားပဲရှိသေးတယ်။ ဒီထက်မက ကိုယ်ကကြွယ်ဝတယ် ရတီမှန်။ အဲဒါတွေပြပြီး မင်းကိုမြှူဆွယ်တာမဟုတ်ဘူး။ ကိုယ်ပြောချင်တာက..”

သူမ သံပုရာရည်ခွက်လေးကို လက်နှစ်ဖက်နှင့်ဆုပ်ကိုင်ရင်း သူ့စကားကို သေချာစွာ နားထောင်နေမိပါသည်။

“အဲဒီပိုင်ဆိုင်မှုအားလုံးကို ကိုယ်စွန့်လွှတ်ပြီး မင်းဆီကိုလာရဲတယ်။ မင်းလက်ထဲကကိုင်ထားတဲ့ သံပုရာရည်ကို ညနေ မင်းအိမ်ပြန်လာတိုင်း ကိုယ်ဖျော်ပေးနိုင်တယ်။ နောက်ပြီး မင်းအတွက် အဝတ်အစားလျှော်ပေးမယ်။ အိမ်သန့်ရှင်းရေးလုပ်ပေးမယ်”

တည်တည်တံ့တံ့ပြောနေသော သူ့မျက်ဝန်းကိုကြည့်ပြီး သူမ တကယ်ပင် ကြည်နူးမိပါ၏။ ထက်ဝန်းကျင်ဆိုသောယောကျ်ားသည် သူမချစ်သူဖြစ်လျှင် မည်မျှကောင်းလိုက်မည်နည်း။

“ထမင်းချက်ပေးမယ်။ နောက်ပြီး မင်းကို လက်သည်းညှပ်ပေးမယ်၊ ခြေသည်းညှပ်ပေးမယ်”

သူမကြည်နူးပြီး ပြုံးပင်ပြုံးလိုက်မိပါသည်။



“အဲဒါတွေအားလုံးလုပ်ပေးနိုင်ဖို့ မင်းကိုလက်ထပ်မယ်။ တကယ်လို့ Ausi မှာရှိတဲ့ ကိုယ့်ဖေဖေက သဘောတူရင်တူ၊ မတူရင်လည်း ကိုယ် မင်းကို ရအောင်လက်ထပ်မယ်။ နှစ်ယောက်တစ်ဘဝတည်ထောင်မယ်”

သူ မော့ကာမော့ကာနှင့် သူမကိုလက်ထပ်ဖို့ပါ ပြောနေပါတော့သည်။ ထိုစကားကို မောင့်ထံမှ သူမ တစ်ခါမျှ မကြားဖူးပါချေ။

“တကယ်လို့ မင်းက ကိုယ့်ဘဝထဲကိုလာမယ်ဆိုရင်လည်း အဲဒါတွေအားလုံး လုပ်ပေးမယ်။ ကိုယ့်ဘဝထဲလာဖို့ မင်းဝန်လေးနေတယ်ဆိုရင်လည်း ကိုယ် မင်းဘဝထဲကိုခုန်ဆင်းခဲ့မယ်။ နောက်ပြီး နေတတ်အောင် ကြိုးစားမယ်”

သူသည် ပြောထားသည့်အတိုင်း သူ့အချစ်များနှင့် သူမကို တကယ်ပင် ဖျားယောင်းနေပါတော့သည်။

“ညနေတိုင်း သံပုရာရည်ချဉ်ချဉ်လေးတစ်ခွက် ဖျော်တိုက်မယ်။ ဘွားဘွား၊ ဘိုးဘိုးကြီးတွေ ဖြစ်သွားတဲ့အထိပေါ့”

သူမလက်ထဲမှ သံပုရာရည်ခွက်လေးကိုယူပြီး သူ တစ်ငုံသောက်လိုက်ပါသည်။

“ကျွန်မသောက်ထားတာလေ”

“ရပါတယ်။ ဒါပေမဲ့ ကိုယ်က သိပ်ပြီးရှုတတ်တာ”

ပြုံးတုံ့တုံ့နှင့်ပြောပြီး သူမလက်ထဲသို့ ဖန်ခွက်လေးကို ပြန်ပေးလိုက်ပါသည်။ သူမ ထိုသံပုရာရည်ကို တစ်ငုံသောက်လိုက်မိပါ၏။ ထိုအချိန်တွင် သူသည် သူမကို ရွှန်းရွှန်းစားစားမျက်လုံးများနှင့် ရီဝေဝေကြည့်နေလေတော့သည်။

“လာခဲ့နော်။ ကိုယ်အဆင်သင့်ဖြစ်အောင် ပြင်ဆင်ပြီးစောင့်နေမယ်”

သူပြောပြီး ထိုင်ရာမှထပါ၏။

“ပြန့်ရအောင်နော်။ အဲဒါပြောချင်လို့ ခေါ်လာခဲ့တာ”



www.burmeseclassic.com

www.burmeseclassic.com

ပြောပြီး သူမလက်ထဲမှ ဖန်ခွက်လေးကိုယူကာ စားပွဲပေါ်သို့ တင်လိုက်ပါသည်။ ထို့နောက် သူမလက်တစ်ဖက်ကိုဆွဲပြီး အိမ်အပြင်သို့ ထွက်ရန်ခေါ်၏။ သူမ လက်ကလေးကို သူ့ထံမှ ပြန်ရုန်းလိုက်ပါသည်။ သူက သူမကိုကြည့်ပြီး သူမလက်လေးကို ပြန်လှမ်းကိုင်လိုက်ပါ၏။ ထို့နောက် ခပ်တင်းတင်းဆုပ်ကိုင်ပြီး အိမ်ရှေ့သို့ ခေါ်ခဲ့ပါတော့သည်။

"မရုန်းပါနဲ့တော့ ရတီမှန်ရယ်။ မင်းရောကိုယ်ရော ပင်ပန်းလှပါတယ်"

ထို့နောက် သူမအဆောင်သို့ သူလိုက်ပို့ပေးရှာပါသည်။

"ညကျရင် ကိုယ့်ကို အိမ်မက်ထဲမှာ ပါအောင်ထည့်မက်ပေးပါနော်။ မင်းကို အိပ်မက်ထဲမှာ တစ်နာရီလောက်ဖြစ်ဖြစ် တွေးပွေ့ထားပါရစေ"

ပြန်ခါနီး သူ့တောင်းဆိုမှုကြောင့် သူမ အလွန်ပင်စိတ်မကောင်းဖြစ်မိပါ၏။ မောင်းထွက်သွားသော သူ့ကားလေးကိုကြည့်ကာ သူမ သက်ပြင်းရှည်ကြီး ချလိုက်မိပါတော့သည်။



သူမ အိပ်ရာမှထပြီး အလျင်အမြန်ပင် ဘုရားတက်ရန်ပြင်ဆင်လိုက်ပါသည်။ ထို့နောက် ဘုရားပန်းဝယ်ပြီး မောင့်ထံသို့ ဖုန်းဆက်လိုက်ပါသည်။

"မောင် . . . မောင့်မွေးနေ့လေ။ ဘုရားတက်ရအောင်နော်။ မှန်အဆောင်မှာစောင့်နေမယ်"

သူမ မောင့်ကိုမှာပြီး အဆောင်တွင်ပင် စောင့်နေလိုက်ပါသည်။ အဆောင်မှလူများ၏အကြည့်များကို သူမ မနှစ်သက်ပါ။ မိန်းကလေးတန်မဲ့ ယောကျ်ားလေးနှစ်ယောက်ကို လှည့်စားနေသည်ဆိုသည့်အကြည့်များ။

သူမ ဘယ်သူ့ကိုမျှ မလှည့်စားပါ။ မောင့်ကို ချစ်သူအဖြစ်လက်ခံခဲ့ပြီး ချစ်သူအဖြစ် ဆက်လက်ရပ်တည်နိုင်အောင် တတ်နိုင်သရွေ့ ကြိုးစားနေရပါ၏။ သူ့ကိုတော့ သူမ ရင်ခုန်သံများကြောင့် အနားမှ မောင်းမထုတ်ရက်။ မောင်းထုတ်လျှင်လည်း သူက သွားမည်မဟုတ်။ သူ့အချစ်သည် မည်မျှခွဲကြီးမှန်း သူမသိနေပါ၏။ ထိုစဉ် မောင် သူမထံသို့ရောက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"မောင် မအားဘူးဆိုတာသိပေမယ့် မွေးနေ့လေးတစ်ရက်တော့ ဘုရားတက်ဖြစ်အောင် သွားလိုက်ကြမယ်နော်"

သူမအလိုကိုလိုက်တတ်သော မောင်သည် သူမ အလိုအတိုင်း ဘုရားတက်ရန် လိုက်ပို့ပေးရှာပါ၏။ မောင့်မွေးနေ့ထောင့်တွင် ဘုရားရှိခိုး၊ ပန်းပူဇော်ပြီး လိုရာဆုကို တောင်းလိုက်ကြပါ၏။

"မွေးနေ့မှာတောင်းတဲ့ဆုက ပြည့်မှာသေချာလား မှန်"

"ပြည့်မှာပါ။ မောင်က လူကောင်းလေးတစ်ယောက်ပဲ"

ထို့နောက် သူမတို့ အသီးသီး ဘုရားဝတ်ပြု ဆုတောင်းလိုက်ကြပါသည်။ သူမကတော့ ဝဋ်ကြွေးရှိလျှင်ကျေအောင်သာ ဆုတောင်းမိပြီး မဝေခွဲနိုင်ဖြစ်နေသည့် နှလုံးသားခံစားချက်အရ သစ္စာမဲ့သည့်လူတစ်ယောက် မဖြစ်ရပါလို၏ဟု ဆုတောင်းလိုက်မိပါသည်။ ဘုရားရှိခိုးအပြီး-

"မောင် . . . ဘာဆုတောင်းလိုက်လဲ?"

"မောင်အခုတောင်းတဲ့ဆုကို တကယ်ပြည့်စေချင်လိုက်တာ မှန်ရယ်။ တကယ်ပါ"

မောင် ပြောရင်းနှင့် ရုတ်တရက် မျက်ရည်များပင်စီးကျလာပါ၏။

"နောက်ပြီး မောင် မှန့်ကို တကယ်ချစ်တာပါ"

"မောင် . . . ဘာလို့ငိုတာလဲ။ မွေးနေ့မှာ ပျော်ပျော်ရွှင်ရွှင်နေလေ မောင်ရယ်"

"မောင် ပျော်ချင်တာပေါ့။ ဒါပေမဲ့ သေချာတာက မောင်က လူညံ့တစ်ယောက်ပါ မှန်"

မောင် ရှိုက်ကာရှိုက်ကာ ငိုနေ၏။

"ဘာဖြစ်လို့လဲ မောင်?"

"မောင် ဒီဘဝမှာ လူဖြစ်ရတာကို တန်ဖိုးမထားဘူး"

"အို . . . မဟုတ်တာတွေ"

"ဟုတ်တယ် မှန်။ မောင်လေ အခုနဆုတောင်းကို ဘဝအဆက်ဆက်ပြည့်စေချင်တယ်"



"ဘာဆုတောင်းလိုက်တာလဲ မောင်?"

"နောင်ဘဝအဆက်ဆက် လူဖြစ်ခဲ့လျှင် သူတစ်ပါးကျေးဇူးနဲ့ ကင်းဝေးရတဲ့လူဖြစ်ရပါလို၏လို့ မောင်ဆုတောင်းလိုက်တယ်"

မောင် ဘာကိုရည်ရွယ်ပြီး ဆုတောင်းသည်ကိုတော့ သူမ မသိ။ သို့သော် မျက်ရည်များနှင့် မောင့်ကိုကြည့်ရင်း သူမ တကယ်စိတ်မကောင်းဖြစ်ရပါ၏။ သူမ နောက်နောင် သူနှင့်မတွေ့သင့်ကြောင်း စဉ်းစားလိုက်မိပါသည်။

အဘက်ဘက်မှ အားငယ်နေရသောမောင့်ကို သူမ ဘယ်လိုစကားမျိုးနှင့် လမ်းခွဲဖို့စကား အစဖော်နိုင်ပါမည်နည်း။ မပြောနိုင်သည်မှာ သေချာသောကြောင့် ထက်ဝန်းကျင်နှင့်တွေ့နေသည်ကိုသာ ရပ်တန့်ကရပ်ရန် ဆုံးဖြတ်လိုက်ပါတော့သည်။

ထို့အပြင် လူသည်သာမက နှလုံးသားသည်လည်း မောင့်အပေါ်တွင် သစ္စာမဖောက်သင့်မှန်း တွေးလိုက်ပြီး သူမ နှလုံးသား တဆတ်ဆတ်တုန် နာကျင်ရပါတော့၏။ သူနှင့်မတွေ့တော့မည်ဟုပင် တွေးလိုက်မိသောကြောင့် သူမ ငိုနေမိပါတော့၏။ သို့သော် မျက်ရည်များကို မျက်ကွယ်ပြုပြီး သူမ မောင့်အပေါ်တွင် သစ္စာစောင့်ထိန်းရန် ကြိုးစားလိုက်ပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ဆင်းသည်နှင့် သူမ ဆေးရုံသို့ ဝင်ခဲ့လိုက်ပါသည်။ ဒေါ်စိန်ခြယ်အတွက် မုန့်များကိုဝင်ဝယ်စဉ် မောင်ရှိနေမလားဟူသောအတွေးနှင့် သူမ မောင့်ကို ဖုန်းလှမ်းဆက်လိုက်ပါသည်။

"မောင် . . . အန်တီ့အနားမှာရှိနေလား?"

"ဘာဖြစ်လို့လဲ မုန့်?"

"မုန့်အခု ဆေးရုံကိုဝင်ခဲ့မလို့"

"ဒါဆိုအတော်ပဲ မုန့်။ မောင်က အခုအပြင်မှာ။ အလုပ်ကိစ္စအတွက် အရမ်းအရေးကြီးတဲ့ဧည့်သည်တစ်ယောက်နဲ့ စကားပြောနေတယ်"

"ဒါဆို မောင်ကအပြင်မှာပေါ့။ ဟုတ်လား?"

"ဟုတ်တယ် မုန့်။ မောင် အခု Bellagio မှာ။ မေမေ့ကို မုန့်စောင့်ပေးပါနော်"

"အင်း . . . ဒါဆို မောင်ပြန်လာတဲ့အထိ မုန့်စောင့်နေလိုက်မယ်လေ။ ဒါပဲနော်"

သူမ ဖုန်းချလိုက်သည်။ ထို့နောက် သူမ ဆေးရုံသို့ ဝင်ခဲ့လိုက်ပါသည်။ ဒေါ်စိန်ခြယ့်အခန်းသို့ရောက်သည်နှင့် Nurse လေးက ပျာတူးပျာတာမျက်နှာထားနှင့် . . .



"ညီမရေ . . . လူနာ အမောဖောက်နေတယ်"

ဟု ပြောလိုက်လေသည်။ ထို့ကြောင့် သူမဝယ်လာသည့်ပစ္စည်းများကို ခုံပေါ်သို့အမြန်တင်ပြီး ဒေါ်စိန်ခြယ့်အနားသို့ သွားလိုက်ပါသည်။

"ဆရာဝန်မခေါ်ဘူးလား အမ"

"အခုနလေးတင် ဆရာဝန်ကြီး လာကြည့်သွားတယ်။ လူနာကို လက်လျှော့လိုက်ပြီတဲ့"

"ရှင်? . . ."

သူမ လွန်စွာ ထိတ်လန့်သွားပါသည်။ ဒေါ်စိန်ခြယ့်နောက်ဆုံးအချိန်သို့ပင် ရောက်နေပြီပဲ။ ဒေါ်စိန်ခြယ့်အနားတွင် သင်္ကေတရှိနေသင့်ပါ၏။

"အဲ့ဒါ လူနာရဲ့သားကိုလည်း ဆက်သွယ်သေးတယ်။ သူ့ဖုန်းက ဘယ်လိုမှ ခေါ်လို့မရဘူးဖြစ်နေတယ်ညီမရယ် ကူညီပေးပါဦး။ လူနာက သူ့သားလေးကို တွေ့ချင်ရှာမှာပဲလေ"

"ကျွန်မ ဆက်ကြည့်လိုက်ဦးမယ်လေ။ အခုတော့ လူနာဘဝကူးကောင်းအောင် စိတ်ချစကား ပြောလိုက်ဦးမယ်နော်"

သူမပြောပြီးသည်နှင့် ဒေါ်စိန်ခြယ့်အနားသို့ တိုးကပ်သွားလိုက်ပါသည်။

"အန်တီ . . ."

ဒေါ်စိန်ခြယ် စကားပင်မပြောနိုင်ရှာတော့။ သူမကို မျက်ရည်ဝဲသော မျက်ဝန်းကြီးများနှင့် ကြည့်နေတော့၏။

"ကိုသင်္ကေတကို စိတ်ချပါနော်။ နောက်ပြီး အန်တီ အခု ဘုရား၊ တရားကို အာရုံပြုထားပါနော်"

ဒေါ်စိန်ခြယ် ခေါင်းလေးပင်စွာ ညိတ်ရှာပါ၏။

"တရားမှတ်နေနော်။ အန်တီလှူခဲ့ဖူးတဲ့အလှူတွေကို စဉ်းစားနေပါနော်"



www.burmeseclassic.com

www.burmeseclassic.com

ငယ်စဉ်ကတည်းက မိဘဆုံးပါးသွားသောကြောင့် မိဘရိပ်ကို သူမ နားမလည်သော်လည်း ဒေါ်စိန်ခြယ်ကိုကြည့်ပြီး ရင်ထဲစို့နင့်ရပါ၏။ သူမ မျက်ဝန်းတွင်လည်း မျက်ရည်တို့ ခိုတွဲကျလာ၏။ သူမ ပြောသည့်အတိုင်း ဒေါ်စိန်ခြယ်သည် မျက်လုံးအစုံမှိတ်ပြီး တရားမှတ်နေ၏။ သူမလည်း ဒေါ်စိန်ခြယ်ကို စိတ်မကောင်းစွာ ငေးကြည့်နေ၏။ ထိုအခိုက်အတန့် လေးသည် မိနစ်နှစ်ဆယ်ခန့် ကြာမြင့်ပြီးနောက်တွင်တော့ ဒေါ်စိန်ခြယ် အငြိမ်းငြိမ်သက်သွားလေတော့သည်။

"အန်တီ . . ."

ဒေါ်စိန်ခြယ် ပြန်မထူးတော့ချေ။ နှလုံးခုန်ချက်ကိုပြသည့် Screen မှ တွန့်ကာတွန့်ကာပေါ်နေသည့် လိုင်းလေးသည်လည်း ငြိမ်သက်သွား လေ၏။

"အစ်မ လုပ်ပါဦး"

သူမ Nurse မလေးကို အကူအညီတောင်းလိုက်ပါသည်။ ထို အခါ Nurse လေးက စိတ်မကောင်းစွာ ခေါင်းခါပြလိုက်လေသည်။ အမေ မဟုတ်သော်လည်း ဒေါ်စိန်ခြယ်ကိုကြည့်ပြီး သူမ မျက်ရည်ပိုးပိုးပေါက် ပေါက်ကျရပါတော့သည်။

"ဘဝကူးကောင်းနိုင်ပါစေ အန်တီရယ်"

"ညီမ . . . ကိုသင်္ကေတကို ဆက်သွယ်သင့်ပြီနော်။ အခုနလူနာ နဲ့ညီမ စကားပြောနေတဲ့တစ်ချိန်လုံး အစ်မဖုန်းခေါ်နေပေမယ့် ဖုန်း မဝင်ဘူး"

သူမ ဖုန်းထပ်ခေါ်ကြည့်လိုက်ပါသည်။ မောင့်ဖုန်းက ပိတ်ထား ၏။

"သူ အလုပ်ကိစ္စ အရေးတကြီးစကားပြောနေလို့ ဖုန်းပိတ်ထားတာ ဖြစ်မယ်"



"သူ့ကို ဒီကိုခေါ်ဖို့ အရေးကြီးနေပြီ ညီမ။ ဒီလိုလုပ်ပါလား ညီမ က သူရှိတဲ့နေရာကိုသိတော့ သွားခေါ်ခဲ့ပါလား။ အစ်မ ဒီမှာစောင့် နေမယ်လေ"

အခုနဖုန်းထဲတွင် သင်္ကေတက သူရောက်နေသည့်နေရာကို သူမ ကို ပြောခဲ့သည်ပဲ။

"ညီမ သွားခေါ်လာခဲ့ပါ့မယ်"

သူမ ဆေးရုံမှ Bellagio ကော်ဖီဆိုင်သို့ Taxi နှင့်ပင် ထွက်ခဲ့လိုက် ပါသည်။ Bellagio ကော်ဖီဆိုင်အရှေ့တွင် သူမ၏ Taxi ကားလေးရပ် လိုက်သည်နှင့် ဆိုင်အရှေ့တွင်ရပ်ထားသော ကိုထက်ဝန်းကျင်၏ကား ကို မထင်မှတ်ဘဲ တွေ့လိုက်ရပါသည်။

"သူ ဒီကို ဘာလာလုပ်တာပါလိမ့်"

မောင့်ကို ဝမ်းနည်းစကားပြောရမည့် သူမအရှေ့တွင် သူ့ကို ပေါ် မလာစေချင်ပါ။ အမေဆုံးရှုံးလိုက်ရမှုကြောင့် ခံစားနေရသောမောင့်ကို သူမကြောင့် စိတ်အနှောင့်အယှက်မဖြစ်စေချင်ပါ။ သူမ စိတ်လေးလံစွာ ကော်ဖီဆိုင်ထဲသို့ ဝင်ခဲ့လိုက်ပါသည်။ သူမ ကော်ဖီဆိုင်ထဲရောက်သည် နှင့် ထိုင်ခုံဝိုင်းများသို့ မျက်စိကစားလိုက်ပြီး မောင့်ကို ရှာဖွေလိုက်ပါ သည်။ သို့သော် မတွေ့ချေ။

"အစ်မ . . . ဘာရှာလဲ မသိဘူးနော်"

သူမကို စားပွဲထိုးလေးတစ်ယောက်က လှမ်းမေးလိုက်ပါသည်။

"အင်း . . . အခုနလေးတင်ရောက်လာတဲ့ လူတစ်ယောက်နဲ့ သူ့ ဧည့်သည်ကို လာရှာတာပါ"

"ဪ . . . အခုန အစ်ကိုတို့ကိုလား။ သူတို့က ဒီဖက်မှာခင်ဗျာ။ ကျွန်တော် ခေါ်သွားပေးရမလား ?"

"ရပါတယ်။ အစ်မဘာသာ သွားလိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

သူမ ပြောပြောဆိုဆိုနှင့် စားပွဲထိုးကောင်လေးညွှန်ပြသော စားပွဲဝိုင်းသို့ လျှောက်လှမ်းခဲ့လိုက်ပါသည်။ သူမကို ကျောပေးကာထိုင်နေကြသောလူနှစ်ယောက်ထဲမှ တစ်ယောက်ကမောင်ဖြစ်နေမှန်း သူမ ကောင်းစွာသိနေ၏။

"ကျေးဇူးပါပဲ သင်္ကေတ။ မင်းကူညီလို့ ငါအခု ရတီမှန်ကို ကောင်းကောင်းကြီး သိမ်းသွင်းလို့ရပြီ။ မင်းကို ကျေးဇူးဆပ်တဲ့အနေနဲ့ Company ရှယ်ယာ ၁၀% ကို လက်ဆောင်အဖြစ်ယူလိုက်ပါ"

သူမ စားပွဲဝိုင်းနားသို့ရောက်သည်နှင့် ကြားလိုက်ရသော ထက်ဝန်းကျင်၏အသံကြောင့် သူမ ခြေလှမ်းတို့ တန့်သွားရပါသည်။ မောင်လာတွေ့သည့်လူက ထက်ဝန်းကျင်ဖြစ်လို့နေ၏။

"ငါ . . . သူ့ကိုအရမ်းချစ်တာ သူနားလည်သွားမှာပါ။ နားလည်သွားတာနဲ့ သူချစ်သူကို သူ ဖြတ်လိုက်လိမ့်မယ်လို့ ငါယုံတယ်"

ပိုင်နိုင်စွာပြောနေသည့် ထက်ဝန်းကျင်၏အသံ။

"အစ်ကိုတို့ချစ်သူနှစ်ယောက် ဘဝခရီးလမ်းဖြောင့်ပါစေလို့ ကျွန်တော် ဆုတောင်းပေးမှာပါ"

ပျော့အိအိပြောလိုက်သော သင်္ကေတအသံ။ ဘာတွေလဲ။ သူမ ဘာဆိုဘာမှ နားမလည်တော့ပါ။

"သူ့ကိုအရမ်းချစ်နေပေမယ့် ဘယ်လိုမှ ရလို့မရတဲ့အချိန်မှာ မင်းက သူ့ရှိတဲ့အဆောင်ကိုကအစ ပြောပြပြီး ငါ့ကိုကူညီပေးတဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းတောင်မသိပါဘူး သင်္ကေတရယ်။ နောက်ပြီး သူချစ်သူနဲ့ချိန်းထားတဲ့ ကန်ပေါင်ကို မင်း သေသေချာချာ ငါ့ကို လမ်းညွှန်ပေးခဲ့လို့ ငါတို့ အခုလိုပြန်ပြီး နီးစပ်သွားတာပါ"

ဘုရား . . . ဘုရား . . .။ သူမနှင့်သူ့ကိုတွေ့အောင် ကြံဖန်ပေးခဲ့သူ၊ တိုက်တွန်းပေးခဲ့သူက မောင်ဖြစ်လို့နေ၏။ သူမနားကိုပင် သူမ မယုံနိုင်တော့။



"သူသွားတတ်တဲ့နေရာ၊ သူအလုပ်လျှောက်တဲ့နေရာတွေကို မင်းပြောလို့ ငါသိရတာ သင်္ကေတ။ ဒီတော့ မင်းကျေးဇူးက ငါ့အပေါ်မှာ အရမ်းများသွားပြီ"

"မဟုတ်တာ . . . ကိုထက်ဝန်းကျင်ရယ်။ ကျွန်တော့်အပေါ်မှာပဲ အစ်ကို့ကျေးဇူးတွေက များပြားတာပါ။ ကျွန်တော် ဘယ်လိုပဲဆပ်ဆပ် ကြေမှာမဟုတ်ပါဘူး"

သူမ မခံစားနိုင်တော့။ ယောကျ်ားကြီးနှစ်ယောက်က သူမကို ဆော်လီသောပုတ်သလို ကစားနေကြ၏။ သူမကတော့ ရင်ခုန်သံစစ်စစ်များကိုအန်တုကာ မောင့်အပေါ်တွင် သစ္စာစောင့်ထိန်းနေသော်လည်း မောင်က ထိုရင်ခုန်သံများဖြစ်ပေါ်အောင် ဖန်တီးပေးနေသည်တဲ့။ မောင့်အပေါ်တွင် စောင့်ထိန်းခဲ့မိသမျှသစ္စာများအတွက် သူမ လွန်စွာနောင်တရလိုက်ပါ၏။ သူမ သူတို့အရှေ့တွင် ကိုယ်ထင်ပြလိုက်ပါသည်။

"ဟင် . . . မှန် . . ."

သင်္ကေတက သူမကိုတွေ့သည်နှင့် လွန်စွာ ထိတ်ထိတ်ပျာပျာဖြစ်သွား၏။ ထက်ဝန်းကျင်ကတော့ အံ့ဩသည့်အရိပ်အယောင်များနှင့် . .

"ရတီမှန် . . . ဒီကိုရောက်နေတယ် ဟုတ်လား။ ကိုယ် အခုလေးတင် မင်းကိုသတိရနေတာ"

ဟုပြောလေသည်။ နှစ်ယောက်စလုံး မတ်တတ်ရပ်လိုက်ကြမိပါ၏။

"ကျွန်မ အခုဒီကိုရောက်လာတာ ကိုထက်ဝန်းကျင်အတွက် မဟုတ်ပါဘူး။ သင်္ကေတဆိုတဲ့ ဟိုမှာထိုင်နေတဲ့လူအတွက် သတင်းဆိုးကို ယူလာပေးတာပါ"

ထက်ဝန်းကျင်မျက်ဝန်းတွင် အံ့ဩမှု၊ နားမလည်မှုအရိပ်များ ပြေးတက်သွားပါ၏။

"သင်္ကေတအတွက် ဘာသတင်းဆိုးလဲ ရတီမှန်"



www.burmeseclassic.com

www.burmeseclassic.com

“တကယ်တော့ မုန့်က မောင့်အတွက် သတင်းဆိုးလာပေးတာပါ မောင်။ ဒါပေမဲ့ မထင်မှတ်ဘဲ မုန့်အတွက် သတင်းဆိုးကြီးတစ်ခုကို မောင်နဲ့ ကိုထက်ဝန်းကျင်တို့ တိုင်ပင်နေတာကြားလိုက်ရလို့ မုန့် တော်တော့ကို စိတ်ပျက်မိပါတယ်”

သူမပြောရင်း စောင့်ထိန်းခဲ့ရသည့် သိက္ခာ၊ လူကျင့်ဝတ်ကြီးကို နမြောတသစွာဖြင့် ငိုလိုက်မိပါသည်။

“မောင် . . . ဟုတ်လား။ အခု ရတီမုန့်က ဘယ်သူ့ကိုမောင်လို့ ခေါ်နေတာလဲ ?”

ထက်ဝန်းကျင်က နားမလည်စွာ ဝင်မေးပြန်၏။

“မောင်ဆိုတဲ့လူက ဒီဝိုင်းထဲမှာ ရှိနေလို့လား ?”

နားမလည်စွာမေးနေသော ထက်ဝန်းကျင်ကို သူမ စကားပြန်မပြော ချင်တော့။ မိန်းကလေးတစ်ယောက်ကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် မချဉ်း ကပ်ခဲ့သည့် ထက်ဝန်းကျင်ကိုလည်း သူမ အတော်ပင် စိတ်ပျက်မိပါ သည်။

“မောင် . . . မောင့်မေမေ ဆုံးပြီ”

မျက်ရည်များကျရင်းနှင့်ပင် မောင့်အတွက်သတင်းဆိုးကို သူမ အထိန်းအကွပ်မဲ့ ပြောချလိုက်ပါတော့သည်။

“သတင်းဆိုးလာပေးမယ်လို့ စဉ်းစားပြီးလာတုန်းက တော်တော် လေးကို ဝမ်းနည်းခဲ့ရပေမယ့် အခု ဒီရောက်တော့ မောင့်အတွက် သတင်းဆိုးက တစ်ခုတည်းမဟုတ်တော့ဘူး။ မောင့်မေမေဆုံးတဲ့ သတင်းဆိုးက တစ်ခု၊ နောက်တစ်ခုက ကျွန်မတို့ လမ်းခွဲလိုက်ပြီ ဆိုတဲ့ သတင်းပါပဲ။ ကဲ . . . ကိုသင်္ကေတ ကျွန်မတို့ ဒီနေ့ကစပြီး လမ်းခွဲလိုက်ကြပါပြီ”

သူမ စကားဆုံးသည်နှင့် လှည့်ပြန်ခဲ့လိုက်ပါသည်။

ထိုစဉ် နားမလည်သည့်မျက်လုံးများနှင့် သင်္ကေတကို စိုက်ကြည့် နေသူကတော့ ထက်ဝန်းကျင်ပဲဖြစ်ပါသည်။ သင်္ကေတကတော့ သူ အမြတ်တနိုးထားသည့် သက်ရှိအရာနှစ်ခုလုံး တစ်ပြိုင်တည်း ဆုံးရှုံးလိုက် ရသည့်အတွက် ခံစားရလွန်းပြီး မျက်ရည်များကျကာ ငိုနေမိပါတော့ သည်။ ခြေများပင် မနိုင်ချင်တော့သောကြောင့် ထိုင်ခုံပေါ်သို့ ခြေပစ် လက်ပစ်ထိုင်ချလိုက်ပြီး ရှိုက်ကာရှိုက်ကာ ငိုကျွေးနေမိပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## လွန်ခဲ့သော ၅ နှစ်အကြာက

သူ ကော်ဖီဆိုင်လေးမှထွက်လာပြီး ကားတံခါးကိုဖွင့်နေစိုက် မျှော် လင့်ထားသော မြင်ကွင်းလေးတစ်ခုကို မြင်တွေ့လိုက်ရပါသည်။ မိန်းကလေးတစ်ယောက် ဆိုင်အတွင်းသို့ ငေးကြည့်နေ၏။

ကလေးတစ်ယောက်နှယ် အရုပ်တစ်ခုကို လိုချင်သည့်အကြည့်များနှင့် သင်းကလေးက ဆိုင်အတွင်းရှိ လက်စွပ်လေးကို ငေးကြည့်နေ၏။ လက်ညှိုးလေးတစ်ချောင်းကို စိမ်ပြေနပြေကိုက်ရင်း လက်စွပ်လေးကို မျက်တောင်မခတ်လှမ်းကြည့်နေသော ထိုကောင်မလေး၏အကြည့်များက ဘာမှမထူးခြားသော်လည်း သူ့ရင်ခုန်သံများ ဝှန်းဒိုင်းကျဲကုန်၏။

သူ ထိုသို့ တစ်ခါဖူးမျှ ရင်မခုန်ဖူးပါ။ ထိုအခိုက်အတန့်လေးမှာပင် သူသည် သူမကို လွန်စွာချစ်သွားပြီဆိုတာ သိလိုက်ရ၏။ ထို့ကြောင့် သူမနှင့်နီးစပ်ဖို့အရေး ကြိုးစားမည်ဟုစဉ်းစားပြီး ဖွင့်လက်စ ကားတံခါးကိုပြန်ပိတ်ကာ သူမအနားသို့သွားရန် လှည့်အထွက် . . .

"ဟာ . . ."

"အား . . ."



လှည့်ထွက်လိုက်သည့်သူ့အရှိန်နှင့် အဘွားအိုကြီးတစ်ယောက်ကို သူ ဝင်တိုက်လိုက်မိပါသည်။ အဘွားအိုကြီး လဲကျသွား၏။

"လက်ကျိုးပြီလား မသိဘူး။ အား . . . ကျွတ် . . . ကျွတ် . . ."

ဝင်တိုက်မိလိုက်သည့်အတွက် သူ အဘွားကြီးကို အားမနာမိဘဲ စိတ်ပင်ပျက်မိ၏။ အဘွားအိုကြီးလဲကျသွားသောကြောင့် သူမအနားသို့ သူရောက်နိုင်တော့မည်မဟုတ်ချေ။

"အဘွား . . . ဘယ်နားနာသွားလဲ ?"

"ခြေထောက်က ထလို့ကိုမရတော့ဘူး"

"ကျွန်တော် တွဲပြီးထူပေးမယ်လေ"

သူ သူမကိုလှမ်းကြည့်လိုက်စဉ် သူမရပ်နေသောထိုနေရာလေးတွင် သူမရှိမနေတော့။ ဘယ်များရောက်သွားပါလိမ့်။ ဟိုဟိုဒီဒီ ရှာလိုက်မိသော်လည်း အရိပ်မယောင်ပင် မတွေ့ရတော့။

"ဟေ့လူ . . . ခင်ဗျား ဘယ်လိုလုပ်မှာလဲ ?။ ကိုယ့်အမေအရွယ်ကြီးကို ဝင်တိုက်ပြီး ဒီအတိုင်းပဲထားရလားကွ"

သူမကို မျက်လုံးနှင့် ရှာနေမိသောကြောင့် အဘွားကြီးကို သူ မထူလိုက်မိ။ အနားမှ လူတချို့ကို သူ့ကိုမကျေနပ်စွာ ပြောတော့၏။ ထိုအခါမှ သူ လူနှင့်စိတ်ပြန်ကပ်ပြီး . . .

"ကျွန်တော် ရိုင်းစိုင်းတတ်တဲ့လူတစ်ယောက် မဟုတ်ပါဘူး။ ကဲ-ဘွားဘွား၊ ကျွန်တော် ဆေးခန်းလိုက်ပို့ပေးမယ်နော်။ နောက်ပြီး အိမ်ကိုလိုက်ပို့ပြီး ဆေးဖိုးဝါးခလည်းပေးမယ်။ ကျွန်တော် ကူတွဲပေးမယ်။ ကားပေါ်တက်ရအောင်"

သူပြောပြီး ထိုအဘွားအိုကြီးကို ဆေးခန်းသို့လိုက်ပို့၊ ဆေးဖိုးပေး၊ အိမ်လိုက်ပို့ စသည့်အလုပ်များကို လုပ်နေရသော်လည်း ထိုကောင်မလေးကတော့ သူ့မြင်ကွင်းထဲက မထွက်သေးချေ။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ရက်ကူးသွားသော်လည်း သူမ၏မျက်ဝန်းလေးနှင့် အမူအရာလေးက သူ့အာရုံထဲတွင် နေရာယူထားသေး၏။

"မင်း . . . ဘယ်လိုမိန်းကလေးမျိုးလေးလဲ?"

သူ သိချင်စိတ်များ တဖွားဖွား ပေါ်ပေါက်လာပါ၏။ ထို့ကြောင့် သူ တံ့ဆိုင်းမနေတော့ဘဲ မနေ့က ထိုကောင်မလေးငေးကြည့်နေသော Jewel Mart ဆိုင်သို့ ထွက်ခဲ့လိုက်ပါသည်။

"ဟယ် . . . ဝန်းကျင်၊ မလာစဖူးပါလား။ ဘာလဲ? လာလည်တာလား?"

ဟူသောနှုတ်ဆက်သံကြောင့် သူလှမ်းကြည့်လိုက်ရာ သူ့ဖေဖေ ဦးတင်ထက်၏ညီမနှစ်ဝမ်းကွဲတော်သူ ဒေါ်ခင်သူဇာကို တွေ့လိုက်ရပါသည်။

"ဟာ . . . တီတီလေး၊ ဒီဆိုင်က?"

"အေး . . . တီတီလေး ဒီဆိုင်ကိုဖွင့်ထားတာလေ။ ကြည့်ပါဦး -



ဒီနေ့ကျတော့မှ ဘယ်လောက်အနေစိမ့်လဲဆိုတော့ ကိုယ့်အဒေါ် ဘာလုပ်လို့လုပ်နေမှန်းတောင် မသိဘူးပေါ့လေ ဟုတ်စ"

သူသည် အလုပ်ကိုသာလျှင် စိတ်ဝင်စားသောကြောင့် အမျိုးများနှင့် အဆက်သွယ်သည် ပြတ်လုလုပင် ဖြစ်နေပါ၏။

"ကျွန်တော် အလုပ်မအားလို့ပါ တီတီလေးရယ်"

"ကဲ . . . ပြောပါဦး။ ကိုအလုပ်များကြီးက ဒီကို ဘာလာလုပ်တာတုံး။ Wedding ring လာကြည့်တာလား?"

ဒေါ်ခင်သူဇာမေးလိုက်သော မေးခွန်းကြောင့် သူပြုံးလိုက်မိပါသည်။

"အဲ့လောက်အထိ ကျွန်တော်အသုံးမကျသေးပါဘူး တီတီလေးရယ်"

"အေးပါ။ အကြောင်းသိမို့လို့ စ,တာပါကွယ်။ ကဲ . . . ပြောပါဦး။ လာရင်းကိစ္စ"

ဒေါ်ခင်သူဇာသည် အပျိုကြီး။ ထို့အပြင် လူငယ်များကို နားလည်ပေးနိုင်ပြီး လူအဆင့်အတန်း မခွဲခြားတတ်ချေ။ ထို့ကြောင့် သူ့ပြဿနာကိုတင်ပြရန် သူစဉ်းစားလိုက်ပါသည်။

"မနေ့က တီတီလေးရဲ့ဆိုင်ရှေ့က ကောင်မလေးကြောင့် ကျွန်တော့်ရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားရတယ်။ အဲ့ဒါ သူဘယ်သူလဲ သိချင်လို့"

"ဘယ်သူများလဲကွယ်။ တီတီ့ဆိုင်က ဝန်ထမ်းတွေများလား?"

"မဟုတ်ဘူး တီတီ။ အပြင်ကတစ်ယောက်။ သူ ဆိုင်ထဲကို ငေးကြည့်နေတာ။ မနေ့က ညနေလေးနာရီပတ်ဝန်းကျင်လောက်က"

သူ တီတီကျကျပင် နာရီကြည့်မိထားသောကြောင့် အချိန်ကိုပါ မှတ်မိနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဪ . . . ညနေတိုင်း ဆိုင်အရှေ့မှာရပ်ပြီး ဆိုင်ထဲကို ငေးငေးကြည့်နေတဲ့ ကောင်မလေးကိုပြောတာလား?"

"ဟင် . . . တီတီသိနေတယ် ဟုတ်လား?"

"သိတာပေါ့။ သူ ဒီလိုလာလာပြီးကြည့်နေတာ တစ်ပတ်လောက်ရှိပြီ။ ဆိုင်ထဲလည်းမဝင်ဘူး။ ဆိုင်အပြင်မှာရပ်ပြီး ဒီလက်စွပ်လေးကို ငေးကြည့်နေတာ။ တီတီက သူ့ကို ဆိုင်ထဲဝင်ကြည့်ဖို့ခေါ်ပါတယ်။ သူက ရတယ်တဲ့ ကြည့်ရုံပါပဲတဲ့လေ"

ဒေါ်ခင်သူဇာသည် ပြောပြောဆိုဆိုနှင့် သူ့ကို လက်စွပ်လေးတစ်ခုပြလိုက်လေသည်။

"သူကြည့်နေတာ ဒီလက်စွပ်လေးလား?"

သူ လက်စွပ်လေးကို ယူကြည့်လိုက်ပါသည်။

"အင်း . . . သူအရမ်းကြိုက်ပုံပေါ်တယ်။ တီတီတောင် အတွက်အချက်တွေဘောထားပြီး သူ့ကိုပေးလိုက်ချင်နေတာ။ တော်တော်လေးကို မက်မောပုံပေါ်တယ်"

"အရမ်းမက်မောရင်လည်း ဘာလို့မဝယ်တာလဲ တီတီ?"

"သူ့မှာ ဒီလက်စွပ်ဝယ်ဖို့ အဆင်မပြေနိုင်လို့ပေါ့ကွယ်။ ဒီ့အပြင် ဘာရှိဦးမှာလဲ"

ဒေါ်ခင်သူဇာ့စကားကြောင့် သူ အတော်ပင် စိတ်မကောင်းဖြစ်မိသွား၏။ မရည်ရွယ်ဘဲ သူ့ကိုရင်ခုန်စေနိုင်သော ကောင်မလေးက ချို့တဲ့သည်တဲ့လား။ သို့သော် ချို့တဲ့ခြင်းကိုအရေးစိုက်ပြီး သူ နောက်တွန့်လိမ့်မည်တော့မဟုတ်။

"တီတီ . . . အဲ့ဒီလက်စွပ်လေး ကျွန်တော်ယူမယ်"

"တယ်တက်ကြွနေပါလား ဝန်းကျင်။ ကြည့်ရတာတော့ Love at first sight ထင်တယ်"



"တီတီက လှူကဲခတ်တော်လိုက်တာ"

"အို . . . မတော်ဘဲနေမလား။ မင်းက ဒီလောက်တောင် တက်ကြွနေတာလေ။ တစ်ခါဖူးမှလည်း မဖြစ်ဖူးဘဲနဲ့ . . ."

ဒေါ်ခင်သူဇာ၏စွပ်စွဲမှုကို သူ ငြင်းချက်ပြန်မထုတ်တော့။ လက်စွပ်လေးကိုသာ ဝယ်လိုက်လေတော့သည်။ ထို့နောက် သူမလာမည့်အချိန်သို့ စောင့်နေလိုက်ပါသည်။ သူမကို သူလက်ဆောင်ပေးရင်း ကော်ဖီဆိုင်တစ်ဆိုင်သို့ခေါ်သွားမည်။ ပြီးလျှင် သူမကို ချစ်ခွင့်တောင်းမည်။ သူ့ကိုပြန်ချစ်ဖို့စဉ်းစားရန် အချိန်အကန့်အသတ်မဲ့ပေးမည်။ ဒီကြားထဲ သူမအချစ်ကို သူ့အချစ်များနှင့် သိမ်းသွင်းမည်။ အတွေးများနှင့် သူ လွန်စွာကျေနပ်နေမိပါ၏။

"တီ . . . တီ . . . တီ . . ."

"ဝန်းကျင် . . . သတိလေးဘာလေး ထားပါဦး။ မင်းဖုန်းလာနေတယ်"

ဒေါ်ခင်သူဇာ၏ သတိပေးမှုကြောင့် သူ ဖုန်းကိုင်လိုက်ပါသည်။

"ဘာကိစ္စလဲ သင်္ကေတ"

အလုပ်ထဲမှ သူ့ PA (Personal Assistant) သင်္ကေတက လှမ်းဆက်လိုက်ခြင်းဖြစ်ပါသည်။

"အစ်ကို . . . ဒီမှာ Damage ပစ္စည်းစာရင်းတွေ အရမ်းများနေတဲ့ကိစ္စက တကယ်တော့ ဒီလောက်မများသင့်ဘူး။ Store နဲ့ Production အပိုင်းမှာ ယိုစိမ့်မှုတွေဖြစ်နေတယ်။ ကျွန်တော်တို့ဝန်ထမ်းတွေကို ပြန်ပြီး စစ်ဆေးသင့်တယ်အစ်ကို။ အရမ်းအရေးကြီးတယ်။ အစ်ကိုလာခဲ့မှဖြစ်မယ်"

ကြားလိုက်ရသောသတင်းကြောင့် သူ အတော်ပင် စိတ်ပျက်သွားပါ၏။ သင်္ကေတတစ်ယောက်တည်းလုပ်လို့လည်း မဖြစ်ပြန်။ သူ နာရီ



www.burmeseclassic.com

www.burmeseclassic.com

ကိုကြည့်တော့ နေ့လယ် ၁၂ နာရီပင်ရှိသေး၏။ သူမရောက်လာမည်မှာ က ညနေ ၄ နာရီ။ အချိန်အတော်ကွာပါ၏။ သူသွားပြီး ဖြေရှင်း၊ ပြီးလျှင် ပြန်လာလို့ရသည်။

ထို့ကြောင့် စဉ်းစားမနေတော့ဘဲ Factory သို့ သူထွက်ခဲ့လိုက်ပါသည်။ သူဖြေရှင်းစရာရှိသည်များကို ဖြေရှင်းပြီး ၄ နာရီမထိုးခင်မှာ ဒေါ်ခင်သူဇာဆိုင်သို့ ပြန်ရောက်ပါသည်။

"ဒီနေ့ အဲ့ဒီကောင်မလေးက နေ့လယ်၂နာရီလောက်ကြီးရောက်လာတယ် ဝန်းကျင်။ တီတီလည်း မင်းကိုအသိပေးဖို့ မင်းဖုန်းကို လှမ်းခေါ်တယ်။ ဒါပေမဲ့ မင်းဖုန်းကို မဝင်ဘူးဖြစ်နေတယ်"

သူ ဖုန်းနံပါတ်ပြောင်းထားမှန်း ဒေါ်ခင်သူဇာမသိချေ။

"ကျွန်တော့်ဘယ်ဖုန်းကိုခေါ်တာလဲ။ ကျွန်တော် ဖုန်းကို တစ်ချိန်လုံးဖွင့်ထားပါတယ် တီတီရယ်"

"အေး . . . ဒါပေမဲ့ လူကြီးမင်းနဲ့ချည်းတိုးနေတယ် ဝန်းကျင်ရဲ့။ ဇကန္တ မင်း ဖုန်းပြောင်းကိုင်ထားတယ်မဟုတ်လား?"

"ကျွန်တော် အခုကိုင်ထားတဲ့ဖုန်းနံပါတ်ကို တီတီမသိဘူးလား?"

"ဩော် . . . အပြောကောင်း။ မင်းဘယ်တုန်းက ငါ့ဆီလာဖူးလို့လဲ ကိုယ်တော်ချော"

သူ့အပြစ်နှင့်သူမို့ ဒေါ်ခင်သူဇာကို ဘာအထွက်မှမတက်ရဲတော့ချေ။

"အခု သူရောတီတီ . . ."

"ပြန်သွားပြီလေ။ သူ ခါတိုင်းလို ဆိုင်ရှေ့ရောက်တော့ လက်စွပ်လေးကို လှမ်းကြည့်တယ်။ လက်စွပ်လေးမရှိတော့တာလည်းမြင်ရော မျက်နှာညှိုးညှိုးလေးဖြစ်သွားပြီး လှည့်ထွက်သွားလေရဲ့"

"တီတီ သူ့ကိုသိလား"



"အိုးကွယ် . . . ဘယ်သိမလဲ။ သိလို့ကတော့ မင်းဆောဝါ ဒီ လောက်ရင့်တာ။ ကူညီမှာပေါ့"

သူ လမ်းဆုံးပေပြီ။ ဘယ်လိုပဲကြိုးစားကြိုးစား မရတော့ချေ။

သို့သော်လည်း သူ နောက်ထပ်တစ်လတိတိ ၄ နာရီရောက်တိုင်း ဒေါ်ခင်သူဇာဆိုင်သို့ရောက်လာဖြစ်ပြီး သူမကို စောင့်မျှော်ခဲ့ပါသည်။ သူမ ရောက်မလာချေ။ ဒေါ်ခင်သူဇာကိုလည်း သူမကိုတွေ့လျှင် သူ့ကိုဆက်သွယ်ပေးပါရန် အကူအညီတောင်းထားပါသေး၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

နေ့၊ လ၊ ရက်တို့ တစ်ရစ်ပြီးတစ်ရစ် ကုန်ဆုံးသွားပြီဖြစ်သော်လည်း တစ်ခါလေးသာမြင်တွေ့လိုက်ရသော သူမကို သူ ဖွဲကြီးကြီးနှင့် မျှော်လင့်နေမိပါသည်။ သူမအကြောင်းတွေးရင်းနှင့် သူ့အချစ်တို့သည် သူမကို မေ့သွားမည့်အစား ပို၍ပင် ခိုင်မြဲလာပါတော့သည်။

"ဒီတစ်ခါ မင်းကိုပြန်တွေ့ရင် ငါရအောင် အပိုင်သိမ်းလိုက်မယ် အမည်မသိ . . . မိန်းကလေးရေ"

သူမနှင့်တူသည့်လူတွေ့တိုင်းလည်း သူ အသည်းအသန်ငေးကြည့်မိပါသည်။ သို့သော် သူမကို တစ်ခဏလေးသာတွေ့လိုက်ရသော်လည်း အလွန်စွဲမြဲစွာ မှတ်မိသွားသောကြောင့် သူမမဟုတ်မှန်း လှမ်းကြည့်လိုက်သည်နှင့် သိသာပါတော့သည်။

ሕ ሕ ሕ



နှစ်လရက်တို့သည် တဖြည်းဖြည်း ၅ နှစ်ဆိုသော အချိန်ကြီးကို ဖြတ်ကျော်လာခဲ့ပါသည်။ အလုပ်ဆင်းချိန်တွင် သူ့ရုံးခန်းထဲသို့ သက်ေတ ဝင်လာ၏။

"အစ်ကို . . . ကျွန်တော် အလုပ်ဆင်းတော့မယ်နော်"

"အေး . . ."

"အစ်ကိုရော မပြန်သေးဘူးလား ?"

"ပြန်တော့မှာပါ"

သက်ေတဆိုသော သူ့ PA ကို သူ့ဖေဖေလက်ထက်ကတည်းက ကျွေးမွေးပြုစုထားခဲ့ခြင်းဖြစ်ပါသည်။ သားအမိနှစ်ယောက်တည်းသာရှိသော သက်ေတတို့မိသားစုကို သူ့ဖေဖေမှာကြားမှုကြောင့် သူ လိုလေသေးမရှိ ထောက်ပံ့ပေးခဲ့ပါ၏။

သက်ေတ ပညာသင်ကြားနေချိန်တစ်လျှောက်လုံးလည်း သူပဲ ထောက်ပံ့ခဲ့သလို ကျောင်းပြီးသွားတော့လည်း သူ့ Company တွင်ပင် နေရာပေးထားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

သက်ေတာသည် သူ့ထက် အသက်နှစ်,နှစ်[illegible] သူ့ကို အစ်ကိုဟုပင် လေးလေးစားစား ခေါ်ဝေါ်လေသည်။ သူ့ ဖေဖေဦးတင်ထက် Ausi သို့ ထွက်မသွားခင်အထိ သက်ေတာကို ထောက်ပံ့နေပြီး Ausi သို့ထွက်သွားတော့လည်း သူ့ကို ဆက်လက်တာဝန်ယူခိုင်းလေသည်။

"သက်ေတာအဖေက သိပ်ကိုသစ္စာရှိတဲ့ဝန်ထမ်း . . . သားရ။ ဒီတော့ သူ့သစ္စာကို လေးစားတဲ့အနေနဲ့ သူမဆုံးခင် သူ့မိသားစုကို ဖေဖေ တာဝန်ယူမယ်လို့ ပေးထားခဲ့တဲ့ကတိကိုတည်အောင် သားဆက်ပြီး ထိန်းသိမ်းပေးပါကွာ"

ဟူသောစကားကို သူ အမြဲကြားယောင်ရင်း သက်ေတာ၏လိုအပ်ချက်များကို သူ ဖြည့်ဆည်းပေးခဲ့ပါသည်။ သက်ေတာပြန်သွားသည်ကို သူ့ရုံးခန်းမှတစ်ဆင့် ငေးကြည့်နေစဉ် သူ့လွန်စွာ တမ်းတနေသော သူမကို အမှတ်မထင်ဘဲ မြင်တွေ့လိုက်ရပါသည်။

သက်ေတာနှင့် ရယ်ရယ်မောမော ပြန်သွားသော သူမကိုကြည့်ရင်း သူ့ရင်ခုန်သံများ အရင်ကကဲ့သို့ လတ်ဆတ်လာပြန်၏။ သူမ အချစ်ကို ရအောင် သူကြိုးစားတော့မည်ဟု ဆုံးဖြတ်လိုက်မိပါသည်။ တစ်ဆက်တည်းမှာပင် သက်ေတာနှင့် သူမ၏ပတ်သက်မှုကိုလည်း မေးမြန်းရန်ပါ စဉ်းစားလိုက်ပါသည်။



ရုံးမှာ အရေးကြီး Meeting ရှိသော်လည်း သူထားပစ်ခဲ့ကာ သက်ေတာနှင့်အတူ သီရိပစ္စရာသို့ ထွက်ခဲ့လိုက်ပါသည်။

"ဘာပြောစရာရှိလို့လဲ အစ်ကို"

ဆိုင်တွင် ကော်ဖီမှာပြီးသည်နှင့် သူ့ကို သက်ေတာက နားမလည်[illegible] မေးလိုက်ပါသည်။

"မနေ့က မင်းကိုလာကြိုသွားတာ ဘယ်သူလဲသက်ေတာ။ အစ်ကို သိခွင့်ရှိလား ?"

မနေ့က သက်ေတာကိုလာကြိုသွားသူမှာ သက်ေတာ၏ချစ်သူလေး [illegible]ဘိမှန်ပင်ဖြစ်ပါသည်။

"သိခွင့်ရှိပါတယ်။ ကျွန်တော့်အသိပါ"

ဘာ့ကြောင့် အသိဟုပင် ပြောလိုက်မိကြောင်း သက်ေတာ သူ့ကိုယ်[illegible] နားမလည်နိုင်ချေ။

"အသိဆိုတာ ဘယ်လိုအသိမျိုးလဲ။ သူငယ်ချင်းလား၊ [illegible]မှမဟုတ် အဲ့ဒီထက်ပိုလား သက်ေတာ"



www.burmeseclassic.com

www.burmeseclassic.com

သေချာစွာမေးနေသော ထက်ဝန်းကျင်၏မျက်ဝန်းတွင် မျှော်လင့်ချက်များ မာန်ပါလွန်းနေ၏။

"သူငယ်ချင်းပါ အစ်ကို"

"သူငယ်ချင်းပဲဆိုတာ သေချာလားသင်္ကေတ။ ဒီထက်မပိုဘူးလား?။ ဒီထက်ပိုဖို့ရော ရှိလား?"

"ဘာဖြစ်လို့လဲ အစ်ကို?"

"ဖြေပါကွာ။ အစ်ကို့အတွက် အရမ်းအရေးကြီးနေလို့ပါ"

တစ်ခါဖူးမှ မိန်းကလေးအကြောင်းကို စိတ်မဝင်စားသော ထက်ဝန်းကျင်၏မေးခွန်းများကို သင်္ကေတ ကောင်းစွာ ရိပ်မိလိုက်ပါသည်။ ထက်ဝန်းကျင်၏အမူအရာများကို သူ ငယ်စဉ်ကတည်းက အလွတ်ရခဲ့သည်မဟုတ်ပါလား။ ထက်ဝန်းကျင်သည် သူ့အတွက်အရေးမပါလျှင် လေချွန်ရုံပင် ဝန်လေးသည့်လူဖြစ်ကြောင်း သင်္ကေတ ကောင်းစွာသိပါ၏။

"သူငယ်ချင်းပါ အစ်ကို။ ဘာဖြစ်လို့လဲ?"

"ကိုယ် . . . ဟိုးလွန်ခဲ့တဲ့ငါးနှစ်ကတည်းက ရင်ခုန်ရတဲ့ မိန်းကလေးဆိုတာ အဲ့ဒီတစ်ယောက်ပဲ သင်္ကေတ"

မရှက်တမ်းဝန်ခံလိုက်သည့် ထက်ဝန်းကျင်စကားက သူ့ကို ခေါင်းဖြတ်ချလိုက်သလိုပင်။ အရှင်လတ်လတ် အသည်းများကို ထုတ်ယူလိုက်သလိုပင်။

"အစ်ကို ရင်ခုန်ခဲ့ရတဲ့သူက ရတီမှန်လား?"

လေးလံစွာမေးလိုက်သော စကားနှင့်အတူ သင်္ကေတမျက်ဝန်းတွင် မျက်ရည်စတို့ ခိုတွဲလာပါ၏။

"ဟုတ်တယ် သင်္ကေတ။ အစ်ကို အရူးအမူး တွယ်တာမြတ်နိုးနေရတဲ့မိန်းကလေးက သူပဲ။ ရတီမှန်ဆိုတာ သူ့နာမည်လား?"

"ဟုတ်ပါတယ်"

"ရတီမှန်တဲ့လား?"



လေးပင်စွာရွတ်လိုက်သည့် ထက်ဝန်းကျင်၏မေတ္တာမှာလည်း ရတီမှန့်အပေါ်တွင် ဘယ်လောက်လေးနက်ကြောင်း ယောကျ်ားအချင်းချင်း သင်္ကေတရိပ်မိပါ၏။

"ရတီမှန်နဲ့မင်းက တကယ်ပဲ သူငယ်ချင်းတွေနော်"

"ဟုတ်ပါတယ် အစ်ကို"

သင်္ကေတ ရတီမှန့်ကိုချစ်ပါ၏၊ လွန်စွာချစ်ပါ၏။ တစ်ခါဖူးမှလည်း ထိုသို့မချစ်ဖူးပါ။ သို့သော် ထက်ဝန်းကျင်တို့မိသားစုက သူ့မိသားစုအပေါ်တွင်တင်နေသည့် ကျေးဇူးတရားများကို အချစ်တစ်ခုကြောင့် သူ မျက်ကွယ်မပြုရဲပါ။ သူ့ကို ပျော့ညံ့သည်ပဲဆိုဆို ထက်ဝန်းကျင်၏ တက်ကြွလွန်းနေသောအချစ်များကို သူ တစ်ထိုင်တည်း မသတ်ပစ်ရက်ချေ။

"ကိုယ့်ကို သူနဲ့နီးစပ်အောင် ဖန်တီးပေးပါလား သင်္ကေတ။ ကိုယ် ကျေးဇူးမမေ့ပါဘူး"

ကျေးဇူး။ သူအလွန်ကြောက်ရွံ့သည့် စကားလုံးပင်။ ထိုကျေးဇူးဆိုတာကို သိတတ်မှုကြောင့် သင်္ကေတနှလုံးသားက ကြိုးစင်ကို ရဲရဲကြီးတက်ပါတော့မည်တဲ့။ သေမည်ဆိုလည်း သေစေတော့။ သို့သော် သူ့ကြောင့် သူ့ဖေဖေ တမလွန်တွင် မျက်နှာငယ်ရသည့်အဖြစ်မျိုး သူမလုပ်ရဲချေ။ လက်ရှိ သူ့မေမေရဲ့ကုန်ကျသမျှဆေးဖိုးများကို ထက်ဝန်းကျင်က မညည်းမညူပေးနေသည်ပဲ မဟုတ်ပါလား။

"အခုလာမယ့် Valentine day မှာ ရတီမှန်က သူ့ချစ်သူကို ကန်ပေါင်ပေါ်မှာတွေ့ဖို့ ချိန်းထားတယ်တဲ့။ အဲ့ဒါ သူ့ချစ်သူမလာခင် အစ်ကို အရင်ရောက်အောင်သွားလိုက်ပါ။ နောက်ပြီး ကျွန်တော်ပြောတဲ့အဝတ်အစားတွေ ဝတ်သွားလိုက်ပါ။ အစ်ကို အဆင်ပြေမှာပါ"

"သူ့မှာ ချစ်သူရှိတယ်။ ဟုတ်လား သင်္ကေတ"

"ဟုတ်တယ်။ ဒါပေမဲ့ သူ့ချစ်သူက သူ့ကို အစ်ကို့လောက် ချစ်ပုံမပေါ်ပါဘူး။ သူ့ချစ်သူမှာ ထောက်ထားစရာကိစ္စတွေ အရမ်းများ



www.burmeseclassic.com

www.burmeseclassic.com

နေတယ်။ ဥပမာဆိုရင် သူချစ်သူက ရတီမှန့်အချစ်ထက် သူ့မိသားစု အရေးကို ပိုပြီးဦးစားပေးတတ်တယ်လေ"

သက်ေတသည် သူ့အကြောင်းကိုပင် သူပြောပြနေပါတော့သည်။ သူနှင့်ရတီမှန် ချစ်နေကြကြောင်းကိုတော့ သူ အပြီးတိုင် ဖုံးကွယ်လိုက်ပါတော့သည်။ အကယ်၍ သူတို့ချစ်နေကြကြောင်း ဖွင့်ပြောလိုက်ပါက ထက်ဝန်းကျင်နောက်ဆုတ်သွားမည်မှာ သေချာလွန်းပါ၏။

"သူ့ချစ်သူက ဘယ်သူလဲ သက်ေတ"

"သူ့အဆောင်ရှိတဲ့ ရပ်ကွက်ထဲမှာပဲ နေတာပါ"

"ချစ်သူရှိတဲ့သူ့ကို အစ်ကိုကြိုးစားတာဟာ လူ့ကျင့်ဝတ်ကို ဖောက်ဖျက်သလိုများ ဖြစ်နေမလား?"

"မဖြစ်လောက်ပါဘူး။ အစ်ကို့အချစ်တွေက ဖြူစင်လွန်းတယ်လေ။ ဒါကို ရတီမှန် သိကောင်းသိမှာပါ။ တကယ်လို့ အစ်ကို့အချစ်ကို ရတီ မှန်လက်ခံလိုက်ရင်တော့ အစ်ကို့အတွက် ဘာမှစိတ်ပူစရာမရှိတော့ဘူးပေါ့။ တကယ်လို့ သူ့ချစ်သူကိုပဲ သူဆက်ချစ်နေသေးတယ်ဆိုရင်တော့ အစ်ကိုနောက်ဆုတ်ရလိမ့်မယ်"

"အစ်ကို့အချစ်က အရမ်းစစ်မှန်တယ် သက်ေတ။ အစ်ကို့အချစ်တွေက သူ့ကို ကောင်းကောင်းကြီး သိမ်းသွင်းနိုင်လိမ့်မယ်လို့ အစ်ကိုယုံတယ်"

ပွဲမစခင်ကတည်းက သူဆက်ကရမည့် ဇာတ်ဝင်ခန်းမပါတော့မှန်း သက်ေတသိနေပါ၏။ ချစ်သူရည်းစားကိုယ်တိုင်ကိုက တခြားသူလက်ထဲကို ကျေးဇူးဆိုသည့် စိတ္တနောသက်သက်ကြီးကို ထောက်ထားပြီး ရောင်းစားခံလိုက်ရသောရတီမှန်ကို သက်ေတ လွန်စွာသနားမိသော်လည်း သူ့တွင် တခြားနည်းလမ်းမရှိချေ။

❀ ❀ ❀

"မနက်ဖြန် Valeintine day မှာ မောင့်ကို မှန် လက်ဆောင်တစ်ခု ပေးမယ်"

"ဘာလက်ဆောင်လဲ မှန်"

"အဲ့ဒီတော့မှ မောင်ကြည့်တော့။ မှန် မပြောချင်ဘူး။ ရှက်တယ်"

သူ့အကြံအစည်တစ်ခုကိုမျှ မသိရှာသော သူမကိုကြည့်ပြီး သူ လွန်စွာ သနားမိပါ၏။ သို့သော် အချစ်နှင့်ကျေးဇူးဆပ်မည့် အစီအစဉ်ကိုတော့ သူနောက်ဆုတ်ရန် အနည်းငယ်မျှပင် မစဉ်းစားဖူးချေ။

"မောင် မနက်ဖြန်မနက် အပြာရောင်ရှပ်အင်္ကျီနဲ့ စတိုင်ဘောင်းဘီ အဖြူရောင်ဝတ်ပြီး ကန်ပေါင်မှာစောင့်နေမယ်။ မောင်တို့ထိုင်နေကျ နေရာလေးမှာနော်။ မှန် လာခဲ့ . . ."

"အင်း . . . လာခဲ့မယ်။ နောက်ပြီး လက်ဆောင်ယူဖို့လည်း ပြင်ဆင်ထားဦး"

"မှန် . . . နောက်မကျနဲ့နော်"

www.burmeseclassic.com

သူ့ရင်တွေ လေးလံနေသော်လည်း ချစ်သူလေးကို ကျေးဇူးအတွက် သူကိုယ်တိုင် ရောင်းစားလို့နေ၏။

"မှန့်ကို မောင်တကယ်ချစ်တာပါ"

သူ့လေးလေးပင်ပင်ဝန်ခံသည့် အချစ်စကားကို ရတီမှန် သံသယ ကင်းစွာဖြင့် နားထောင်ရင်း ပြုံးလို့နေ၏။



"မနက်ဖြန် ကန်ပေါင်မှာ အပြာရောင်အကျီနဲ့ စတိုင်ဘောင်းဘီ အဖြူကိုဝတ်ပြီး မနက် ၈ နာရီလောက် အရောက်သွားပါ အစ်ကို၊ အဲ့ဒီမှာ ရတီမှန်ရှိနေလိမ့်မယ်။ အစ်ကိုပြောချင်တာ ပြောလို့ရပါ တယ်"

ရင်ထဲမှအချစ်များကို မျက်ကွယ်ပြုပြီး သူကိုယ်တိုင်ဇာတ်ညွှန်းရေး၊ သူကိုယ်တိုင် ဒါရိုက်တာလုပ်မိနေပါ၏။

"တကယ်လား?"

သူ့ဇာတ်ညွှန်းကြောင့် အလွန်ပျော်ရွှင်သွားသူကတော့ ထက်ဝန်း ကျော်ပင်ဖြစ်ပါသည်။ မနက်ရုံးလာတုန်းက ရတီမှန့်ကို သူကိုယ်တိုင်ချိန်း ခဲ့ပြီး သူ့အစား ထက်ဝန်းကျော်ကို သူကိုယ်တိုင်ပင် လွှတ်မိပြန်၏။

"သေချာလို့လား သကော်တ"

"သူနဲ့သူ့ချစ်သူချိန်းနေတာ ကျွန်တော့်နားနဲ့ ဆတ်ဆတ်ကြားခဲ့တာ ပါ"

သူ့ပါးစပ်ကပင် ချိန်းပစ်ခဲ့သည်မဟုတ်ပါလား။

"သွားတာနဲ့ မင်းပြောတဲ့အဝတ်အစားကို ဘာအတွက်ဝတ်သွားရ မှာလဲ?"



www.burmeseclassic.com

www.burmeseclassic.com

"သူချစ်သူကိုလည်း အဲ့ဒီအဝတ်,ဝတ်ခဲ့ဖို့ သူမှာနေတာ အစ်ကို။ ရတီမှန်က အဖြူနဲ့အပြာကို အရမ်းကြိုက်တာ။ အဲ့ဒါကြောင့် တိုက်ဆိုင်မှုတစ်ခုဖြစ်အောင် ဖန်တီးပေးလိုက်တာပါ။ အစ်ကို့ကိုလည်း သူ ပို့ပြီး မှတ်မိသွားမှာပေါ့"

သူပြောသည့်အတိုင်း ထက်ဝန်းကျင် တစ်သဝေမတိမ်း လုပ်ခဲ့ပါသည်။ သို့သော် သူ့ဇာတ်ညွှန်းထဲတွင် ရတီမှန်က ထက်ဝန်းကျင်ကို နမ်းလိုက်သည့် Scene တော့မပါချေ။

ရတီမှန်ကိုယ်တိုင် စိတ်လိုလက်ရပေးလိုက်သည့် Valentine present က အနမ်းတစ်ခုဖြစ်နေမှန်းကို သင်္ကေတ မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရချိန်တွင် မျက်ရည်ပိုးပိုးပေါက်ပေါက်ကျရင်း ငိုနေမိပါတော့သည်။ သို့သော် သူ ထိုဇာတ်ကြီးကို ဆက်ကနေဦးမည်ပင်။

ထိုနည်းတူစွာ သူမ၏မွေးနေ့ရက်များ၊ သူမ၏အလေ့အထများ၊ သူမ၏လိပ်စာတို့ကို သူကိုယ်တိုင် ထက်ဝန်းကျင်ကို သတင်းပေးခဲ့ပါတော့သည်။



တာဝန်ယူမည်ဆိုသောကတိအရ ဒေါ်စိန်ခြယ့်အသုဘကိစ္စတွင် အားလုံးကို ကိုယ်ဖိရင်ဖိကူညီခဲ့သော်လည်း ရတီမှန်ကိစ္စနှင့်ပတ်သက်ပြီးတော့ သင်္ကေတကို သူ လုံးဝမကျေနပ်။ သင်္ကေတနှင့် ရတီမှန်သာ ချစ်ကြိုက်နေခဲ့သည်ကို သူသိနေခဲ့လျှင် သူအောက်တန်းကျကျ ရှေ့ဆက်တိုးလိမ့်မည်မဟုတ်။ အခုတော့ သင်္ကေတက သူနှင့်ရတီမှန်ကို ကောင်းစွာအကွက်ရွှေ့ပြီး ကစားလို့နေ၏။

သူ အသုဘကိစ္စကိုကူညီသော်လည်း သင်္ကေတနှင့်တော့ စကားသိပ်မပြောမိ။ မေးထူးခေါ်ပြောလောက်သာ။ ထို့အပြင် မိခင်နာရေးကြုံနေရသော သင်္ကေတကို သူ ထိုကိစ္စများပြောပြီး အနာထပ်မပေးချင်တော့။ ထို့အပြင် ထိုရက်များတွင်လည်း ရတီမှန်သည် လားလားမှပေါ်မလာချေ။ အသုဘကိုပင် ရောက်မလာ။

သူ ရတီမှန့်ကို လွန်စွာသတိရသော်လည်း သွားမတွေ့မိအောင် သူ့ကိုယ်သူ ထိန်းထားလိုက်ပါ၏။ ရတီမှန့်ချစ်သူမှာ သင်္ကေတဖြစ်နေကြောင်း သိလိုက်ရသောကြောင့် စည်းမဖောက်မိအောင် ထိန်းသိမ်းနေရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူနှင့် သကော်တရပ်နေသည့် မျက်နှာချင်းဆိုင်တွင်ရှိသော ကန်ရေပြင်ကြီးက ငြိမ်သက်နေသော်လည်း သူတို့၏ရင်ထဲတွင်တော့ အချစ်ကြောင့် ခံစားချက်များ ဗလောင်ဆူနေကြပါတော့သည်။

"မေမေ့ရက်လည်လည်း ပြီးသွားပါပြီ။ ဒီတော့ မုန့်ကိစ္စကို အစ်ကို ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း တိုင်ပင်လို့ရပါပြီ"

ညှေးအေးအေးနှင့် သူ့ကို သကော်တကပြော၏။ သူ ထိုအခါမှ အစော်ကားခံလိုက်ရသည့် ရတီမုန့်အပြက်ရယ်၊ အလှည့်စားခံလိုက်ရသည့် သူ့အချစ်အတွက်ရယ် သကော်တ၏မျက်နှာကို ထိုးလိုက်မိပါသည်။

"ခွပ် . . ."

"အ . . ."

သကော်တ နောက်သို့ လဲကျသွား၏။

"ထိုးချင်သေးလား အစ်ကို၊ ထပ်ထိုးပါ"

"တိတ်စမ်း . . . သကော်တ။ မင်းစိတ်ကြိုက်လှည့်စားခဲ့လို့ မင်းကို မကျေနပ်ပေမယ့် ဘာ့ကြောင့် မင်းဒီလိုလုပ်မှန်းကို ငါဘယ်လိုမှ အဖြေမဖော်တတ်ဘူးဖြစ်နေတယ်"

သကော်တ လူးလိမ့်ကာ ပြန်ထလိုက်ပါသည်။



"အဲ့ဒီအဖြေ ကျွန်တော်ကိုယ်တိုင်ပေးပါ့မယ်။ ဘယ်လိုမှဆက်လို့ မကုန်တဲ့ အစ်ကိုတို့မိသားစုအပေါ်တင်နေတဲ့ ကျေးဇူးအကြွေးတွေအတွက် ကျွန်တော့်အချစ်ကိုစတေးပြီး ဆပ်လိုက်တာပါ"

"မင်းကို ကျေးဇူးအကြွေး ဘယ်သူတောင်းသလဲ။ မင်းလုပ်တာနဲ့ ငါက အဆင့်အတန်းမဲ့တဲ့လူတစ်ယောက်ဖြစ်နေပြီ။ မင်းကို ကျေးဇူးအတွက် အချစ်ကိုမြေမြှုပ်ပစ်ပါလို့ ငါတောင်းဆိုမိလို့လား?"

ထက်ဝန်းကျင် ဒေါသထွက်လွန်း၍ အသားတဆတ်ဆတ်တုန်ရင်း မျက်ရည်ဝဲနေမိပါတော့သည်။

"မတောင်းဆိုပါဘူး အစ်ကို။ ဒါပေမဲ့ ကျွန်တော် နားလည်သင့်တယ်လေ"

"မင်းငကြောင်ပဲ သကော်တ။ မင်း တကယ့်ကိုငကြောင့်ပဲ။ မင်း အဲ့လိုလုပ်တိုင်း ကျေးဇူးဆပ်ရာကျတယ်လို့ ထင်လား?"

"ကျွန်တော် ကျေးဇူးကို တတ်နိုင်တဲ့နည်းနဲ့ဆပ်တာပါ အစ်ကို"

"မင်းက ကျေးဇူးဆပ်တာမဟုတ်ဘူး။ စော်ကားတာကွ . . . စော်ကားတာ။ မင်းတို့မိသားစုအပေါ်ထားတဲ့ ငါ့စေတနာ၊ မေတ္တာ၊ နောက်ပြီး မင်းအပေါ်ထားတဲ့ ရတီမုန့်အချစ်တွေ၊ အဲ့ဒါတွေအကုန်လုံးကို မင်း တစ်ချီတည်းနဲ့ စော်ကားလိုက်တာ"

"ဗျာ . . .?"

မထင်မှတ်ဘဲကြားလိုက်ရသည့် စကားများကြောင့် သကော်တ အသက်မဲ့သလို ခံစားလိုက်ရ၏။

"ကျေးဇူးပြန်ဆပ်ရမယ်လို့ ရည်ရွယ်ပြီး မင်းကို ငါ့ဖေဖေက စောင့်ရှောက်ခဲ့တာမဟုတ်ဘူး။ နောက်ပြီး ငါကလည်း မင်းဆပ်မယ့်ကျေးဇူးကို မျှော်ကိုးပြီး မင်းကို ညီအရင်းတစ်ယောက်လို သဘောထားခဲ့တာမဟုတ်ဘူး"

"အစ်ကို . . . ကျွန်တော် မှားသွားပြီလား?"



www.burmeseclassic.com

www.burmeseclassic.com

"သေစမ်းကွာ။ နောက်ပြီး ရတီမှန်။ အမှန်အတိုင်းပြောရရင် သူ ငါ့အပေါ်မှာ ရင်ခုန်တယ်သင်္ကေတ။ ဒါပေမဲ့ မင်းကိုချစ်မိပြီးပြီဆိုတဲ့အသိကြီးနဲ့ သူ့ကိုယ်သူ အရမ်းစည်းစောင့်ခဲ့တဲ့မိန်းကလေး။ သူ့အချစ်ကို မင်းမို့ စော်ကားရက်တယ်ကွာ"

ထက်ဝန်းကျင် သင်္ကေတကို အတော်ပင် စိတ်ပျက်နေမိပါတော့သည်။

"မင်းလုပ်ရပ်တွေက အရမ်းကိုမိုက်ရိုင်းလွန်းတယ် သင်္ကေတ။ နောက်ပြီး ငါ့ကိုယ်ကျင့်တရားကိုလည်း စော်ကားတယ်"

"ကျွန်တော် တောင်းပန်ပါတယ်အစ်ကို"

"မရတော့ဘူး သင်္ကေတ။ ပန်းကန်တစ်ချပ်က ကွဲပြီးလို့ ပြန်ဆက်ရင် အက်ကြောင်းရာကြီးရှိနေတယ်။ ငါမင်းကို တော်တော့်ကိုစိတ်ပျက်သွားပြီ"

ထက်ဝန်းကျင် စိတ်ပျက်စွာ သက်ပြင်းတစ်ခု ချလိုက်မိပါသည်။

"မင်းကို ငါတို့မိသားစုက ပညာလည်းစုံအောင် သင်ပေးပြီးပါပြီ။ ဒီတော့ မင်းကို ငါ့ကတိအတိုင်း Company က ရှယ်ယာ 10% ကို ဒီလကုန်တာနဲ့ပေးမယ်။ မင်းလမ်းကို မင်းဆက်လျှောက်ပါတော့။ ငါတို့ရေစက်က ဒီမှာပဲ အဆုံးသတ်သွားပြီ သင်္ကေတ"

ထက်ဝန်းကျင်ပြောပြီး ထိုရေကန်လေးအနားမှ လှည့်ထွက်ခဲ့လိုက်ပါသည်။ ထို့နောက် သူ့ကားလေးကို သင်္ကေတနှင့်ဝေးရာသို့ မောင်းနှင်လိုက်ပါတော့သည်။ သင်္ကေတလုပ်ရပ်များ မထင်မှတ်ဘဲ အတော်ပင် ဆိုးရွားခဲ့ပါတော့သည်။



ရတီမှန့်ကို လွန်စွာသတိရနေသော ထက်ဝန်းကျင်သည် ရတီမှန် ရှိရာအဆောင်သို့ ရောက်မလာသော်လည်း သင်္ကေတကတော့ ရတီမှန့်ကိုတောင်းပန်ဖို့ အဆောင်သို့ ရောက်လာခဲ့ပါသည်။ သူမ အဆောင်ဧည့်ခန်းမှာပင် သူ့ကို ဧည့်ခံလိုက်ပါသည်။

"မောင် . . . လာတောင်းပန်တာပါ"

"မတောင်းပန်ပါနဲ့ သင်္ကေတ။ ကျွန်မလည်း ကိုထက်ဝန်းကျင်ကို ရင်ခုန်သံစစ်စစ်များနဲ့ ချစ်ခဲ့မိပါတယ်"

"ဗျာ . . .?"

"အဲ့ဒါ သူ့ကြွယ်ဝမှုကြောင့်မဟုတ်ဘူးနော်၊ သူ့အချစ်ကြောင့်။ သူ့ကိုတွေ့တိုင်း ရင်ခုန်မိတဲ့ ကျွန်မကိုယ်ကျွန်မ မုန်းမိတယ်။ ဒါပေမဲ့ အခုတော့ ကျွန်မရင်ခုန်သံတွေကို လွတ်လပ်ခွင့်ပေးလိုက်လို့ရပြီပေါ့"

"မောင် တောင်းပန်ပါတယ်မှန်ရယ်။ တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"တျွန်မကို ရှင်တောင်းပန်စရာမလိုပါဘူး။ ကျွန်မက ရှင်နဲ့ချစ်သူဖြစ်နေတဲ့အချိန်ကတည်းက ကိုထက်ဝန်းကျင်ကို ရင်ခုန်မိတဲ့အတွက် ရှင့်ကိုတော်တော်လေးကို အားနာခဲ့ရတယ်၊ သနားခဲ့ရတယ်။ အဲ့ဒီ ရင်ခုန်သံတွေကြောင့် ရှင့်မျက်နှာကို တစ်ခါ,ခါမကြည့်ရဲခဲ့ဘူး"

"မောင် ကျေးဇူးတွေကို မတော်လှန်နိုင်ဘူး။ အဲ့ဒါကြောင့် မွေးနေ့မှာတုန်းက ဘုရားမှာဆုတောင်းတာ။ နောက်ပြီး မုန့်ကို သူ့ဆီတွန်းပို့ပေးခဲ့ပေမယ့်လည်း မုန့်စိတ်တွေ သူ့ဆီရောက်သွားမှာ မောင်အရမ်းကြောက်ခဲ့ရပါတယ်"

"ရှင်က ကျေးဇူးကြောင့် ကျွန်မကို ကိုထက်ဝန်းကျင်ဆီမှာရောင်းစားခဲ့တယ်။ ဒီတော့ ကျွန်မတို့အချင်းချင်း ကြေသွားပါပြီ။ ကျွန်မ ရှင့် အပေါ်မှာ အကြွေးမရှိတော့ဘူးပေါ့"

သူမစကားလုံးများက လွန်စွာ ပြတ်သားလွန်းနေ၏။

"မုန် ဘာကိုရည်ရွယ်တာလဲ?"

"ရှင်က လူပီသတယ်။ ဒါပေမဲ့ ချစ်သူမပီသဘူး သင်္ကေတ။ ရှင့်ကိုပြတ်စဲတာ ကျွန်မတရားတယ် သင်္ကေတ"

သူ သက်ပြင်းချလိုက်ပါသည်။

"ကျွန်မအပေါ်ကျူးလွန်ထားတဲ့ ရှင့်အမည်းစက်။ ရှင်ရှိရက်နဲ့ ကိုထက်ဝန်းကျင်ကိုရင်ခုန်မိတဲ့ ကျွန်မအမည်းစက်။ အဲ့ဒီနှစ်ခုကို သင်ပုန်းချေပြီး ကျွန်မတို့ အေးအေးချမ်းချမ်း လမ်းခွဲလိုက်ကြမယ်လေ။ အဲ့ဒါ အရှင်းဆုံးပဲ"

"မောင့်အတွက် မုန်မရှိလို့မဖြစ်ဘူးလေ။ မုန်သိပါတယ်"

"အချစ်ကိုတန်ဖိုးမထားတတ်တဲ့ ရှင့်အနားကိုလာခဲ့ဖို့ ကျွန်မမှာ သတ္တိတွေမရှိတော့ဘူး သင်္ကေတ။ ကျွန်မ ဟိုးအရင်ကတည်းက ဆုံးဖြတ်ထားတာက တစ်ခါချစ်ပြီးရင် နောက်ဘယ်တော့မှ မပြောင်းလဲတော့ဘူးပေါ့။ အခု ကျွန်မ ကိုထက်ဝန်းကျင်ကို ချစ်မိသွားခဲ့ပြီ။ ပြောင်းလဲလို့မရတော့ဘူး"



သူမ ပြတ်သားစွာပြောပြီး အဆောင်အပေါ်ထပ်သို့ တက်ခဲ့လိုက်ပါတော့သည်။

မိန်းကလေးတိုင်း တကယ်ချစ်မိပြီဆိုမှ လူတစ်ယောက်ကို အဖြေပေးသင့်ကြောင်း သူမ ကောင်းစွာနားလည်လိုက်မိပါတော့သည်။ လွန်စွာများယွင်းသည့် အယူအဆကြီးတစ်ခုကြောင့် သူ့ကို ရတီမုန် ပြတ်သားစွာပင် ဒဏ်ခတ်လိုက်ပေပြီ။

ရတီမုန့်ဆုံးဖြတ်ချက်ကြောင့် သူ့နှလုံးသားကြီးတစ်ခုလုံး တွင်းနက်နက်ထဲသို့ ပြုတ်ကျသွားရပါတော့၏။ ထိုတွင်းနက်နက်ထဲမှ သူ့နှလုံးသားငိုကြွေးနေသံကို ဘယ်သူမှ သတိထားမိမည်မဟုတ်တော့ချေ။ တွင်းနက်နက်၏ငိုကြွေးသံ တဖြည်းဖြည်း ကျယ်လောင်လို့လာပါသည်။ နောက်ဆုံး သူ့ပါးပြင်ပေါ်သို့ပင် မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျဆင်းခဲ့ရပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## တွင်းနက်နက်၏ ငိုကြွေးသံ

အနမ်းတစ်ခုနဲ့စမိသော တွေ့ဆုံမှုလေးက
သချာနိုင်မာသော ဘဝတစ်ခုသို့
မလှည့်ပြောင်းမီ
အားလုံးရဲ့လှည့်ကွက်အတွင်း
မှုးရင်း၊ မောရင်း
လန့်ရင်း၊ ကြောက်ရင်း
တကယ်အရှုးစစ်စစ်က ဘယ်သူပါလိမ့်။
မြစ်ရေလှိုင်လှိုင်စီးနေသော်လည်း
ငါမပျော်ဝင်ရဲသေးဘူး။
ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နေတုန်း
သစ္စာဆိုတာ တကယ်ချိုမြိန်ပေမယ့်
တစ်ခါခါလည်း ခါးသက်တတ်၏။
ခါးသက်တဲ့ သစ္စာတွေကြောင့်
ငါကိုယ်တိုင်တူးတဲ့ တွင်းနက်နက်ထဲမှာ
နင် တစ်သက်လုံးငိုကြွေးပေတော့။
ကြာရင်တော့ . . .
တွင်းနက်နက်ရဲ့ငိုကြွေးသံကို
တစ်စုံတစ်ယောက်ကြားမိပြီး
နင့်ကို သနားကောင်းသနားနိုင်ပါရဲ့။

ㅈ ㅈ ㅈ



နေ့ရက်များ တဖြည်းဖြည်းနှင့်တိုက်စားရင်း အချိန်ကို ကုန်ဆုံးခဲ့လေပြီ။ သို့သော် သူမ ထက်ဝန်းကျင်ကို တစ်မိနစ်လေးမျှ မမေ့ခဲ့ပေ။ သူမထံသို့ ထက်ဝန်းကျင် ရောက်မလာတော့။ သူမလည်း ထက်ဝန်းကျင်ကို ဆက်သွယ်ရန် အနည်းငယ်မျှပင် မကြိုးစားမိ။

သူမ အလုပ်တစ်ခုလည်း ပြန်ပြောင်းလိုက်လေပြီ။ ထို့ကြောင့် သူနှင့်တွေ့ဖြစ်ဖို့ အကြောင်းမဖန်တော့။ ယနေ့ အလုပ်ပိတ်ရက်ဖြစ်ပါ၏။

သူမ တစ်ယောက်တည်း။ သူ့ကို လွန်စွာသတိရနေမိပါ၏။ သူမကို သူငေးကြည့်နေခဲ့စဉ်က သတိထားခဲ့မိလျှင်ဆိုသည့် အတွေးကြီး သူမ ခေါင်းထဲတွင် ကြီးစိုးလို့နေ၏။

ရည်ရွယ်ချက်မဲ့ သူမခြေလှမ်းများက သူမကို ထို Jewel Mart လေးဆီသို့ ခေါ်ဆောင်သွားခဲ့ပါသည်။ တစ်ခါက သူမငေးကြည့်ခဲ့မိသော လက်စွပ်လေး မရှိတော့သည့်မှန်ပုံးလေးကို ငေးကြည့်နေမိပါသည်။ လက်စွပ်လေးကိုတော့ ညာဖက်လက်သူကြွယ်တွင် သူမကိုယ်တိုင် နေရာပေးထားမိပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟိုးအရင်တုန်းကလို လက်စွပ်လေးလည်း အဲ့ဒီမုန့်ပုံးထဲပြန်ရောက်၊ ငါလည်းငေးကြည့်ပြီး ငါ့ရဲ့ညာဖက်ကို လှည့်ကြည့်။ ငါ့ကိုငေးနေတဲ့သူ့ကိုတွေ့၊ ပြီးရင် ငါ့ရင်တွေခုန်။ ပြီးတော့ သူဖိတ်တဲ့ကော်ဖီဆိုင်ကိုလိုက်သွား။ သူ့ချစ်ရေးဆိုတာတွေကို မငြင်းပဲနဲ့ခေါင်းညိတ်"

သူမပြောရင်း မျက်ရည်ဝဲရပါ၏။

"ကိုထက်ဝန်းကျင်ရယ် . . . ခဏလောက်ဖြစ်ဖြစ် ကျွန်မအနားကို ပြန်လာပါလား"

ရင်နင့်စွာ တမ်းတလိုက်မိပါသည်။

"တကယ်လို့ ကိုယ်ရောက်လာရင် ကိုယ့်ကို အပြစ်တင်ဦးမှာလား ရတီမှန်"

မထင်မှတ်စွာ ကြားလိုက်ရသည့် ရင်းနှီးသည့်အသံသည် သူမနောက်ကျောမှ ထွက်ပေါ်လာပါ၏။ သူမကို သူပြုံးလျက် ငေးကြည့်နေ၏။

"ကိုထက်ဝန်းကျင်"

နေ့စဉ်နေ့တိုင်း Jewel Martသို့ သူ ပုံမှန်ပြန်ရောက်ဖြစ်နေပါသည်။ သူမကို နေ့တိုင်းလိုလို မျှော်ကြည့်နေမိပါသည်။ တစ်ရက်ရက်လောက် လာလိမ့်မည်ဆိုသော သူ့မျှော်လင့်ချက်မှာ ခိုင်မာလွန်းနေ၏။

"ကိုယ် မျှော်ရကျိုးနပ်ပြီပေါ့"

"ရှင် လှည်ကွက်တွေနဲ့သိမ်းသွင်းပြီး ဘာဖြစ်လို့ ကျွန်မအနားက ပျောက်သွားရတာလဲ?"

"ကိုယ် လှည့်ကွက်တွေနဲ့ သိမ်းသွင်းခဲ့တာမဟုတ်ပါဘူး။ ကိုယ့်အချစ်တွေနဲ့ သိမ်းသွင်းခဲ့တာပါ။ နောက်ပြီး လှည့်ကွက်တွေကို ကြိုးကိုင်နေတာ ကိုယ်မဟုတ်ဘူးလေ။ မင်းရဲ့ချစ်သူက သကော်တမှန်းကိုယ် တကယ်မသိရိုးအမှန်ပါကွာ။ ယုံပါ"



တောင်းပန်သည့် သူ့မျက်ဝန်းများက တကယ့်သနားစရာဝင်။ သူ့ကြောင့်ဖြစ်ပေါ်သည့် သူမရင်ခုန်သံများ လတ်ဆတ်စွာပင် နိုးကြွလာပြန်၏။

"ကျွန်မကို သကော်တပြောတဲ့အတိုင်း ချဉ်းကပ်ခဲ့တာကိုတော့ ရှင်ဝန်ခံတယ်မဟုတ်လား?"

"ဝန်ခံပါတယ်။ အဲ့ဒီအတွက် ကြိုက်သလိုအပြစ်ယူပါ"

"ရှင့်ကိုရိုက်ချင်တယ်"

"ပါးကိုလား?"

သူမ သူ့ပါးကိုရိုက်ရန် လက်မရဲချေ။ ကိုယ်ချစ်တဲ့လူတစ်ယောက်၏ပါးကို ရိုက်ရသည်မှာ လွန်စွာ ခက်ခဲလှ၏။

"ဟင့်အင်း၊ လက်မောင်းကို"

"ဘယ်နချက်လဲ?"

"ရှစ်ချက်၊ ဆယ်ချက်လောက်ပေါ့"

"ရိုက်လေ။ ဒါပေမဲ့ အခု ပတ်ဝန်းကျင်မှာ လူတွေသွားနေတယ်။ ကိုယ့်ကိုရိုက်လို့ မင်းအရှက်ရနေပါဦးမယ်"

"ရပါစေ"

"ဒါဆိုရိုက်"

သူ ပြောပြောဆိုဆိုနှင့် သူမအရှေ့တွင် ကိုယ်လေးကိုကိုင်းပေးပါ၏။ တကယ်တော့ သူမ သူ့ကို မရိုက်ရက်တော့ပါ။ သူမအနားမှ ကိုယ်ယောင်ဖျောက်ထားသည့်အတွက်တော့ အရေးယူချင်သေးပါ၏။ သူမလက်သီးဆုပ်ပြီး သူ့လက်မောင်းကို ထိုးလိုက်မိပါသည်။ တစ်ချက်၊ နှစ်ချက်၊ သုံးချက်၊ ငါးချက်ခန့် သူမ ထိုးလိုက်မိပါသည်။

"တော်ပြီ . . ."

"ငါးချက်ပဲ ရှိသေးတယ်။ ကျေနပ်လို့လား?"



www.burmeseclassic.com

www.burmeseclassic.com

မိန်းမတစ်ယောက်၏ ထိုးရိုက်ခြင်းကိုခံနေသော သူ့ကို ပတ်ဝန်းကျင်မှလူများ ကွက်ကြည့်ကွက်ကြည့် လုပ်နေကြပါသည်။ သူကတော့ မရှက်ချေ။ သူမ ထိုးရိုက်နှက်မှုကိုပင် ကျေနပ်နေသေး၏။

"မကျေနပ်သေးဘူး။ ရှင့်ကို တွန်းချလိုက်ချင်သေးတယ်"

"အင်း . . . ဒါဆိုလည်း . . ."

သူမ တွန်းချနိုင်ရန် မားမားရပ်ပေးလိုက်ပြန်၏။ သူမ မျက်စိစုံမှိတ်ပြီး သူ့ကို တွန်းချလိုက်ပါသည်။ သူ အနောက်သို့ ခြေလှမ်းငါးလှမ်းခန့် ဆုတ်လိုက်ရ၏။

"ကျေနပ်ပြီလား ရတီမှန်"

"ရှင် . . . ဘာဖြစ်လို့ ကျွန်မအနားက ပျောက်သွားရတာလဲ?"

"မပျောက်ပါဘူး။ ကိုယ်နေ့တိုင်း ဒီကိုလာလာပြီး မင်းကိုမျှော်နေပါတယ် ရတီမှန်"

သူမအနားသို့ သူလှမ်းလာပါ၏။

"အခု မင်းရဲ့ရင်ခုန်သံတွေကို လွတ်လပ်ခွင့်ပေးလိုက်ပါတော့နော်။ မင်းရဲ့အချစ်တွေကို နှုတ်ကဝန်ခံလိုက်ပါတော့ ရတီမှန်ရယ်"

သူမကို ရွှန်းရွှန်းစားစားကြည့်ပြီး သူ တောင်းဆိုလိုက်ပါသည်။

"ကျွန်မအချစ်တွေကို ရှင် ကောင်းကောင်းကြီး သွေးဆောင်လိုက်နိုင်ပါတယ်။ တကယ်တော့ ရှင့်ကိုစတွေ့ပြီး နမ်းလိုက်မိကတည်းက ကျွန်မ ရင်ခုန်ခဲ့မိတာပါ ကိုထက်ဝန်းကျင်"

မဖုံးကွယ်တမ်းဝန်ခံရရင် သူမသည် သူ့ကိုနမ်းလိုက်တုန်းကတည်းက စတင်ချစ်ခဲ့မိသွားသည်ပင်။ သူမ သူ့ကိုရိုက်တုန်းက ပတ်ဝန်းကျင်ကို ဂရုမစိုက်ခဲ့သလို ယခုလည်း ပတ်ဝန်းကျင်ကို ဂရုမစိုက်တော့ဘဲ သူ့ရင်ခွင်ထဲသို့ နိုဝင်လိုက်ပါတော့၏။

"ဟိုးအရင်စတွေ့ကတည်းက ရှင့်ကိုချစ်ခဲ့မိပါတယ် ဝန်းကျင်ရယ်"

သူ ကျေနပ်စွာ ပြုံးလိုက်စဉ်ဝယ် ကောင်းကင်တွင် နေ့ခင်းကြောင်တောင် ကြယ်ပွင့်များ လင်းလက်သွားပါလေတော့သည်။



စိတ်ကူးယဉ်ဆန်ဆန်
မင်းနဲ့ဘဝ အဆုံးသတ်ဖို့
မျက်စိတစ်မှိတ်အတွင်း
မင်းအတွက်တော့
အဆုံးမဲ့ ငါစောင့်စားနိုင်၏။
မမေ့မှိန်တော့မယ့် အချစ်တွေကို
မင်းသိလာမှာပါ။

How life goes by .......
In the blink of an eye.
For you, I shall wait an eternity.
But my love will never fade, you will see .......

သင့်ရင်ထဲမှ "တစ်နေရာစာလေး" အတွက်